ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ပညာရှိတို့အားချစ်မြတ်နိုး၏**

အကြင်ပညာရှိတို့သည် သမထစျာန်၌ လေ့ကျင့်အားထုတ်ကုန်၏။ ကာမမှထွက်မြောက်မှု ကိလေသာငြိမ်းမှု၌ မွေ့လျော်ကုန်၏။ သစ္စာလေးပါးတရားကို ကောင်းစွာ သိကုန်သော လွန်ကဲသော သတိရှိကုန်သော ထိုပညာရှိတို့အား နတ်ပြဟ္မာတို့သည်လည်း ချစ်မြတ်နိုးကြကုန်၏။

ဗုဒ္ဓဝဂ်(ဓမ္မပဒ-၁၈၁)

၁၃၇၈ ခုနှစ် သီတင်းကျွတ်လဆန်း ၆ ရက်၊ သောကြာနေ့။ Friday , 7 October 2016 (၈၇၀၇)

# ပြည်ပနိုင်ငံရှိ မြန်မာသံရုံးများ၌ တာဝန်ထမ်းဆောင်မည့် သံအမတ်ကြီးများအား နိုင်ငံတော်သမ္မတ ဦးထင်ကျော် တွေ့ဆုံလမ်းညွှန်

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် အော်တဝါမြို့၊ နယူးဒေလီမြို့၊ ပရီတိုးရီးယားမြို့များရှိ မြန်မာသံရုံးများ၌ မြန်မာသံအမတ်ကြီးများအဖြစ်သွားရောက်တာဝန်ထမ်းဆောင်မည့် ကနေဒါနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်မျိုးထွန်း၊ အိန္ဒိယသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမောင်ဝေနှင့် တောင်အာဖရိကသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမြင့်ဆွေတို့အား ယနေ့နံနက် ၁၀ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သမ္မတရုံးခန်း၌ တွေ့ဆုံပြီး လိုအပ်သည့် မူဝါဒများကို လမ်းညွှန်မှာကြားသည်။

**(သတင်းစဉ်)**



နိုင်ငံတော်သမ္မတ ဦးထင်ကျော် ပြည်ပနိုင်ငံများရှိ မြန်မာသံရုံးများ၌ တာဝန်ထမ်းဆောင်မည့် သံအမတ်ကြီးများအား လမ်းညွှန်မှာကြားစဉ်။ (သတင်းစဉ်)



# မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များ ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၆**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အင်ဒိုနီးရှားနိုင်ငံသမ္မတ၏ အထူးကိုယ်စားလှယ်၊ နိုင်ငံပိုင်လုပ်ငန်းများဝန်ကြီးဌာန ဝန်ကြီး H.E. Ms. Rini Mariani Soemarno ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။**(ဓါတ်ပုံ)**

**ဆွေးနွေး**

တွေ့ဆုံစဉ် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများကိစ္စ၊ မြန်မာနိုင်ငံနှင့် အင်ဒိုနီးရှားနိုင်ငံတို့အကြား ကုန်သွယ်ရေး၊ ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးအပါအဝင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**









## သုံးသပ်ဆုံးဖြတ်ပေါင်းစည်းဆောင်ရွက်

မြန်မာနိုင်ငံအား တန်းတူနိုင်ငံများထက်ကျော်ဖြတ်ကာ အခြားဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံများနှင့်ရင်ပေါင်တန်းနိုင်အောင် ခေတ်အဆက်ဆက်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည်။ မျက်မှောက်ကာလတွင်လည်း ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အချိန်တိုကာလအတွင်း အလားအလာကောင်းများ မြင်တွေ့နေရသည်။ အချို့ကဏ္ဍများတွင် တိုးတက်မှုများရရှိနေသလို အချို့ကဏ္ဍများတွင် အားနည်းချက်များရှိနေသေးသည်။

မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ ကောင်းမွန်သောလူမှုဘဝတည်ဆောက်ရေးတို့ကို ဆောင်ရွက်ရာတွင် နယ်ပယ်ကဏ္ဍအချို့တို့၌ အားနည်းချက်များရှိနေသေးသည်မှာ အစဉ်အဆက်ကဲ့သို့ဖြစ်နေသေးသည်။ ဆက်စပ်ဆောင်ရွက်ရသော နယ်ပယ်ကဏ္ဍတို့၌ ဖြစ်ပေါ်နေသည့် အားနည်းချက်မှာ ပေါင်းစည်းဆောင်ရွက်တတ်သည့် အလေ့အထနည်းနေသေးသောကြောင့်ဟုဆိုနိုင်သည်။ လုပ်ငန်းသဘောအရ မိမိလုပ်ငန်းကို မိမိတို့ကိုယ်တိုင်ကောင်းမွန်အောင် ဆောင်ရွက်ရမည်မှန်သော်လည်း ဆက်စပ်ပတ်သက်ရာဝန်းကျင်တို့၏ အကျိုးသက်ရောက်မှုများကိုလည်း ထည့်သွင်းတွက်ချက်ရန် လိုအပ်မည်ဖြစ်သည်။

ကျယ်ဝန်းလာသောလူမှုဘဝနယ်ပယ်တွင် ပတ်သက်ဆက်နွယ်မှုများများပြားလာသောအခါ၌ ငါ့မြင်းငါစိုင်း ရှေးအစဉ်အလာများကို စွန့်ပယ်ကြရတော့မည်ဖြစ်သော်လည်း နယ်ပယ်အဖွဲ့အစည်းအချို့တွင် မိမိယုံကြည်ရာ၊ မိမိမှန်သည်ထင်ရာတို့ကို ဆက်လက်စွဲကိုင်နေကြသေးသည်ကို တွေ့ရသည်။ ပွင့်လင်းမြင်သာမှုနှင့်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြသောမျက်မှောက်ကာလတွင် မူဝါဒနှင့်လုပ်ငန်းစဉ်များကို အလွယ်တကူပြောင်းလဲဆောင်ရွက်ကြရာ၌ အကောင်းရောအဆိုးပါ ရောထွေးယှက်တင်ဖြစ်လာကြသည်ကို တွေ့ရသည်။ အချို့အဖွဲ့အစည်းများဆိုလျှင် မိမိတို့စိတ်ဆန္ဒကိုဦးစားပေးမိ၍ ပြဿနာများနှင့်ရင်ဆိုင်ကြုံတွေ့နေရသည်ကိုလည်း တွေ့ရသည်။

လူထုဗဟိုပြုသည့်ခေတ်ကာလတွင် စီးပွားရေးနှင့်လူမှုရေးလုပ်ငန်းစဉ်များမှာ အရေးကြီးလှသဖြင့် ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းရေး၊ ပြည်သူလူထု အနှောင့်အယှက်မဖြစ်စေရေးတို့ကို အလေးထားဆောင်ရွက်ကြရသည်။ မူဝါဒတစ်ခု၊ လုပ်ငန်းစဉ်တစ်ခုကို ပြောင်းလဲဖော်ဆောင်ရာတွင် အဓိကသက်ဆိုင်သော လုပ်ငန်းတစ်ခုတည်း၏အဆုံးအဖြတ်သည် အမှန်ကန်ဆုံးအဆင့်သို့ အပြီးတိုင်မရောက်နိုင်သောကြောင့် ပတ်သက်ဆက်နွယ်ရာ လူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံးတို့နှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ကောင်းမွန်သောရလဒ်တစ်ခုကို ဖော်ဆောင်သင့်သည်။

ဤမျှနှင့်လည်း မလုံလောက်သေးဘဲ လုပ်ငန်းစဉ်နှင့်ပတ်သက်ရာမြေပြင်အနေအထားနှင့် အခြေအနေမှန်ကို တစ်ဦးကောင်း၊ တစ်ဖွဲ့ကောင်းမဟုတ်ဘဲ ဆက်နွယ်ရာလူပုဂ္ဂိုလ်အဖွဲ့အစည်းအားလုံး ကွင်းဆင်းလေ့လာကာ ဟန်ကျပန်ကျဖြစ်မဖြစ်၊ လက်တွေ့ပေါင်းစည်းဆောင်ရွက်နိုင်ခြင်း ရှိမရှိ၊ ပြည်သူလူထုအကျိုးစီးပွားဖြစ်ထွန်းခြင်း ရှိမရှိတို့ကို အရာအားလုံးလွှမ်းခြုံသုံးသပ်အကဲဖြတ်ဆောင်ရွက်မှသာ လျော်ကန်သင့်မြတ်ကောင်းမွန်သော အခြေအနေတစ်ခုသို့ ရောက်ရှိနိုင်မည်ဖြစ်သည်။

ဥပမာအားဖြင့် မော်တော်ယာဉ်တင်သွင်းဆောင်ရွက်မှုလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် လူတန်းစားအများစု မော်တော်ယာဉ်ပိုင်ဆိုင်ခွင့်နှင့် စီးနင်းခွင့်များတိုးတက်ရရှိလာသော်လည်း နောက်ဆက်တွဲ အကျိုးဆက်အားဖြင့် ယာဉ်ကြောပိတ်ဆို့မှုဖြစ်ပေါ်ခြင်း၊ ယာဉ်ရပ်နားရန် နေရာများလိုအပ်လာခြင်း၊ ယာဉ်အန္တရာယ်များ ပိုမိုများပြားလာခြင်း၊ ပတ်ဝန်းကျင်လေထုညစ်ညမ်းမှု ဖြစ်ပေါ်ခြင်းအစရှိသည့် အကျိုးဆက်များကိုလည်း မူဝါဒနှင့်လုပ်ငန်းစဉ်မချမှတ်မီ ကြိုတင်တွက်ချက်ပြင်ဆင်ဆောင်ရွက်ထားသင့်သည်။ အခြားသော လူမှုစီးပွားကိစ္စရပ်များတွင်လည်း အလားတူပင် ဖြစ်သည်။

ထို့ကြောင့် မည်သည့်လုပ်ငန်းနယ်ပယ်တွင်မဆို ပြည်သူလူထုနှင့်ဆက်စပ်ပတ်သက်ပြီး လုပ်ကိုင်ဆောင်ရွက်ရသည့်လုပ်ငန်းများသာ ဖြစ်ကြသဖြင့် ထိုလုပ်ငန်းများအတွက် မူဝါဒနှင့်လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ရာတွင် ဘက်စုံကဏ္ဍစုံသုံးသပ်ဆုံးဖြတ် ပေါင်းစည်းဆောင်ရွက်ကြခြင်းသည်သာ မှန်ကန်ကောင်းမွန်သည့် တိုးတက်မှုကို ရရှိနိုင်လိမ့်မည်ဟု ရှုမြင်ပါသည်။ ။

## မလေးရှားနိုင်ငံမှ မြန်မာအလုပ်သမား ၁၃၇ ဦးအား MAI လေယာဉ်ဖြင့် ပြန်လည်ခေါ်ယူ

**ရန်ကုန် အောက်တိုဘာ ၆**

အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနသည် ရွှေ့ပြောင်းအလုပ်သမားစီမံခန့်ခွဲမှု လုပ်ငန်းစဉ်များအရ ပြည်ပအလုပ်အကိုင်အတွက် မြန်မာအလုပ်သမားများအား ပြည်ပသို့ စနစ်တကျစေလွှတ်လျက်ရှိသကဲ့သို့ ရွှေ့ပြောင်းအလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှု လုပ်ငန်းများကို ပြည်တွင်း၊ ပြည်ပ၌ ဆောင်ရွက်လျက်ရှိရာ အကြောင်းအမျိုးမျိုးကြောင့် ပြည်ပနိုင်ငံများမှ နေရပ်ပြန်မည့် အလုပ်သမားများအား ကူညီဆောင်ရွက်ပေးခြင်း၊ ရွှေ့ပြောင်းအလုပ်သမားများ ၎င်းတို့၏မိသားစုများနှင့် ပြန်လည်ပေါင်းစည်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းတို့ကို သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသားများအနက် မြန်မာနိုင်ငံသို့ပြန်ရန် လေယာဉ်စရိတ်မတတ်နိုင်သူ C of I ရရှိပြီးသည့် မြန်မာနိုင်ငံသား ၁၃၇ ဦးအား ပြည်ပတွင် အလုပ်လုပ်ကိုင်မှုကြီးကြပ်ရေးကော်မတီ၏ ကြီးကြပ်မှုဖြင့် Mother Trading and Construction Co., Ltd. နှင့် မိဘဂုဏ်ရည်အဖွဲ့သားများ၏ လှူဒါန်းမှုအရ မလေးရှားနိုင်ငံ ကွာလာလမ်ပူလေဆိပ်မှ မြန်မာအပြည်ပြည်ဆိုင်ရာလေကြောင်း MAI လေယာဉ်ဖြင့် ယမန်နေ့ညနေ ၆ နာရီခွဲတွင် (၁၁) ကြိမ်မြောက်အဖြစ် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိသည်။

အဆိုပါ မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသည့် အလုပ်သမားများအား Mother Trading and Construction Co., Ltd. နှင့် မိဘဂုဏ်ရည် အဖွဲ့သားများ၏ လှူဒါန်းမှုဖြင့် အလုပ်သမားတစ်ဦးလျှင် ကျပ်ငါးသောင်းစီ ထောက်ပံ့ကူညီပေးသည်။

ထို့အပြင် နေရပ်သို့ ချက်ချင်းပြန်နိုင်ခြင်းမရှိသူများကို ရန်ကုန်မြို့ ဗဟန်းမြို့နယ် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဓမ္မာရုံ၌ နေရာချထားပေးခဲ့ပြီး IOM အဖွဲ့မှ နေရပ်ပြန်ခရီးစရိတ်၊ အဝတ်အထည်၊ အသုံးအဆောင်ပစ္စည်းများနှင့် ဆေးဝါးပစ္စည်းများကို ထောက်ပံ့ကူညီပေးပြီး အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဝန်ထမ်းများက လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုကို ကူညီဆောင်ရွက်ပေးခဲ့သည်။

မလေးရှားနိုင်ငံ ထိန်းသိမ်းရေးစခန်းများမှ C of I ဖြင့် ပြန်လာသည့် အလုပ်သမားများအား နိုင်ငံတော်အစီအစဉ်ဖြင့် ယခုနှစ် ဩဂုတ် ၈ ရက်မှစ၍ ပြန်လည်ခေါ်ယူလျက်ရှိရာ ပထမ အကြိမ်မှ (၁၁) ကြိမ်မြောက်အထိ စုစုပေါင်း ၁၅၀၉ ဦး နှင့် ရင်ခွင်ပိုက်ကလေး လေးဦးတို့ကို ပြန်လည်ခေါ်ယူပေးပြီးဖြစ်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## ကလေးမြို့နယ်အတွင်း ဒေသခံတိုင်းရင်းသားများအတွက် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းက အနွေးထည်များလှူဒါန်း

**ကလေး အောက်တိုဘာ ၆**

ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအတွင်း လာနီညာရာသီဥတုကြောင့် အအေးလွန်ကဲနိုင်သော ဒေသများရှိ စစ်ဘေးရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၂၀၀၀၀၀ ကို ပြည်ပမှမှာယူခဲ့ပြီး သက်ဆိုင်ရာဒေသအသီးသီးသို့ လှူဒါန်းလျက်ရှိရာ အောက်တိုဘာ ၅ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့နယ်အတွင်း သွားလာရခက်ခဲသော နတ်နန်းကျေးရွာ၊ ဖောင်ကူးကျေးရွာ၊ အင်းစိန်ကျေးရွာ၊ အမျိုးသမီးဂေဟာနှင့် ချင်းလူမျိုးများနေထိုင်ရာ စည်သာကျေးရွာများရှိ ဒေသခံတိုင်းရင်းသားများအတွက် အနွေးထည် စုစုပေါင်း ၄၇၁ ထည်ကို ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းမှ တာဝန်ရှိသူ ကမ္ဘောဇဘဏ်လီမိတက် အထက်မြန်မာပြည်တာဝန်ခံ ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ ဦးတင်ထွန်း၊ အကြီးတန်းအထွေထွေမန်နေဂျာ ဦးစိုးတင်မောင်ဇော်နှင့် ဖောင်ဒေးရှင်းအဖွဲ့ဝင်များသည် ကလေးလွင်ပြင်ကူညီထောက်ပံ့ရေး အဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ကျေးရွာနေအိမ်များထိ သွားရောက်လှူဒါန်းခဲ့သည်။



ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်းသည် စက်တင်ဘာ ၁၇ ရက်တွင် ကရင်ပြည်နယ်မြိုင်ကြီးငူဒေသရှိမဲသဝေါစစ်ဘေးရှောင်ပြည်သူများအတွက် အနွေးထည် ၃၀၀၀ နှင့် ခေါက်ဆွဲခြောက်ထုပ် ၁၀၀၈၀ တို့ကိုလည်းကောင်း၊ ဩဂုတ် ၂၈ ရက်တွင် မန္တလေးတိုင်းဒေသကြီးအတွင်း အအေးဓာတ်လွန်ကဲနိုင်သည့် ဒေသများမှ ရဟန်းသံဃာများ၊ သီလရှင်များနှင့် တိုင်းရင်းသားပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၃၆၅၀၀ ထည်ကိုလည်းကောင်း၊ ဩဂုတ်၁၈ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့ရှိ နာဂတိုင်းရင်းသားများအတွက် အနွေးထည် ၃၅၀၀ ကို လည်းကောင်း၊ အောက်တိုဘာ ၁ ရက်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) နမ္မတူမြို့တွင်ရောက်ရှိနေသော တိုက်ပွဲရှောင်ပြည်သူများအတွက် ခေါင်းစွပ်ပါအနွေးထည် ၇၆၅၂ ထည်ကို လည်းကောင်း သွားရောက်လှူဒါန်းခဲ့ပြီးဖြစ်သည်။ ကချင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအတွက်လည်း မကြာမီပေးပို့လှူဒါန်းသွားမည်ဖြစ်သည်။ အဆိုပါ အနွေးထည်များကို ပြည်ပမှ တစ်ထည်လျှင် ငွေကျပ် ၁၅၀၀၀ ဖြင့် မှာယူခဲ့ကာ စုစုပေါင်းအထည် ၂၀၀၀၀၀ အတွက် အမေရိကန်ဒေါ်လာ နှစ်သန်းကျော် (မြန်မာကျပ်ငွေ ၂ ဒသမ ၁ ဘီလီယံ) သုံးစွဲလှူဒါန်းခြင်းဖြစ်ကြောင်း သိရသည်။

**(ဝ၁ဝ)**




### ပြင်ဆင်ဖတ်ရှုပါရန်

အောက်တိုဘာ ၆ ရက်ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂) တွင် ဖော်ပြထားသော "နိုင်ငံခြားငွေကြေး လိုအပ်ချက်ရှိပါက ဗဟိုဘဏ်အနေဖြင့် ပုဂ္ဂလိကဘဏ်များသို့ ထုတ်ရောင်းပေးရန်ရှိ" သတင်းတွင် စီးပွားရေး ပညာရှင် ဒေါက်တာ ခင်မောင်ညို(အစား) ခင်မောင်ညို (ဘောဂဗေဒ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။ (စာတည်း)

### ရှင်အောင် စိုက်ပျိုး ကြီးအောင်ပြုစု မြဲအောင် ထိန်းသိမ်း


ကြေးမုံ နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးငွေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

The Mirror Established in 1957
၁၉၅၇ ခုနှစ် ၁၆ တွင် စတင်ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂၊
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့် ဥရောပသမဂ္ဂ သံအမတ်ကြီးအား လက်ခံတွေ့ဆုံ



**နေပြည်တော် အောက်တိုဘာ ၆**
ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်သည် ဥရောပသမဂ္ဂ သံအမတ်ကြီး Mr. Roland Kobia အား ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးတီခွန်မြတ်နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# မြန်မာအမျိုးသားလေကြောင်းလိုင်းမှ ချင်းမိုင် ခရီးစဉ်သစ်နှင့် စင်ကာပူခရီးစဉ်ကို တိုးချဲ့ပြေးဆွဲ

**ရန်ကုန် အောက်တိုဘာ ၆**
မြန်မာအမျိုးသား လေကြောင်းလိုင်း (Myanmar National Airlines -MNA.) မှ ခရီးစဉ်သစ်တစ်ခုဖြစ်သည့် ရန်ကုန်-ချင်းမိုင် -ရန်ကုန် ခရီးစဉ်ကို စတင်ပျံသန်း ပြေးဆွဲပေးသွားမည်ဖြစ်ပြီး လက်ရှိပြေးဆွဲလျက်ရှိသော ရန်ကုန်- စင်ကာပူ- ရန်ကုန် ခရီးစဉ်ကို ထပ်မံတိုးချဲ့ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း အဆိုပါလေကြောင်းလိုင်းမှ သိရသည်။

နိုင်ငံပိုင်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် မြန်မာအမျိုးသား လေကြောင်းလိုင်းသည် ပြည်ပခရီးစဉ်တစ်ခုဖြစ်သည့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ပျံသန်းပြေးဆွဲမှုကို နိုဝင်ဘာ ၄ ရက်မှ စတင်ကာ တနင်္လာနေ့နှင့် သောကြာနေ့ တစ်ပတ်လျှင် နှစ်ကြိမ်ပြေးဆွဲပေးသွားမည် ဖြစ်သည်။ စင်ကာပူသို့ ထပ်မံတိုးချဲ့ပြေးဆွဲမှုကို ဒီဇင်ဘာ ၁ ရက်မှစတင်ကာ ယခင်က နံနက်ပိုင်း ပြေးဆွဲပေးနေရာမှ ထပ်မံတိုးချဲ့ကာ ညနေပိုင်းတွင် တနင်္လာနေ့မှ သောကြာနေ့အထိ (၅)ကြိမ် တိုးချဲ့ပြေးဆွဲသွားမည်ဟု သိရသည်။

နိုင်ငံပိုင် လေကြောင်းလိုင်းဖြစ်သည့် မြန်မာ့လေကြောင်းမှ မြန်မာအမျိုးသားလေကြောင်းလိုင်းအမည်ဖြင့် ကော်ပိုရေးရှင်းအသွင် ဖွဲ့စည်းဆောင်ရွက်ခဲ့မှုတွင် ၂၀၁၅ ခုနှစ် ဇွန်လမှစတင်ကာ ဘိုးရင်းလေယာဉ်သစ်များ စတင်ရောက်ရှိလာခဲ့ပြီး ပြည်ပခရီးစဉ်များ စတင်ပြန်လည်ပြေးဆွဲခဲ့ရာ ရန်ကုန်-စင်ကာပူ-ရန်ကုန်ခရီးစဉ်ကို စတင်ပြေးဆွဲခဲ့သည်။ ဆက်လက်၍ အသစ်ထပ်မံရောက်ရှိလာသော လေယာဉ်သစ်ဖြင့် ၂၀၁၅ ဒီဇင်ဘာတွင် ရန်ကုန်-ဟောင်ကောင်- ရန်ကုန် ခရီးစဉ်ကို ထပ်မံပြေးဆွဲခဲ့ပြီး ၂၀၁၆ နှစ်ဆန်းပိုင်းတွင် ရန်ကုန်- ဗန်ကောက်- ရန်ကုန် ခရီးစဉ်ကို ထပ်မံပြေးဆွဲခဲ့သည်။ ယခုအခါ ထပ်မံ၍ စတုတ္ထမြောက် ပြည်ပခရီးစဉ်အဖြစ် ထိုင်းနိုင်ငံ ချင်းမိုင်သို့ ခရီးစဉ်သစ်ကို ATR 72-600,68 ယောက်စီး လေယာဉ်ဖြင့် တိုးချဲ့ပြေးဆွဲမည်ဖြစ်ပြီး မကြာမီ ဗီဇာကင်းလွတ်ခွင့် ရရှိတော့မည့် စင်ကာပူသို့ နံနက်ပိုင်းတွင်သာမက ညနေပိုင်း အချိန်များတွင်လည်း ခရီးစဉ် တိုးချဲ့ ပြေးဆွဲပေးသွားမည်ဖြစ်သည်။

မြန်မာအမျိုးသား လေကြောင်းလိုင်းအနေဖြင့် အဆိုပါ ပြည်ပခရီးစဉ်များအပြင် ခရီးစဉ်သစ်များ ဆက်လက် ပြေးဆွဲနိုင်ရန်အတွက် ဘိုးရင်းလေယာဉ်သစ်များ ထပ်မံရောက်ရှိရန်ရှိပြီး ပြင်သစ်နိုင်ငံထုတ် ATR 72/600 မျိုးဆက်သစ် လေယာဉ်ခြောက်စင်းအနက် သုံးစင်းလက်ခံရရှိပြီးဖြစ်ကာ ပြည်ပခရီးစဉ်များနှင့် ပြည်တွင်းခရီးစဉ် ၂၇ မြို့ကို တစ်ဆက်တည်း ချိတ်ဆက်ပြေးဆွဲမည်ဖြစ်ကြောင်း သိရသည်။

**(၀၀၁)**



# မြန်မာနိုင်ငံပြန်တမ်း

## ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများ ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ပုဂ္ဂိုလ်များကို ၎င်းတို့နှင့် ယှဉ်တွဲဖော်ပြထားသည့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးရာထူးနေရာများတွင် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်-

| | အမည်၊ ရာထူး၊ ဌာန | ခန့်ထားသည့်ရာထူး၊ ဌာန |
|---|---|---|
| (၁) | ဦးစိုးလင်းဟန်<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>နိုင်ငံရေးရာဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>မဟာဗျူဟာလေ့လာရေးနှင့်<br>လေ့ကျင့်ရေးဦးစီးဌာန<br>နိုင်ငံခြားရေးဝန်ကြီးဌာန |
| (၂) | ရဲမှူးချုပ်သိန်းဦး<br>ဒုတိယရဲချုပ်<br>မြန်မာနိုင်ငံရဲတပ်ဖွဲ့<br>ပြည်ထဲရေးဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>အကျဉ်းဦးစီးဌာန<br>ပြည်ထဲရေးဝန်ကြီးဌာန |
| (၃) | ဦးခမ်းအောင်<br>အထွေထွေမန်နေဂျာ<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်<br>ဆက်သွယ်ရေးဝန်ကြီးဌာန | ဦးဆောင်ညွှန်ကြားရေးမှူး<br>မြန်မာ့စာတိုက်လုပ်ငန်း<br>ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး<br>ဝန်ကြီးဌာန |
| (၄) | ဒေါက်တာဒေါ်တင်တင်လေး<br>ဒုတိယညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ညွှန်ကြားရေးမှူးချုပ်<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (၅) | ပါမောက္ခ<br>ဒေါက်တာဒေါ်မြမြအေး<br>ပါမောက္ခ/ဌာနမှူး<br>အဏုဇီဝဗေဒဌာန<br>ဆေးတက္ကသိုလ်(မကွေး)<br>ဆေးဘက်ဆိုင်ရာ<br>လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>ဆေးဘက်ဆိုင်ရာ<br>နည်းပညာတက္ကသိုလ်<br>(မန္တလေး)<br>ဆေးဘက်ဆိုင်ရာ<br>လူ့စွမ်းအားအရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |
| (၆) | ဒေါက်တာဒေါ်ခင်သက်ဝေ<br>ဒုတိယပါမောက္ခချုပ်(စီမံ)<br>ဆေးတက္ကသိုလ်(မန္တလေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်<br>ဖွံ့ဖြိုးတိုးတက်ရေးနှင့်<br>စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန | ပါမောက္ခချုပ်<br>သူနာပြုတက္ကသိုလ်(မန္တလေး)<br>ဆေးဘက်ဆိုင်ရာလူ့စွမ်းအား<br>အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်<br>ရေးနှင့် စီမံခန့်ခွဲရေးဦးစီးဌာန<br>ကျန်းမာရေးနှင့်<br>အားကစားဝန်ကြီးဌာန |

# လယ်ဝေးမြို့နယ် မျိုးသန့်မျိုးစေ့ထုတ်စိုက်ကွက်များ မျိုးကွဲနုတ်ပယ်

**လယ်ဝေး အောက်တိုဘာ ၆**
ဆန်စပါးတိုးတက် ထုတ်လုပ်ရေးအတွက် မျိုးကောင်းမျိုးသန့် စပါးမျိုးစေ့အသုံးပြုစိုက်ပျိုးရေး၊ မျိုးစေ့လိုအပ်ချက်ဖြည့်ဆည်းပေးနိုင်ရေးအတွက် မြို့နယ်များတွင် စပါးမျိုးသန့် မျိုးစေ့ထုတ်စိုက်ကွက်များ ထူထောင်၍ စိုက်ပျိုးလျက်ရှိကြသည်။ စိုက်ပျိုးရေးနည်းပညာပေး ဆောင်ရွက်လျက်ရှိသော ကွင်းဝန်ထမ်းများက စတင်စိုက်ပျိုးချိန်မှ စပါးပင်အဆင့်ဆင့်အလိုက် မျိုးသန့်စင်ရေးအတွက် မျိုးကွဲနုတ်ပယ်ခြင်းကို လယ်ဝေးမြို့နယ် ရေအိုးစင်ကျေးရွာ ကွင်းအမှတ်-၁၈၃၄ ရှိ စပါးမျိုးစေ့ထုတ်စိုက်ကွက်ဧက ၉၀ တွင် အောက်တိုဘာ ၄ ရက်က ဆောင်ရွက်ခဲ့သည်။

စပါးမျိုးကွဲနုတ်ပယ်ခြင်းကို တိုင်းဒေသကြီး/ခရိုင်မျိုးစေ့တာဝန်ခံများနှင့်မြို့နယ်ဦးစီးအရာရှိ ဦးစောဝင်းတို့က တောင်သူများအား လက်တွေ့ပြသပြီး မျိုးစေ့ထုတ်စိုက်ကွက်များကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး မျိုးစေ့ထုတ် နည်းစနစ်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် ဆွေးနွေးခဲ့သည်။

၂၀၁၆-၂၀၁၇ ခုနှစ် လယ်ဝေးမြို့နယ်တွင် မိုးစပါး မျိုးစေ့ထုတ်စိုက်ဧက ၅၈ ဧက စိုက်ပျိုးထားရှိပြီး တောင်သူများထံ ဖြန့်ဖြူးရောင်းချနိုင်ရေးနှင့် အခြားစိတ်ဝင်စားသူ တောင်သူများအား လာရောက်လေ့လာလျက်ရှိကြောင်း သိရသည်။

**(ဇော်မင်းအောင်)**

ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် သဝဏ်လွှာဖတ်ကြားခြင်းနှင့် အငြိမ်းစားဆရာ ဆရာမများကို ချီးကျူးပူဇော်ဂုဏ်ပြုပွဲကို အင်းစိန်မြို့နယ် အထက(၆) ပညာတံခွန်ခန်းမ၌ အောက်တိုဘာ ၅ ရက်က ကျင်းပစဉ်။

(ခရိုင်ပြန်/ဆက်)



# ပြန်ကြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက် ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်းများအား ခွင့်ပြုပေးမှုအခြေအနေ

ပြန်ကြားရေးဝန်ကြီးဌာနသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများကို အမိန့်ကြော်ငြာစာအမှတ် (၄၈/၂၀၁၄)ဖြင့် ၂၀၁၄ ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပြီးနောက် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်လျှောက်ထားလာပါက ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများနှင့်အညီစိစစ်၍ လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များကို ခွင့်ပြုပေးလျက်ရှိပါသည်။

ထိုသို့ဆောင်ရွက်ပေးခဲ့ရာ ၄-၁၀-၂၀၁၆ ရက်နေ့က ပြုလုပ်သော ပြန်ကြားရေးဝန်ကြီးဌာန စီမံခန့်ခွဲရေးကော်မတီအစည်းအဝေးတွင် ၅-၉-၂၀၁၆ ရက်နေ့မှ ၂၃-၉-၂၀၁၆ ရက်နေ့အထိ လုပ်ငန်းအသိအမှတ်ပြု လက်မှတ်လျှောက်ထားလာသည့် ပုံနှိပ်ခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ ကိုးဦး၊ ထုတ်ဝေခြင်းလုပ်ငန်းအတွက် အသစ်လျှောက်ထားသူ သတင်းစာ နှစ်ဦး၊ ဂျာနယ် ရှစ်ဦး၊ မဂ္ဂဇင်း သုံးဦး၊ အထွေထွေ ၁၇ ဦး ပေါင်း ၃၀ နှင့် သတင်းအေဂျင်စီလုပ်ငန်းလုပ်ကိုင်လိုသူတစ်ဦးတို့အား ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း နည်းဥပဒေများပြဋ္ဌာန်းသည့် ၁၀-၁၀-၂၀၁၄ ရက်နေ့မှစ၍ ယနေ့အထိ ပုံနှိပ်ခြင်းလုပ်ငန်း ၁၃၇၆ ဦး၊ ထုတ်ဝေခြင်းလုပ်ငန်း ၁၉၄၈ ဦးနှင့် သတင်းအေဂျင်စီလုပ်ငန်း ၄၆ ဦး စုစုပေါင်း ပုံနှိပ်ခြင်း၊ ထုတ်ဝေခြင်းနှင့် သတင်းအေဂျင်စီလုပ်ငန်း ၃၃၇၀ အား အသိအမှတ်ပြုလက်မှတ်များ စိစစ်ခွင့်ပြုပေးခဲ့ပါသည်။

ပုံနှိပ်သက်တမ်းတိုးလျှောက်ထားသူ တစ်ဦးနှင့် ဂျာနယ်လျှောက်ထားလာသူတစ်ဦးတို့အား အချက်အလက်များ စိစစ်ဆောင်ရွက်ဆဲဖြစ်ကြောင်း သတင်းထုတ်ပြန်အပ်ပါသည်။

**ပြန်ကြားရေးဝန်ကြီးဌာန**

# ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက် နိုဝင်ဘာ ၄ ရက်တွင် စတင်အသက်ဝင်မည်

**ဝါရှင်တန် အောက်တိုဘာ ၆**
နိုဝင်ဘာ ၄ ရက်တွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်သည် စတင်အသက်ဝင်တော့မည်ဖြစ်ကြောင်း လက်မှတ်ရေးထိုးကြသည့် နိုင်ငံများအား သတိပေးသည့်အနေဖြင့် ကုလသမဂ္ဂအဖွဲ့က အစီရင်ခံစာတစ်ရပ် ထုတ်ပြန်ကြေညာခဲ့ကြောင်း သတင်းများအရ သိရသည်။

ဖန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှု အများဆုံးဖြစ်သည့် နိုင်ငံပေါင်း ၅၅ နိုင်ငံကျော်က အဆိုပါဓာတ်ငွေ့ထုတ်လွှတ်မှုကို လျှော့ချပစ်မည်ဟု လက်မှတ်ရေးထိုးခဲ့ကြသည်။ အဆိုပါသဘောတူညီမှုသည် ၎င်းတို့လက်မှတ်ရေးထိုးပြီး ရက်ပေါင်း ၃၀ အကြာတွင် စတင်အသက်ဝင်မည်ဖြစ်သည်။

အောက်တိုဘာ ၅ ရက်က ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းသည် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက် အသက်ဝင်ရေးအတွက် နိုင်ငံတကာ၏ တိုက်တွန်းမှုလိုအပ်ကြောင်း ၎င်း၏အစီရင်ခံစာထဲတွင် ထည့်သွင်းရေးသားခဲ့သည်။

ဖန်လုံအိမ်ဓာတ်ငွေ့အများဆုံး ထုတ်လွှတ်သည့် နိုင်ငံများဖြစ်ကြသည့် တရုတ်နှင့်အမေရိကန်နိုင်ငံများက လွန်ခဲ့သောလတွင် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီမှုစာချုပ်ကို လက်မှတ်ရေးထိုးခဲ့သည်။

နိုဝင်ဘာလတွင် မော်ရိုကိုမြို့၌ ကျင်းပမည့် ကုလသမဂ္ဂရာသီဥတုပြောင်းလဲမှုအစည်းအဝေးမတိုင်မီ အဆိုပါ ပါရီသဘောတူညီမှုသည် အသက်ဝင်မည်ဖြစ်သည်။

ယင်းအစည်းအဝေးမတိုင်မီ ပြင်ပအစည်းအဝေးအဖြစ် ပါရီသဘောတူညီမှုကို လက်မှတ်ရေးထိုးခဲ့သည့် နိုင်ငံ့ခေါင်းဆောင်များက ပထမအကြိမ် တွေ့ဆုံဆွေးနွေးမည်ဖြစ်သည်။

အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီမှု စတင်အသက်ဝင်ရေးအတွက် ကုလသမဂ္ဂ၏ အစီရင်ခံစာထုတ်ပြန်ချက်ကို ကြိုဆိုပါကြောင်း ပြောကြားခဲ့သည်။ 'အနာဂတ်လူငယ်တွေအတွက် ကမ္ဘာကြီးကို ကာကွယ်ပေးဖို့ ဆောင်ရွက်ရာမှာ ယနေ့ဟာ သမိုင်းတွင်မယ့်နေ့ ဖြစ်ပါတယ်။ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ပါရီသဘောတူညီချက်ကို လက်မှတ်ရေးထိုးထားတဲ့ နိုင်ငံတွေက အမှန်တကယ်ပဲ သူတို့ရဲ့ကတိကဝတ်ကို လိုက်နာကြမယ်ဆိုရင် ကျွန်တော်တို့ ကမ္ဘာကြီးအတွက် ဝမ်းသာစရာပါပဲ'ဟု သမ္မတအိုဘားမားက အောက်တိုဘာ ၅ ရက် အိမ်ဖြူတော်တွင် ပြောကြားခဲ့သည့် မိန့်ခွန်းတွင် ထည့်သွင်းပြောကြားခဲ့သည်။

ထို့ပြင် ကမ္ဘာ့နိုင်ငံများရင်ဆိုင်နေရသော ရာသီဥတုပြောင်းလဲမှုဖြစ်စဉ်ကို ပါရီသဘောတူညီချက်တစ်ခုတည်းဖြင့် ဖြေရှင်းနိုင်မည်မဟုတ်သော်လည်း အနည်းငယ်ထိရောက်မှုရှိလိမ့်မည်ဟု ထင်မြင်ယူဆပါကြောင်း သမ္မတအိုဘားမားက ဆက်လက်ပြောကြားခဲ့သည်။



သမ္မတ အိုဘားမားက သူ၏သမ္မတသက်တမ်းရှစ်နှစ်တာအချိန်အတောအတွင်း ရာသီဥတုပြောင်းလဲမှုဆိုင်ရာဆောင်ရွက်ချက်များ လုပ်ဆောင်ရာတွင် အမေရိကန် ပြည်ထောင်စုကို ဦးဆောင်သည့်နေရာမှ ပါဝင်နိုင်ရန် ကြိုးပမ်းခဲ့ပြီးဖြစ်သည်ဟု သမ္မတ အိုဘားမားက ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ။**



# ပြင်သစ်ဂိုင်ယာနာမှ အကြီးစားဆက်သွယ်ရေးဂြိုဟ်တု အိန္ဒိယအောင်မြင်စွာ လွှတ်တင်

**နယူးဒေလီ အောက်တိုဘာ ၆**
ပြင်သစ်ဂိုင်ယာနာနိုင်ငံရှိ Ariane 5 ဥရောပဒုံးပျံကို အသုံးပြု၍ အာကာသအတွင်းသို့ အကြီးစားဆက်သွယ်ရေးဂြိုဟ်တု GSAT-18 ကို အိန္ဒိယနိုင်ငံကအောင်မြင်စွာ လွှတ်တင်လိုက်ကြောင်း သိရသည်။

လေကြောင်းအချက်ပြကိရိယာ ၄၈ ခု သယ်ဆောင်ထားသော ဆက်သွယ်ရေးဂြိုဟ်တုမှာ တောင်အမေရိကတိုက်ရှိ ကိုရော်မြို့၌ နေမဝင်မီအချိန်လေးတွင် လွှတ်တင်ခဲ့ပြီး နာရီဝက်အကြာတွင် ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ အောင်မြင်စွာ ရောက်ရှိသွားခဲ့ကြောင်း အိန္ဒိယအာကာသဆိုင်ရာ ထိပ်တန်းတာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ ဒုံးပျံမှ ဂြိုဟ်တုပစ်လွှတ်တင်ပြီးနောက် ချက်ချင်းဆိုသလို အိန္ဒိယနိုင်ငံတောင်ပိုင်း ကာနာတာကာပြည်နယ်ရှိ နိုင်ငံပိုင် အိန္ဒိယအာကာသသုတေသနအဖွဲ့အစည်း ISRO ၏ ထိန်းချုပ်ရေးစခန်းက အဆိုပါဆက်သွယ်ရေးဂြိုဟ်တု GSAT -18 ၏ ကွပ်ကဲထိန်းချုပ်မှုကို လွှဲပြောင်းရယူခဲ့သည်။

ဆက်သွယ်ရေးဂြိုဟ်တု အောင်မြင်စွာလွှတ်တင်နိုင်မှုမှာ လက်ဖျားခါလောက်သော ကြီးကျယ်ခမ်းနားသည့် လွှတ်တင်မှုဟု ISRO အကြီးအကဲ အေအက်စ်ကီရန်ကူးမားက မီဒီယာများသို့ ပြောကြားသည်။ ဂြိုဟ်တုလွှတ်တင်နိုင်မှုအတွက် ISRO အား အိန္ဒိယဝန်ကြီးချုပ်နရိန္ဒြာရာမိုဒီက ချီးကျူးဂုဏ်ပြုခဲ့သည်။ "ဆက်သွယ်ရေးဂြိုဟ်တု GSAT-18 ကို အောင်မြင်စွာလွှတ်တင်နိုင်မှုအတွက် ISRO ကို ချီးကျူးဂုဏ်ပြုပါတယ်။ ဒါဟာကျွန်တော်တို့ရဲ့ အာကာသအစီအစဉ်အတွက် နောက်ထပ်သမိုင်းမှတ်တိုင်တွေ ဖြစ်ပါတယ်"ဟု မိုဒီက သူ၏တွတ်တာစာမျက်နှာပေါ်၌ ရေးသားထားသည်။

အလေးချိန် ၃ ဒသမ ၄တန်ရှိ GSAT-18 ဂြိုဟ်တုက အိန္ဒိယနိုင်ငံ၏ ဆက်သွယ်ရေးစွမ်းပကားများကို သာမက ဘဏ်လုပ်ငန်းနှင့် ရုပ်မြင်သံကြားဝန်ဆောင်မှုကိုလည်း မြှင့်တင်ပေးမည်ဖြစ်သည်။ **ဆင်ဟွာ။**

# အမေရိကန်၌ စစ်ရေးသင်တန်းတက်ရောက်နေသော အာဖဂန်တပ်ဖွဲ့ဝင် ၄၄ ဦး ပျောက်ဆုံးနေ

**ဝါရှင်တန် အောက်တိုဘာ ၆**
၂၀၁၅ ခုနှစ် ဇန်နဝါရီလမှစ၍ ယခုအထိ အမေရိကန်ပြည်ထောင်စု၌ စစ်ရေးလေ့ကျင့်သင်တန်း တက်ရောက်ရန်ရောက်ရှိနေသော အာဖဂန်တပ်ဖွဲ့ဝင် ၄၄ ဦး ပျောက်ဆုံးလျက်ရှိကြောင်း ပင်တဂွန်စစ်ဌာနချုပ် ပြောရေးဆိုခွင့်ရှိသူ အဒမ်စတမ့်က အောက်တိုဘာ ၆ ရက်တွင် ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ယခုနှစ် စက်တင်ဘာလတစ်လတည်းမှာပင် အာဖဂန်တပ်ဖွဲ့ဝင် ရှစ်ဦးသည် ခွင့်ပြုချက်မရဘဲ စစ်အခြေစိုက်စခန်းများမှ ထွက်ခွာသွားခဲ့ကြကြောင်း စတမ့်က ပြောကြားသည်။

အမေရိကန်၌ စစ်ရေးလေ့ကျင့်ရန် ရောက်ရှိနေကြသော အာဖဂန်တပ်ဖွဲ့ဝင်များ ပျောက်ဆုံးသွားသော ဖြစ်ရပ်များ ထပ်မံပေါ်ပေါက်ခြင်း မရှိစေရန် လေ့ကျင့်မှုခံယူမည့် သင်တန်းသားများ၏ သင်တန်းတက်ရောက်ခွင့် အရည်အချင်း သတ်မှတ်ချက်များကို ပြင်ဆင်ရန် နည်းလမ်းများ ရှာဖွေလျက်ရှိကြောင်း ၎င်းက ပြောကြားသည်။

အမေရိကန်၏ စစ်သင်တန်းပေးခြင်းဆိုင်ရာ အစီအစဉ်နှင့် အကျုံးဝင်သူ အာဖဂန်တပ်ဖွဲ့ဝင်များသည် စစ်သွေးကြွအုပ်စုများနှင့် ဆက်နွယ်ပတ်သက်ခြင်း မရှိရပေ။ ၎င်းအပြင် အမေရိကန်ပြည်ထောင်စုအတွင်း စစ်ရေးသင်တန်းတက်ရောက်သူ တပ်ဖွဲ့ဝင်များသည် လူ့အခွင့်အရေးချိုးဖောက်မှု ဖြစ်စဉ်များတွင် ပါဝင်ပတ်သက်ခဲ့ခြင်းမရှိရဟု စည်းမျဉ်းသတ်မှတ်ချက်ရှိသည်။

အမေရိကန်ပြည်ထောင်စုသည် ၂၀၀၂ ခုနှစ်မှစ၍ အာဖဂန်တပ်ဖွဲ့ဝင်များအား စစ်ရေးလေ့ကျင့် သင်တန်းပေးရန်နှင့် စစ်လက်နက်ကိရိယာများ တပ်ဆင်ပေးရန် ဒေါ်လာ ဘီလီယံ ၆၀ ကျော် အသုံးပြုခဲ့ပြီးဖြစ်သော်လည်း အာဖဂန်နစ္စတန်နိုင်ငံ၏ လုံခြုံရေးအခြေအနေမှာ မရေရာသည့် အခြေအနေတွင် ဆက်လက်ဖြစ်ပေါ်နေဆဲဖြစ်သည်။

အာဖဂန်နစ္စတန်နိုင်ငံ၌ မကြာသေးမီလများအတွင်း ဟဲလ်မန်း၊ ဘာဂလန်နှင့် တက်ခါပြည်နယ်များရှိ ခရိုင်အများအပြားကို တာလီဘန်အဖွဲ့က သိမ်းယူခဲ့သည်။

**ရိုက်တာ။**



# ကိုလံဘီယာ သမ္မတနှင့် အတိုက်အခံခေါင်းဆောင်များ ငြိမ်းချမ်းရေးသဘောတူညီချက် ကိစ္စဆွေးနွေး

**ဘိုဂိုတာ အောက်တိုဘာ ၆**
ကိုလံဘီယာနိုင်ငံ၏ အကြီးဆုံး သူပုန်အဖွဲ့ဖြစ်သော ကိုလံဘီယာ တော်လှန်ရေးလက်နက်ကိုင်တပ်ဖွဲ့ (ဖာ့က်)နှင့် ရရှိထားသော ငြိမ်းချမ်းရေးသဘောတူညီချက်ကို ဆန့်ကျင်သည့် နိုင်ငံရေးခေါင်းဆောင်များနှင့် သမ္မတ ယွန်မင်နျူယယ် ဆန်တို့စ်တို့၏ တွေ့ဆုံဆွေးနွေးပွဲကို စတင်ပြုလုပ်လျက်ရှိကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၆ ရက်တွင် သတင်းထုတ်ပြန်သည်။

ဖာ့က်သူပုန်အဖွဲ့နှင့်ရရှိခဲ့သော ငြိမ်းချမ်းရေးသဘောတူညီချက် မပျက်ပြားစေရေးအတွက် အတိုက်အခံများ၏ အဆိုပြုချက်များကို မိမိတို့အလေးထားကြောင်း အောက်တိုဘာ ၅ ရက် ဆွေးနွေးပွဲအပြီး ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတွင် သမ္မတ ဆန်တို့စ်က ပြောကြားသည်။

အစိုးရနှင့် သူပုန်အဖွဲ့တို့ရရှိခဲ့သော ငြိမ်းချမ်းရေး သဘောတူညီချက်ကို လူထုဆန္ဒခံယူပွဲတွင် ပြည်သူတို့က ပယ်ချခဲ့ကြသော်လည်း မိမိတို့နိုင်ငံ၌ အမျိုးသားပြန်လည်သင့်မြတ်မှုရရှိရေးအတွက် သမ္မတ တစ်ဦးအဖြစ် နည်းလမ်းရှာဖွေသွားမည်ဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

သမ္မတဟောင်းအယ်လ်ဗာရို အူရီဘေး၊ အတိုက်အခံပါတီခေါင်းဆောင်များ၊ ဒီမိုကရက်တစ်ဌာနတို့မှ ပုဂ္ဂိုလ်များသည် ဆွေးနွေးပွဲသို့ တက်ရောက်ခဲ့ကြသည်။

ငြိမ်းချမ်းရေး သဘောတူညီချက်အရ ပြစ်မှုကြီးများအား ကျူးလွန်ခဲ့သူများကို ပြန်လည်လွှတ်ပေးလိုက်သကဲ့သို့ ဖြစ်နိုင်သဖြင့် ယင်းသဘောတူညီချက်ကို ကန့်ကွက်ရခြင်းဖြစ်ကြောင်း အူရီဘေးက ပြောကြားခဲ့သည်။

**ရိုက်တာ။**

# နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းအတည်ပြု

**နေပြည်တော် အောက်တိုဘာ ၆**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်းရှစ်ခု မေးမြန်းဖြေကြားပြီး ဥပဒေကြမ်းတစ်ခုကို လက်ခံရရှိကြောင်း ကြေညာခြင်းနှင့် ဥပဒေကြမ်းတစ်ခုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းတို့ ဆောင်ရွက်ကြသည်။

သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၏ ၁၉၇၂ ခုနှစ်က လူထုလုပ်အားဖြင့် ဖော်ထုတ်ခဲ့သော ငါးမွေးကန်နှင့် လယ်ကွက်ကို ဒေသခံအာဏာပိုင်အဆက်ဆက်တို့က သိမ်းယူခဲ့ပြီး သီးစားချထားပိုင်ခွင့်ရှိပါသလား၊ မူရင်းမူလပိုင်ရှင်များထံ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းနှင့် ပွင့်ဖြူမဲဆန္ဒနယ်မှ ဦးထွန်းထွန်း၏ စံချိန်စံညွှန်း မပြည့်မီသောအရက်များ ထုတ်လုပ်ရောင်းချခြင်းနှင့် တရားမဝင် အရက်ဆိုင်နှင့် ထန်းရည်ဆိုင်များကို စနစ်တကျ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ရန်အစီအစဉ် ရှိ/မရှိမေးခွန်းတို့နှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်စိုးက ရှမ်းပြည်နယ်မြောက်ပိုင်း သိန္နီမြို့နယ် အမှတ်(၂) ရပ်ကွက် အကွက်အမှတ်(၅) ဈေးတန်းရပ် ဦးပိုင်အမှတ်(၁၃) ဧရိယာ ၁ ဒသမ ၅၀ ဧကနှင့် ပေ ၁၂၀ ပတ်လည်ရှိ ငါးမွေးမြူရေးကန် တစ်ကန်တို့သည် ယခင်က မြေလွတ်မြေရိုင်း မြေအမျိုးအစားဖြစ်ပြီး ၁၉၈၄ ခုနှစ်တွင် အမှတ်(၂) ရပ်ကွက် ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးကျော်ဝူးက အဆိုပါမြေလွတ် မြေရိုင်းများကို ရပ်ကွက်လူထုလုပ်အားဖြင့် လယ်မြေနှင့် ငါးကန်အဖြစ်ဖော်ထုတ်၍ မိုးစပါးစိုက်ပျိုးခဲ့ကာ ထွက်ရှိသည့်စပါးများကို ကျောင်းဆိုင်ကျောင်းတိုက်သို့ လှူဒါန်းခဲ့ကြောင်း သိရှိရပါကြောင်း၊ ၁၉၈၆ ခုနှစ်တွင် မြို့နယ်ပြည်သူ့ကောင်စီဥက္ကဋ္ဌ ဦးထွန်းလှ(ကွယ်လွန်)က အဆိုပါမြေများအား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့သို့ လုပ်ကိုင်ခွင့်ပြုခဲ့ကြောင်း၊ ၁၉၉၅ ခုနှစ် မတ်လ ၂၂ ရက်တွင် အဆိုပါမြေနှင့် ငါးကန်အား မြို့နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဥက္ကဋ္ဌ ဦးကျော်ထင်ထံမှ မြို့နယ်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးလှဖေဝင်းက ဝန်ထမ်းသက်သာရန်ပုံငွေမှ စာချုပ်ချုပ်ဆို ဝယ်ယူခဲ့ပါကြောင်း။

ဝန်ထမ်းသက်သာရန်ပုံငွေဖြင့် ဝယ်ယူထားသဖြင့် ပျောက်ပျက်သွားခြင်း မရှိစေရေးအတွက် သိန္နီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဆောင်ရွက်ခဲ့ရာ ၁၉၉၄-၁၉၉၅ ခုနှစ်မှစ၍ သိန္နီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ လယ်ယာမြေအဖြစ် စာရင်းပေါက်ခဲ့ပါကြောင်း၊ ၁၉၉၅ ခုနှစ်တွင် ကာလပေါက်ဈေးတန်ဖိုးနှင့်အညီ စာချုပ်ချုပ်ဆို၍ ပြန်လည်ဝယ်ယူခဲ့ခြင်းဖြစ်ပြီး နှစ်စဉ် မြေခွန်ပေးဆောင်ထားသည့် ဌာနအမည်ပေါက်မြေဖြစ်ခြင်း၊ ဌာနပိုင် လယ်မြေဖြစ်သော်လည်း မူလရည်ရွယ်ချက်ဖြစ်သော ကျောင်းဆိုင်ဘုန်းကြီးကျောင်း ဆွမ်းအခက်အခဲမရှိစေရန် နှစ်စဉ်ရရှိသော စပါးများ၏ ထက်ဝက်ကို ဆက်လက်လှူဒါန်းလျက်ရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ရန် အစီအစဉ်မရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တရားမဝင်လိုင်စင်မဲ့ အရက်ဆိုင်နှင့် ထန်းရည်ဆိုင်များကို ဥပဒေနှင့်အညီ စစ်ဆေးဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ အရက်၊ ဘီယာ၊ ဝိုင် ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် စံချိန်စံညွှန်း မပြည့်မီခြင်းနှင့် အန္တရာယ်ဖြစ်စေနိုင်သည့် အရက်၊ ဘီယာ၊ ဝိုင်များထုတ်လုပ် ဖြန့်ဖြူးရောင်းချခြင်း မရှိစေရေးအတွက် စက်မှုဝန်ကြီးဌာန၊ စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနအနေဖြင့် အဆင့်ဆင့်စစ်ဆေးထောက်ခံချက်များရရှိမှသာ အရက်ချက်စက်ရုံများအား နှစ်စဉ် သက်တမ်းတိုးခွင့်ပြုကြောင်း၊ သက်ဆိုင်ရာ ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများအနေဖြင့်လည်း ဓာတုဗေဒဝန်ရုံးနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနတို့တွင် စစ်ဆေးမှုခံယူစေပြီး ထောက်ခံချက်ရရှိမှသာ သက်ဆိုင်ရာ ယစ်မျိုးလိုင်စင်များအား သက်တမ်းတိုးခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် တရားမဝင် ယစ်မျိုးသက်ဝင်ပစ္စည်းရောင်းချမှုများကို ဖမ်းဆီးဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရအဖွဲ့၏ကြီးကြပ်မှုဖြင့် ယစ်မျိုးလိုင်စင်ခွန်များ တိုးမြှင့်ကောက်ခံရေးနှင့် စိစစ်ကြပ်မတ်ရေးအဖွဲ့များမှ စစ်ဆေးအရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ဒုတိယဝန်ကြီးက လားရှိုးမဲဆန္ဒနယ်မှ ဒေါက်တာစိုင်းမောက်ခမ်း၏ လားရှိုးမြို့မှ စွန့်ပစ်အမှိုက်ပုံကို ကျန်းမာရေးနှင့်ညီညွတ်သည့် နည်းစနစ်ဖြင့် စွန့်ပစ်ရှင်းလင်းပေးရန် အစီအစဉ်ကို သိလိုခြင်းမေးခွန်းနှင့် ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၏ ပေါက်တောမြို့နယ်အတွင်း စီးပွားရေးလုပ်ငန်းရှင်များ တရားမဝင်ရယူထားသော ကျွဲ၊ နွားစားကျက်မြေများနှင့် ရွာပုံချောင်း (ရွာသား ကမ်းပိုင်)များကို မူလပိုင်ရှင် ကျေးရွာအုပ်စုများနှင့် ကျေးရွာများသို့ လွှဲအပ်ပေးရန် အစီအစဉ်ရှိ/မရှိမေးခွန်းတို့နှင့်စပ်လျဉ်း၍ လားရှိုးမြို့မှ စွန့်ပစ်သည့်အမှိုက်များကို လားရှိုးမြို့ နားကွမ်းလုံကျေးရွာအုပ်စု ဦးပိုင် အမှတ်(၄) လားရှိုး-နမ္မတူ ကားလမ်းဘေး မြို့နှင့်အလှမ်းကွာဝေးပြီး လျှိုမြောင်အတွင်း ကျရောက်နေသည့် မြေလွတ်မြေရိုင်း ဧရိယာ ၂၃ ဧကတွင် အမှိုက်စွန့်ပစ်မြေနေရာအဖြစ် လားရှိုးမြို့နယ် စည်ပင်သာယာရေးဌာနမှ ၁၉၉၉ ခုနှစ်ခန့်မှစ၍ ယခုအချိန်အထိ ထိန်းသိမ်းအသုံးပြုလျက်ရှိပါကြောင်း၊ လားရှိုးမြို့၏ အမှိုက်သိမ်းဆည်းရေးလုပ်ငန်းကို ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ခွင့်ပြုချက်အရ မြို့နယ်ဂုဏ်ဆောင်(လားရှိုး)ဝန်ဆောင်မှုကုမ္ပဏီနှင့် လားရှိုးမြို့နယ်စည်ပင်သာယာရေးကော်မတီတို့ လုပ်ငန်းသဘောတူစာချုပ်ချုပ်ဆို ဆောင်ရွက် လျက်ရှိပါကြောင်း။

အမှိုက်ကျင်းမြေနေရာစနစ်တကျဖြစ်စေရေး၊ သန့်ရှင်းသပ်ရပ်စေရေးအတွက် မော်တော်ယာဉ်သွားလမ်းများ ပြင်ဆင်ဖောက်လုပ်ခြင်း၊ ယန္တရားများဖြင့် ရှင်းလင်းခြင်း၊ သွပ်ပြားများဖြင့် ကာရံခြင်းများကို အခါအားလျော်စွာ ကုမ္ပဏီနှင့်ဌာနတို့ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စွန့်ပစ်အမှိုက်များကို ကျန်းမာရေးနှင့် ညီညွတ်သည့်နည်းစနစ်ဖြင့် စွန့်ပစ်ရှင်းလင်းနိုင်ရေးအတွက် စွန့်ပစ်အမှိုက်မှ လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းနှင့် ဒီဇယ်ဆီထုတ်လုပ်ခြင်း စသည့်လုပ်ငန်းများကို လားရှိုးမြို့နယ် စည်ပင်သာယာရေးကော်မတီနှင့် ပူးပေါင်းဆောင်ရွက်လိုသည့် ပုဂ္ဂလိကလုပ်ငန်းရှင်များ၊ ကုမ္ပဏီများနှင့် ဆွေးနွေးညှိနှိုင်းပြီး ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း ဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက စစ်တွေခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ၁၉၉၇ တွင် ငပြီကျွန်းကျေးရွာအုပ်စု ကွင်းအမှတ်(၅၈၅ - ဃ) ပေါ်ကျွန်းကွေ့ရှိ မြေဧရိယာ ဧက ၂၉၀ အား ငပြီကျွန်းနှင့် သရက်တောကျေးရွာတွင် နေထိုင်ကြသူများအတွက် စားကျက်မြေအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ၂၀၀၁-၂၀၀၂ ခုနှစ်တွင် ရခိုင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ငါး၊ ပုစွန် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်ရန်အတွက် လုပ်ငန်းရှင် ခုနစ်ဦးအား ၂၆၅ ဧက ခွင့်ပြုခဲ့ကြောင်းနှင့် မြေနိမ့်ပိုင်း ချန်လှပ် ၂၅ ဧက ဖြစ်သည်ကို သိရှိရပါကြောင်း။

သို့ရာတွင် အဆိုပါငါး၊ ပုစွန်မွေးမြူလုပ်ကိုင်ခွင့်ရရှိသူများမှ အကောင်အထည်ဖော် ဆောင်ရွက်ခြင်း မရှိခဲ့ပါကြောင်း၊ အဆိုပါစားကျက်မြေပေါ်တွင် ကျေးရွာသားအချို့သည် ခွင့်ပြုချက်မရှိဘဲ ကျူးကျော်ဝင်ရောက် စိုက်ပျိုးလုပ်ကိုင်လျက်ရှိပါကြောင်း၊ ကျူးကျော်လုပ်ကိုင်နေထိုင်သူများအား မြေယာဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ စိစစ်ဆောင်ရွက်လျက်ရှိကြောင်းနှင့် ရွာပုံချောင်း (ရွာသား ကမ်းပိုင်)များကို အများပြည်သူအသုံးပြုနိုင်ရေးအတွက် သက်ဆိုင်ရာကျေးရွာအုပ်စု၊ ကျေးရွာများသို့ ပြန်လည်လွှဲပြောင်းပေးအပ်ထားပြီး ဒေသခံတောင်သူလယ်သမားများဖြင့် ဖွဲ့စည်းထားသော ကျေးရွာအဆင့် ထိန်းသိမ်းရေးကော်မတီများ၏ ကြီးကြပ်မှုဖြင့် ထိန်းသိမ်းဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့လာသည့် မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှုဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အဆိုပါဥပဒေကြမ်းကို လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအနက် သဘောတူသင့်သည့်အချက် ၂၀ ကို ဖတ်ကြားတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်း အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ဥပဒေကြမ်းကော်မတီက နိုင်ငံ့ဝန်ထမ်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ထပ်မံပြင်ဆင်ထားသည့် ပြင်ဆင်ချက်တစ်ချက်ကို ထပ်မံတင်သွင်းရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏ သဘောထားရယူပြီး ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အတိုင်း ဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်း အတည်ပြုကြေညာသည်။

ထို့နောက် ဥပဒေကြမ်းကော်မတီနှင့် လွှတ်တော်ကိုယ်စားလှယ် ခြောက်ဦးတို့က နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေးကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်၏သဘောထားရယူပြီး အဆိုပါဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀၀ အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။ **(သတင်းစဉ်)**



ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၆)ရက်မြောက်နေ့ ကျင်းပစဉ်။ (သတင်းစဉ်)

# စစ်တွေမြို့ရှိ ဝါဘိုချောင်းကူးတံတားတည်ဆောက်မှု ပြည်နယ်အစိုးရရန်ပုံငွေတွင် လျာထားထည့်သွင်းဆောင်ရွက်ပေးသွားမည်

**နေပြည်တော် အောက်တိုဘာ ၆**

စစ်တွေမြို့ရှိ ဝါဘိုချောင်းကူးတံတား တည်ဆောက်မှုအတွက် ကုန်ကျငွေနှင့် အကျိုးဖြစ်ထွန်းမှုကိုလေ့လာပါက အကျိုးအမြတ် အချိုးနည်းသော်လည်း ဒေသဖွံ့ဖြိုးရေးကို အလေးထားသည့်အနေဖြင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် လုပ်ငန်းရန်ပုံငွေတွင် ဦးစားပေးအစီအစဉ်အလိုက် ပြည်နယ်အစိုးရရန်ပုံငွေတွင် လျာထားထည့်သွင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က အမျိုးသားလွှတ်တော်၌ ပြောကြားလိုက်သည်။

ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်က ယနေ့ကျင်းပသည့်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၄၄)ရက်မြောက်နေ့၌ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်၏ ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဝါဘိုချောင်းကူးတံတားတစ်စင်းကို ပြည်ထောင်စု/ပြည်နယ် အစိုးရရန်ပုံငွေမှ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်အတွင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးမြန်းချက်အား ဖြေကြားရာတွင် ယခုကဲ့သို့ ဖြေကြားခဲ့ခြင်းဖြစ်ပြီး ဝါဘိုချောင်းကူးတံတားသည် အလျားပေ ၄၆၀၊ အကျယ် ၁၄ ပေ၊ အမြင့် ၁၆ ပေရှိပြီး ပဏာမတွက်ချက်ခန့်မှန်းမှုအရ ကျပ်သန်းပေါင်း ၉၅၀ ခန့်ကုန်ကျမည်ဖြစ်ပါကြောင်း၊ ထိုကျေးရွာအနေဖြင့် အိမ်ခြေ ၅၈၈ အိမ်ခန့်၊ လူဦးရေ ၂၉၉၅ ဦးခန့်ရှိပြီး အဓိကစီးပွားရေးလုပ်ငန်းအနေဖြင့် စိုက်ပျိုးရေး၊ ရက်ကန်းနှင့် ရေလုပ်ငန်းများ ဆောင်ရွက်သော ကျွန်းဒေသဖြစ်ကြောင်း ဖြည့်စွက်ပြောကြားခဲ့သည်။

ထို့အတူ ယနေ့အစည်းအဝေး၌ လွှတ်တော်ကိုယ်စားလှယ် သုံးဦး၏



ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်



ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)မှ ဦးဝေစိန်အောင်

မေးခွန်းများနှင့်စပ်လျဉ်း၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်က ဖြေကြားရာတွင် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)မှ ဦးလှဆန်း၏ နိုင်ငံတော်အစိုးရမှ ခေတ်အဆက်ဆက်ထုတ်လုပ်ခဲ့သော၊ ထုတ်လုပ်လျက်ရှိသော ဓာတ်မြေသြဇာစက်ရုံ ငါးရုံနှင့် ပြည်ပမှတင်သွင်းသည့် ဓာတ်မြေသြဇာများအား မည်သို့တင်သွင်းခွင့်ပြုနေသည်ကို သိရှိလိုကြောင်း မေးမြန်းမှုအား လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန မြန်မာ့ရေနံ ဓာတုဗေဒလုပ်ငန်းကြီးကြပ်မှုအောက်တွင် ဓာတ်မြေသြဇာစက်ရုံ(စလေ)၊ ကျွန်းချောင်း၊ ကျော်စွာ၊ မြောင်းတကာနှင့် ကန်ကြီးထောင့် စုစုပေါင်းဓာတ်မြေသြဇာ စက်ရုံ ငါးရုံရှိပါကြောင်း။

ဓာတ်မြေသြဇာစက်ရုံ မြောင်းတကာနှင့် ကန်ကြီးထောင့်တို့သည် စက်ရုံဒီဇိုင်းအရ သဘာဝဓာတ်ငွေ့ပမာဏ ၁၂ ကုဗပေသန်းစီ သုံးစွဲပါက ယူရီးယားဓာတ်မြေသြဇာ တန် ၅၀၀ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး လက်ရှိတွင် သဘာဝဓာတ်ငွေ့ရရှိမှုအခြေအနေအရ တစ်ရုံလျှင် သဘာဝဓာတ်ငွေ့ပမာဏ ၉ ဒသမ ၅ ကုဗပေသန်းခန့်သုံးစွဲ၍ ယူရီးယားဓာတ်မြေသြဇာ တန် ၃၀၀ ခန့်စီ ထုတ်လုပ်လျက်ရှိပြီး စက်ရုံအား ပုံမှန်လည်ပတ်လျက်ရှိပါကြောင်း။

အဆိုပါဓာတ်မြေသြဇာစက်ရုံ စလေ၊ ကျွန်းချောင်း၊ ကျော်စွာ သုံးရုံမှာ သက်တမ်းအားဖြင့် ကြာမြင့်ပြီဖြစ်သည့်အတွက် ထုတ်လုပ်မှုစွမ်းအား လျော့နည်းကျဆင်းလျက်ရှိပါကြောင်း၊ ထို့ပြင် သဘာဝဓာတ်ငွေ့ ကုန်ကြမ်းမရရှိသဖြင့် ဓာတ်မြေသြဇာစက်ရုံများအား ခေတ္တရပ်ဆိုင်းထားခြင်း ဖြစ်ပါကြောင်း၊ ကုန်းတွင်းနှင့် ကမ်းလွန်လုပ်ကွက်များမှ သဘာဝဓာတ်ငွေ့များ ယခုထက်ပိုမိုထုတ်လုပ်ရရှိပါက ခေတ္တရပ်ဆိုင်းထားသည့် ဓာတ်မြေသြဇာစက်ရုံများအား ပြန်လည်လည်ပတ်သွားနိုင်မည်ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံသားကုမ္ပဏီများအား ဓာတ်မြေသြဇာ ပြည်ပမှတင်သွင်းရန် လုပ်ထုံးလုပ်နည်းနှင့်အညီ သွင်းကုန်လိုင်စင်ခွင့်ပြုထုတ်ပေးလျက်ရှိပါကြောင်း၊

**စာမျက်နှာ ၉ သို့**

# အဆင့်မြင့်ပညာရေးတွင် ပါဠိစာပေ၏အခန်းကဏ္ဍ

## ဒေါက်တာမြင့်စောလွင်

အနောက်နိုင်ငံများတွင် တက္ကသိုလ်ကို ခရစ်ယာန်ဘာသာရေးစာပေသင်ကြားရာဌာနအဖြစ် စတင်ခဲ့ပါသည်။ မြန်မာနိုင်ငံ တက္ကသိုလ်၊ ကောလိပ်များတွင်လည်း ဘာသာရေးစာပေဖြစ်သည့် ပါဠိစာပေသည် သင်ကြားသင့် သင်ကြားထိုက်သော ဘာသာတစ်ရပ် ဖြစ်ပါသည်။ သို့သော် ပါဠိစာပေကို တက္ကသိုလ်၊ ကောလိပ်များမှာ ဘာသာရေးရှုထောင့်သက်သက်အရ သင်ကြားခြင်းမဟုတ်ပါ။

**ပါဠိစာပေ၏ ဧရိယာ**

မျက်ကန်းယုံကြည်မှုကို အားပေးအားမြှောက်မပြုဘဲ ဝေဖန်ခြင်း၊ ဆွေးနွေးခြင်းများနှင့်အတူ ကိုယ်ပိုင်ဉာဏ်ကို အသုံးပြုပြီး လွတ်လွတ်လပ်လပ် တွေးခေါ်တတ်လာအောင် သင်ကြားပေးခြင်း ဖြစ်ပါသည်။ လောကုတ္တရာကြောင်းမျှသာမဟုတ်ဘဲ လောကတွင် နေရေး ထိုင်ရေး၊ ပေါင်းသင်းဆက်ဆံရေးမှအစ လူသားများ လိုက်နာကျင့်သုံးအပ်သော အဆုံးအမများ အပါအဝင် ကြီးပွားရာ ကြီးပွားကြောင်းအထိ ပါဠိစာပေ၏ ဧရိယာသည် ကျယ်ဝန်းလှပါသည်။ ထို့ပြင် ခက်ခဲနက်နဲသော အတွေးအခေါ်ပိုင်းဆိုင်ရာ အချက်အလက်များပါဝင်နေသည့်အတွက် အဆင့်မြင့်ပညာတစ်ရပ်အနေဖြင့် ကျယ်ကျယ်ပြန့်ပြန့် သင်ကြားရန်လိုအပ်ပါသည်။

**တည်တံ့တောက်ပဆဲ**

ဒဿနိကဗေဒရှုထောင့်မှ ကြည့်လျှင် မြတ်ဗုဒ္ဓ၏အလွန်တစ်ရာ နက်နဲသိမ်မွေ့သော အတွေးအခေါ် အယူအဆများသည် မြတ်ဗုဒ္ဓပရိနိဗ္ဗာန်ပြုခဲ့သည်မှာ နှစ်ပေါင်း ၂၅၀၀ ကျော် ကြာမြင့်ခဲ့သော်လည်း ယနေ့အချိန်အထိ တည်တံ့တောက်ပဆဲ ရှိနေပါ၏။ နောင်လည်း တည်တံ့တောက်ပနေဦးမည် ဖြစ်ပါ၏။

**စိတ်ပညာရှုထောင့်**

စိတ်ပညာရှုထောင့်မှ ကြည့်လျှင် စိတ်၏ ဖြစ်တတ်သော ဖြစ်စဉ်တရားများ၊ စိတ်ကို အေးချမ်းရာအေးချမ်းကြောင်း ဖြစ်စေသော ဒေသနာတော်များကို ပါဠိစာပေများတွင် တွေ့ရှိရပါသည်။

**နှလုံးသည်းပွတ်**

ဥပဒေပညာရှုထောင့်မှ ကြည့်လျှင် မြတ်ဗုဒ္ဓ ချမှတ်တော်မူခဲ့သော ဝိနည်းတို့သည် သံဃာတော်တို့၏ နှလုံးသည်းပွတ် ဖြစ်ရကား သံဃာတော်တို့ တစ်သဝေမတိမ်း လိုက်နာကျင့်သုံးကြသော တရားများ ဖြစ်ကြပါသည်။ သို့ဖြစ်၍ သာသနာတော်သည်ယနေ့ထိတိုင် ခိုင်မြဲအဓွန့်ရှည်နေသည်ကို တွေ့ရှိရပါသည်။ စင်စစ်ဝိနည်းသည် သာသနာတော်၏ အသက်ပင် ဖြစ်ပါသည်။ ထိုမှဆက်၍ ဥပဒေသည် နိုင်ငံတော်၏ အသက်ဖြစ်သည်ဟု ကောက်ချက်ဆွဲနိုင်ပါသည်။

> **ပါဠိဟူသည် ဗုဒ္ဓဘာသာရေးကို မှတ်တမ်းတင်ထားသော ဘာသာမျှသာမက တစ်ရံရောအခါက အိန္ဒိယနိုင်ငံမှာ ရာဇဝင်ကြီးစွာ ထင်ပေါ်ခဲ့သော ဂန္ထဝင်မြောက် ဘာသာစကားတစ်ခုလည်းဖြစ်။**

**ဇာတကစာပေ**

မြန်မာစာပေရှုထောင့်မှ ကြည့်လျှင် ပါဠိစာပေတည်းဟူသော ရေသောက်မြစ်ပေါ်မှာ မြန်မာစာပေတည်းဟူသော ပင်စည်၊ အကိုင်းအခက်၊ အရွက်တို့သည် စိမ်းစိမ်းစိုစို ဝေဝေဆာဆာ ဖြစ်ပေါ်လာပါသည်။ သာဓကအားဖြင့် ဇာတကစာပေများ၏ မြန်မာစာပေအပေါ် ကျေးဇူးပြုမှုသည် အလွန်ပင်များပြားလှပါသည်။ ယင်းဇာတကစာပေများသည် မြန်မာစာပေလောကတွင် သာမက ကမ္ဘာအနှံ့ နေရာယူခဲ့ကြပါသည်။

**ပါဠိစာပေနှင့် ကင်းကွာ၍ မရ**

မြန်မာ့ယဉ်ကျေးမှုရှုထောင့်မှ ကြည့်မည်ဆိုလျှင်လည်း မြန်မာ့ယဉ်ကျေးမှုသည် ပါဠိစာပေနှင့် ကင်းကွာ၍ မရပါ။ မြန်မာ့ယဉ်ကျေးမှုကို မြတ်မြတ်နိုးနိုး ထိန်းသိမ်းလိုသူတိုင်း ပါဠိစာပေနှင့် ပတ်သက်၍ အနည်းဆုံး ဗဟုသုတတော့ ရှိထားသင့်ပါသည်။ တက္ကသိုလ်၊ ကောလိပ် ပညာရေးနယ်ပယ်တွင် ပါဠိစာပေကို ဘာသာရေးစာပေအနေထက် ယဉ်ကျေးမှုစာပေအနေဖြင့်သာ ပိုမိုရှုမြင်သုံးသပ်ပါသည်။

**ဂန္ထဝင်မြောက်ဘာသာစကား**

ပါဠိဟူသည် ဗုဒ္ဓဘာသာရေးကို မှတ်တမ်းတင်ထားသော ဘာသာမျှသာမက တစ်ရံရောအခါက အိန္ဒိယနိုင်ငံမှာ ရာဇဝင်ကြီးစွာ ထင်ပေါ်ခဲ့သော ဂန္ထဝင်မြောက်ဘာသာစကားတစ်ခုလည်း ဖြစ်ပါသည်။ ထို့ကြောင့် ပါဠိစာပေကို ဆစ်ဆစ်ပိုင်းပိုင်း လေ့လာတော့မည်ဆိုလျှင် အိန္ဒိယနိုင်ငံ၏သမိုင်းကြောင်း၊ ပထဝီဝင်အနေအထား၊ ယဉ်ကျေးမှု၊ လူမှုရေးစသည့်ကဏ္ဍများကိုလည်း ချန်လှပ်ထား၍ မရပါ။ ထို့ပြင် ပါဠိဘာသာနှင့် နီးနွယ်ဆက်စပ်နေသော သက္ကတ၊ ပါကတဘာသာစကားများနှင့် ဘာသာဗေဒပညာရပ်တို့တွင်လည်း ထဲထဲဝင်ဝင်ရှိဖို့ လိုအပ်ပါသည်။ သို့မှသာ ပါဠိစာပေ၏ အနှစ်သာရကို ခံစားနိုင်ပါမည်။

**အရေးပါ အရာရောက်**

အဆင့်မြင့်ပညာရပ် ပရဝဏ်အတွင်းမှာ ပါဠိစာပေ၏ အခန်းကဏ္ဍသည် အရေးပါအရာရောက်သည့် နေရာတွင် တည်ရှိပါသည်။ အိန္ဒိယ တက္ကသိုလ် အတော်များများနှင့် သီရိလင်္ကာတက္ကသိုလ်အားလုံးတွင် ပါဠိစာပေကို သင်ကြားကြရပါသည်။ ဗြိတိန်နိုင်ငံ အောက်စ်ဖို့၊ ကိန်းဘရစ်ချ် တက္ကသိုလ်များနှင့် ဂျာမနီနိုင်ငံ စသည့်တက္ကသိုလ်များတွင်လည်း ပါဠိစာပေကို သင်ကြားကြရပါသည်။

**ကမ္ဘာ့စာပေ**

ပါဠိစာပေသည် အိန္ဒိယနိုင်ငံတွင် ပေါ်ပေါက်ခဲ့သည်မှန်သော်လည်း ကမ္ဘာ့စာပေတစ်ရပ်ပင် ဖြစ်သည်ဟု ဆိုရမည်သို့။

**(ပါမောက္ခ ဆရာကြီးဦးတင့်လွင်၏ မိန့်မှာစကားတို့ကို ကြားယောင်သတိရလျက်)**

# ဗဟိုဘဏ်ကပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားသုံးငွေစီမံခန့်ခွဲမှုဥပဒေမှာ . . .

ဗဟိုဘဏ်က ပြဋ္ဌာန်းထားတဲ့ နိုင်ငံခြားသုံးငွေ စီမံခန့်ခွဲမှုဥပဒေမှာ ပို့ကုန်ရငွေတွေကို ခြောက်လအတွင်း ပြန်ဝင်ရမယ်လို့ပဲ ပြဋ္ဌာန်းထားတာကို တွေ့ရပါတယ်။ သွင်းကုန်အတွက် ငွေပေးချေမှုတွေကို မြန်မာဘဏ်က ပြန်ထွက်ရမယ်လို့ပြဋ္ဌာန်းထားတာ မတွေ့ပါဘူး။ အဲဒါကြောင့် ဒီကိစ္စဟာ ကုန်သွယ်မှုဆိုင်ရာမူဝါဒနဲ့ ဆိုင်မယ်လို့ထင်ပါတယ်။

အမှန်တကယ်ကတော့ သွင်းကုန်အတွက် ငွေပေးချေတာကို ပြည်တွင်းကပေးချေရမှာ ဖြစ်ပါတယ်။ ဒါပေမယ့် Sanction ကိုရှောင်ဖို့ စီး/ကူးရဲ့ တန်ဖိုးထိန်းချုပ်မှု (Price controls) တွေကို ရှောင်ဖို့စတဲ့အချက်တွေနဲ့ စင်ကာပူမှာ ကုမ္ပဏီဖွင့်ပြီး အမှန်တကယ် ပို့ကုန်ကရတဲ့ငွေကို စင်ကာပူမှာ ပဲထားတဲ့အတွက် အဲဒီနိုင်ငံကပဲ သွင်းကုန်အတွက်ပေးချေရတာ ပိုလွယ်ကူသလို ဖြစ်သွားပါတယ်။ အဲဒါကိုလည်း အခုအချိန်မှာ လက်ခံသင့်ပါတယ်။ အခု Sanction ကလွတ်နေပြီဖြစ်တဲ့အတွက် ကုန်သွယ်မှုဆိုင်ရာမူဝါဒတွေကိုပြန်လည်သုံးသပ်ပြင်ဆင်ဖို့လိုပါလိမ့်မယ်။

နိုင်ငံတကာမှာ ဗဟိုဘဏ်က ဘဏ်တွေကို Reserve ငွေထုတ်မရောင်းပေးပါဘူး။ ငွေကြေးဈေးကွက်ကို Intervention ပြုလုပ်ပြီးဝင်ထိန်းဖို့ ရောင်းမယ်ဆိုရင်တောင် (နိုင်ငံပေါ်မူတည်ပြီး) နိုင်ငံတော်သမ္မတ သို့မဟုတ် ဘဏ္ဍာရေးဝန်ကြီးဌာနတို့နဲ့ တိုင်ပင်ဆုံးဖြတ်ပြီးမှ Interbank ဈေးကွက်ကတစ်ဆင့် ရောင်းလေ့ရှိပါတယ်။ အဲဒါကြောင့် မြန်မာဗဟိုဘဏ်က FX လေလံက တစ်ဆင့် ဒေါ်လာတွေရောင်းနေတာကိုလျှော့ဖို့ IMF ကလည်း ပြောထားတယ်လို့သိရပါတယ်။

မြန်မာဘဏ်တွေအနေနဲ့ စင်ကာပူမှာရှိတဲ့ Nostro account မှာ Imports တွေအတွက် ပေးရငွေလုံလောက်မှုမရှိရင် Interbank ဈေးကွက်က ဒေါ်လာဝယ်ယူရပါလိမ့်မယ်။ (ဒါမှမဟုတ် Interbank SWAP ဈေးကွက်က ဒေါ်လာငွေချေးနိုင်ပါတယ်။ ဗဟိုဘဏ်က SWAP transactions တွေကို ခွင့်ပြုထားပြီးဖြစ်တယ်လို့ သိရပါတယ်။ ဒါပေမယ့်ဘဏ်တွေက SWAP ဈေးကွက်နဲ့ ISDA စာချုပ်တွေနဲ့ မရင်းနှီးသေးတဲ့အတွက် အခုအချိန်မှာတော့ SWAP ဈေးကွက် မရှိသလောက် ဖြစ်နေပါသေးတယ်။)

Interbank ဈေးကွက်မှာ ဒေါ်လာလိုအပ်တဲ့ဘဏ်တွေအနေနဲ့ ဒေါ်လာအပိုရှိတဲ့ ဘဏ်တွေဆီက ဒေါ်လာဝယ်နိုင်ပါတယ်။ မြန်မာနိုင်ငံမှာ ဒေါ်လာအပိုတွေရှိနေတဲ့ ဘဏ်တွေက MFTB, MICB နဲ့ MEB တို့ဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ပုဂ္ဂလိကဘဏ် အများစုမှာ နိုင်ငံတကာ Correspondent ကွန်ရက်မကျယ်ပြန့်သေးဘဲ သူတို့ရဲ့ LC ကို လက်ခံမှုလည်းကျယ်ပြန့်မှုမရှိသေးတဲ့အတွက် နိုင်ငံတကာကုန်သွယ်မှုအများစုကို အဲဒီနိုင်ငံပိုင်ဘဏ်တွေက ဆောင်ရွက်နေရဆဲဖြစ်ပြီး ပို့ကုန်ရငွေအများစုကလည်း အဲဒီဘဏ်တွေကို ဝင်တာများပါတယ်။ အဲဒါကြောင့် အဲဒီဘဏ်တွေမှာ ပုဂ္ဂလိကဘဏ်တွေထက် ဒေါ်လာငွေအပိုရှိကြပါတယ်။ ဒါပေမယ့် အဲဒီဘဏ်တွေက Interbank ဈေးကွက်ကို လုံးဝဝင်မလာပါဘူး။

အဲဒါကြောင့် Interbank ဈေးကွက်မှာ ရှိသင့်သလောက် ဒေါ်လာပမာဏမရှိတဲ့ (မရနိုင်တဲ့) အချက်ကလည်း ဒေါ်လာဈေးတက်ရခြင်းအချက် တစ်ချက်ဖြစ်ပါတယ်။

အတိုချုပ်ဆိုရရင် သွင်းကုန်ငွေပေးချေမှုနဲ့ ပတ်သက်လို့ ကုန်သွယ်မှုဆိုင်ရာ မူဝါဒတွေကို ပြန်လည်သုံးသပ်ပြင်ဆင်သင့်တယ်လို့ ထင်ပါတယ်။ မြန်မာဘဏ်တွေရဲ့ TT and LC payment transfer အတွက် စင်ကာပူမှာဖွင့်ထားတဲ့ သူတို့ရဲ့ Account ကိုငွေဖြည့်တင်းမှုအတွက် ဗဟိုဘဏ်က ရောင်းပေးရမှာမဟုတ်ပါဘူး။ နိုင်ငံတကာမှာလည်း မရောင်းပေးပါဘူး။ Interbank ဈေးကွက်ကိုထိရောက်အောင်လုပ်ဖို့လိုပါတယ်။

Interbank ဈေးကွက် ထိရောက်စေဖို့ ဒေါ်လာအပိုရှိတဲ့ နိုင်ငံပိုင်ဘဏ်တွေ Interbank ဈေးကွက်ကို ဝင်ရောက်ရောင်းဝယ်ဖို့ လိုအပ်ပါတယ်။ SWAP ဈေးကွက်ကျယ်ပြန့်လာဖို့ လိုပါတယ် (အဲဒါမှ နိုင်ငံခြားဘဏ်ခွဲတွေမှာရှိတဲ့ ဒေါ်လာတွေကို ရနိုင်မှာဖြစ်ပါတယ်)။ ဒါ့အပြင် နိုင်ငံခြားဘဏ်တွေကနေ Credit line တွေရနိုင်ဖို့လည်း လိုအပ်ပါတယ်။ ။

**ခင်မောင်ညို(ဘောဂဗေဒ)**




# ကျိုက္ခမီ ရေလယ်ဘုရားပွဲတော်အမီ သံဖြူဇရပ်-ကျိုက္ခမီကားလမ်း အဆင့်မြှင့်တင်နေ

**သံဖြူဇရပ် အောက်တိုဘာ ၆**

သံဖြူဇရပ်မြို့နယ်လမ်းဦးစီးဌာနသည် သံဖြူဇရပ်-ကျိုက္ခမီကားလမ်းအားမူလအကျယ်ပေ ၃၀မှ ပေ ၄၀အကျယ်ရရှိရန် မြေသားတာပေါင်တိုးချဲ့ခြင်းလုပ်ငန်းအား စက်တင်ဘာလမှစတင်ကာ စက်ယန္တရားအင်အား၊ လုပ်သားအင်အားတို့ဖြင့် ဆောင်ရွက်နေကြောင်း သိရသည်။

ထို့ပြင် ကျိုက္ခမီနှင့် စက်စဲလမ်းခွဲ၌ဆွမ်းအုပ်ပုံအဝိုင်းပတ်ကို ဆောင်ရွက်ပြီးဖြစ်ရာ အဝိုင်းပတ်လမ်းတိုးချဲ့ခြင်းလုပ်ငန်းကို အောက်တိုဘာပထမပတ်အတွင်းပြီးစီးရေးအတွက် လမ်းဦးစီးဌာနဝန်ထမ်းများကဆောင်ရွက်နေကြောင်း သိရသည်။

ကျိုက္ခမီကားလမ်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းအတွက် လုပ်ငန်းကြီးကြပ်သူ အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်ကျင်စန်းက "သံဖြူဇရပ်-ကျိုက္ခမီလမ်းမြေသားတာပေါင် ပေ ၄၀ချဲ့ခြင်းကို သုည ၆ ကီလိုမီတာမှ ကျိုက္ခမီ ၂၁ ကီလိုမီတာအတွင်း လမ်းအရှည်၁၈ ဒသမ ၈၇ ကီလိုမီတာကို မြေသားတာပေါင် တိုးချဲ့ခြင်းလုပ်ငန်း ဆောင်ရွက်ပြီး စက်စဲနဲ့ ကျိုက္ခမီလမ်းခွဲအဝိုင်းပတ်လမ်းကိုသတ်မှတ်တဲ့ကတ္တရာလမ်းအကျယ်ရရှိစေဖို့ အချိန်မီပြီးစီးအောင်ဆောင်ရွက်နေပါတယ်"ဟု ပြောကြားခဲ့သည်။

ထို့ပြင် ကျိုက္ခမီကားလမ်းကိုအဆင့်မြှင့်တိုးချဲ့ခြင်းလုပ်ငန်းအား ကျိုက္ခမီ ရေလယ်ဆံတော်ရှင်ဘုရားဗုဒ္ဓပူဇနိယပွဲတော်အမီ ပြီးစီးနိုင်ရေးနှင့် ပွင့်လင်းရာသီ၌ ကျိုက္ခမီ ရေလယ်ဘုရားနှင့်စက်စဲကမ်းခြေသို့ လာရောက်ကြမည့် အနယ်နယ်အရပ်ရပ်မှခရီးသွားပြည်သူများသွားလာမှု အဆင်ပြေစေရေးအတွက် ဆောင်ရွက်ပေးနေကြောင်း သိရသည်။

**ကျော်ဝင်း(ပြန်/ဆက်)**

# ငယ်စဉ်ကစခဲ့သောအတွေးများ-၂

## မြေကြေးမောင်

> **ဆရာ ဆရာမများ စာမသင်ရဘဲ သစ်ပင်စိုက်ခဲ့ရသောဘဝများ၊ ဝန်ထမ်းများ ရုံးအလုပ်မလုပ်ရဘဲ ဂေါက်ကွင်းမှာ မြက်နုတ်ရသောဘဝများသည် တစ်ချိန်က အမှန်ပင်ဖြတ်သန်းခဲ့ရသော အဖြစ်အပျက်များ ဖြစ်ပါသည်။ ပေါ်ပင်အလုပ်များကလည်း ယနေ့ကာလအထိ များပြားလှပါသည်။ မရိုးနိုင်အောင်၊ မထပ်နိုင်အောင်လည်း ရှာတတ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်အစား ပေါ်ပင်အလုပ်များနောက်သို့ စီးမျောလိုက်ပါနေရသဖြင့်. . .**

လူတိုင်းအတွက် ငယ်ဘဝဆိုသည် လွမ်းဆွတ်တမ်းတဖွယ်ရာဖြစ်ပါသည်။ ထို့ပြင် ငယ်ဘဝက တွေ့ကြုံခဲ့သော အတွေးအမြင်၊ ခံစားချက်၊ ခံယူချက်များသည် နောင်တစ်ချိန်ဘဝကို ထုဆစ်ပုံဖော်ကြရာတွင် အလိုအလျောက် ပြန်လည်အသုံးချကြရသည်လည်းရှိပါသည်။ ငယ်ဘဝအကြောင်း ပြန်ပြောင်းသတိရကြရုံဖြင့် ပြန်လည်နုပျိုပြီး ခွန်အားသစ်များလည်း ရရှိကြရပါသည်။

အဆိုတော် စိုင်းထီးဆိုင်၏ "ပျောက်ဆုံးနေသော နိဗ္ဗာန်ဘုံ" သီချင်းကြားရတိုင်း ငယ်ဘဝ၏ မက်မောတမ်းတစရာများကို အမြဲတမ်းလွမ်းဆွတ်ခံစားမိရပါသည်။ မိမိသည် မိဘနှစ်ဦးက ဝန်ထမ်းများဖြစ်ကြသောကြောင့် ဝန်ထမ်းသားသမီးဘဝဖြင့် ငယ်ဘဝကိုဖြတ်သန်းခဲ့ရသည်။

ဘွဲ့ရပြီး အလုပ်ခွင်ဝင်သောနေ့တွင် မိဘနှစ်ပါးက "အလုပ်ခွင်ထဲရောက်ပြီး အလုပ်ကိုကြောက်နေတဲ့အခါ အလုပ်က ကိုယ့်ကိုနိုင်သွားလိမ့်မယ်။ အလုပ်ကို ကိုယ်က မကြောက်တဲ့အခါ ကိုယ်ကအလုပ်ကို နိုင်လိမ့်မယ်။ ဒါက နိယာမတရားပဲ" ဟု ဆုံးမခဲ့ပါသည်။ ထို့ပြင် "ကိုယ်က နောက်လိုက်ဖြစ်တဲ့အချိန်မှာ နောက်လိုက်ကောင်းဖြစ်အောင်လုပ်ပြီး အထက်အရာရှိကို ပံ့ပိုးကူညီပေးပါ။ ကိုယ်က ဦးဆောင်ရသည့်အခါ ခေါင်းဆောင်ကောင်းဖြစ်အောင်လုပ်ပါ။ လူတွေဟာ ထမင်းစားတဲ့လူချည်းဖြစ်လို့ ကိုယ်ပိုင်အမြင်၊ ကိုယ်ပိုင်ခံစားချက်ရှိကြတယ်။ အတွေးအမြင် အမျိုးမျိုးရှိကြတဲ့လူတွေကို မိမိဦးတည်တဲ့ လမ်းကြောင်းအတိုင်း လိုက်ပါအောင် ခေါ်ဆောင်ဖို့ဆိုတာ တကယ့်ကိုမလွယ်ဘူး။ ဒါပေမယ့် ခေါင်းဆောင်ကောင်းဆိုတာ မိမိသွားချင်တဲ့ ဦးတည်ချက်ကို ရောက်အောင် အားလုံးကို စုစည်းဦးဆောင်နိုင်တဲ့သူဖြစ်ရမယ်"ဟု သွန်သင်ခဲ့ပါသည်။

ထိုဆုံးမသွန်သင်ချက်အတိုင်း ယနေ့အထိလိုက်နာကျင့်သုံးခဲ့ပါသည်။ ထို့ပြင် "လူတွေလိုသမျှကို အမြဲတမ်း ပံ့ပိုးနိုင်မှာမဟုတ်ဘူး။ ဒါပေမယ့် အမြဲတမ်းပံ့ပိုးနိုင်တာ တစ်ခုတော့ရှိတယ်။ အဲဒါကတော့ ဂုဏ်သိက္ခာဆယ်ပေးတာပဲ။ မိမိရဲ့ အထက်အရာရှိ၊ လုပ်ဖော်ကိုင်ဖက်နဲ့ မိမိအောက်ဝန်ထမ်းများကို လေးလေးစားစား ဆက်ဆံပေးခြင်းဟာ သူတို့ရဲ့ဂုဏ်သိက္ခာကို မြှင့်တင်ပေးတာဖြစ်တယ်။ ဒါကြောင့် တစ်ဖက်သားအပေါ် အမြဲတမ်းလေးလေးစားစား ဆက်ဆံပြီး ၎င်းတို့၏ ဂုဏ်သိက္ခာကိုမြှင့်တင်ပေးရမယ်" ဟုလည်း လမ်းညွှန်ခဲ့ပါသည်။

ဝန်ထမ်းသားသမီးဖြစ်ခဲ့ပြီး ယနေ့အချိန်အထိ ရာထူးနေရာအဆင့်ဆင့်တွင် တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းတစ်ဦးပီပီ မိမိသည် ဝန်ထမ်းများ၏ဘဝကို များစွာနားလည်သဘောပေါက်သူ ဖြစ်ခဲ့ရပါသည်။ ဝန်ထမ်းများအပေါ် ကိုယ်ချင်းစာနာနိုင်သူလည်း ဖြစ်ခဲ့ပါသည်။

ဝန်ထမ်းဆိုရာတွင် ဖြတ်သန်းမှုပုံစံ အမျိုးမျိုးဖြင့် ဝန်ထမ်းဖြစ်လာသူများဖြစ်ကြပါသည်။ တစ်ဖန် ၎င်းတို့သည် ရည်ရွယ်ချက်အမျိုးမျိုးဖြင့်လည်း ဝန်ထမ်းလောကသို့ ရောက်လာသူများဖြစ်ကြပါသည်။

အချို့သည် မှန်ကန်သော ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အချို့သည် မမှန်ကန်သော ရည်ရွယ်ချက်ဖြင့်လည်းကောင်း၊ အချို့သည် မတော်တဆ ကံပါလာ၍ လည်းကောင်း ဝန်ထမ်းဘဝရောက်ရှိလာသူများဖြစ်ကြပါ၍ အချုပ်အားဖြင့် ဝန်ထမ်းလောကကို လောကအလှဆင်သူနှင့် လောကကို ဖျက်ဆီးသူဟူ၍ အုပ်စုနှစ်မျိုးခွဲခြားရှုမြင်နိုင်ကြပါမည်။ အချို့သည် စားဝတ်နေရေးဘဝရပ်တည်မှုအတွက်လည်းကောင်း အချို့သည် ဝန်ထမ်းဘဝအဖြစ်မှလွဲလျက် ကျန်အလုပ်များမလုပ်တတ်၍လည်းကောင်း၊ အချို့သည် ကိုယ်ကျိုးစီးပွားအတွက် လုပ်ပိုင်ခွင့်(ခွင်)ရရှိလို၍လည်းကောင်းစသဖြင့် ပုံစံအမျိုးမျိုး၊ ရည်ရွယ်ချက်အသီးသီးဖြင့် ဝန်ထမ်းဘဝကို ခံယူလာကြသူများဖြစ်၍ ၎င်းတို့၏ ပြည်သူကို ဝန်ဆောင်ပေးမှုသည် ၎င်းတို့၏ အတွေ့အကြုံ၊ အတွေးအမြင်အပေါ်၌သာ အခြေခံလေ့ရှိကြပါသည်။ တစ်နည်းအားဖြင့် ငယ်ဘဝ၌ အရောင်ခြယ်သခံခဲ့ရမှုသည် ဝန်ထမ်းလောကကို အသွေးအရောင်မျိုးစုံ ဖြစ်ထွန်းစေလေ့ရှိပါသည်။

ထို့ပြင် ဝန်ထမ်းလောကတွင်လည်း ဆူကြုံနိမ့်မြင့် အမျိုးမျိုးရှိကြပါသည်။ အချို့သည် ရာထူးငယ်သော်လည်း ကိုယ်ကျင့်တရားပြည့်စုံသူ၊ အချို့သည် ရာထူးကြီးသော်လည်း ကိုယ်ကျင့်တရားမပြည့်စုံသူ၊ အချို့သည် ရာထူးငယ်သော်လည်း အတွေးအမြင်အသိပညာမြင့်မားသူ၊ အချို့သည် ရာထူးကြီးသော်လည်း အသိအမြင်နိမ့်ကျသူ၊ အချို့သည် ရာထူးကြီးကြီးငယ်ငယ် အသိပညာ၊ ကိုယ်ကျင့်တရားနှစ်ခုလုံး ပြည့်စုံသူ၊ အချို့သည် စီးပွားရေးအားဖြင့် နိမ့်ကျသူ၊ အချို့သည်စီးပွားရေးအားဖြင့် မယုံကြည်နိုင်လောက်အောင် ချမ်းသာကြွယ်ဝနေသူ စသည်ဖြင့် အမျိုးမျိုးဖြစ်ကြပါသည်။

မိမိသည် ဝန်ထမ်းတစ်ဦးဘဝအဖြစ်သို့ ရောက်ရှိပြီး ယနေ့အထိ ဖြတ်သန်းနေရသောကြောင့် ဝန်ထမ်းလောက၏ ကောင်းမွေ၊ ဆိုးမွေများကိုလည်း တွေ့ထိခံစားခဲ့ရပါသည်။ ဝန်ထမ်းများကောင်းလျှင် တိုင်းပြည်ကောင်းပြီး ဆိုးသောဝန်ထမ်းများ များပြားလျှင် တိုင်းပြည်ဒုက္ခရောက်ရလေ့ရှိသည်ကိုလည်း တွေ့မြင်ရပါသည်။

ဝန်ထမ်းလောကတွင် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားလုပ်လျက် မယုံကြည်နိုင်လောက်အောင် ချမ်းသာကြွယ်ဝနေသော လူများမှာ အနည်းအကျဉ်းမျှသာရှိ၍ များသောအားဖြင့် ဆင်းရဲချို့တဲ့သူ၊ နွမ်းပါးသူ၊ အလယ်အလတ်ရှိသူများသာ များကြပါသည်။

ငယ်စဉ်က စက်ရုံဥသြဖြင့် ရုံးတက်ပြီး စက်ရုံဥသြဖြင့် ရုံးပြန်ဆင်းကြသော ဝန်ထမ်းလောကကိုကြည့်ရင်း အလွန်ကိုသဘောကျခဲ့ပါသည်။ ရုံးဆင်းလျှင် ကိုယ်ပိုင်အချိန်ဖြစ်၍ ဝါသနာပါရာလုပ်ငန်းကို လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိကြပါသည်။ စိတ်လွတ်လပ်ပေါ့ပါးကြ၍ တစ်ဦးနှင့်တစ်ဦး၊ တစ်မိသားစုနှင့် တစ်မိသားစု ဆွေမျိုးသားချင်းသဖွယ် ဆက်ဆံနိုင်ကြပါသည်။

ကြီးပြင်းလာ၍ လုပ်ငန်းခွင်ထဲရောက်သည့်အခါ ကိုယ်ပိုင်အချိန်ဟူ၍ မရှိ၊ မမြဲတမ်းဖိစီးမှုဖြင့် တာဝန်ထမ်းဆောင်ရသောအခါ ငယ်စဉ်ကကြုံတွေ့ခဲ့ရသော ဘဝနှင့် များစွာ ကွာခြားနေကြောင်း တွေ့ရှိရပါသည်။ လုပ်ပိုင်ခွင့်(ခွင်)ကို အလွဲသုံးစားလုပ်လို၍ အဆိုပါလုပ်ပိုင်ခွင့်အတွက် အုပ်စုလိုက် တိုက်ပွဲဆင်နေမှုများကို တွေ့မြင်ရသောအခါ အံ့သြမိရပါသည်။ ခြေတစ်ဖဝါးစာ အခွင့်အရေးတစ်ခုအတွက် အသေအကျေ တိုက်ကြခိုက်ကြသည်ကို တွေ့ရသည့်အခါ ထိုသူများကို ရွံရှာစက်ဆုပ်မိပါသည်။

လုပ်ငန်းခွင်ထဲ၌လည်း မိမိ၏ပင်မလုပ်ငန်းကို လုပ်ခွင့်မရဘဲ ပေါ်ပင်လုပ်ငန်းများကိုသာ လိုက်ပါလုပ်ဆောင်ရင်း တစ်နေ့ပြီးတစ်နေ့ အချိန်ကုန်လွန်သွားသောအခါ များစွာရင်မောရပါသည်။ မိမိတိုင်းပြည်အတွက် အကျိုးရှိသောလုပ်ငန်းများကို လုပ်ဆောင်၍ မိမိကြောင့် တိုင်းပြည်အကျိုးရှိသွားသောဘဝ၊ အများကို အကျိုးပြုနိုင်သော ဘဝမျိုးကို လိုချင်သော်လည်း ပေါ်ပင်လုပ်ငန်းများ နောက်လိုက်၍ ရေစီးကြောင်းတွင် မျောပါနေရသည့်ဘဝကို ကြုံတွေ့နေရသောအခါ အိပ်မက်မက်နေသကဲ့သို့ပင် ရှိရပါသည်။ မိမိကဲ့သို့ပင် စာဖတ်သူများသည်လည်း ထိုသို့သော အတွေ့အကြုံများစွာရှိကြမည်ဟု ယုံကြည်ပါသည်။

မိမိ၏ ပင်မလုပ်ငန်းများကို မလုပ်ကိုင်ရဘဲ ပေါ်ပင်လုပ်ငန်းများကို လုပ်ကိုင်ရသော ရယ်စရာအဖြစ်အပျက်တစ်ခုကို တင်ပြလိုပါသည်။ စာရေးသူ၏ မိတ်ဆွေအမှန်ကြုံတွေ့ခဲ့သော အဖြစ်အပျက်ဖြစ်ပါသည်။

၎င်းသည် အခါတစ်ပါး၌ နယ်မြို့တစ်မြို့တွင် တာဝန်ထမ်းဆောင်နေလျက်ရှိစဉ် စိုက်ပျိုးရေးဆိုင်ရာ ကိန်းဂဏန်းများ မကြာခဏပြင်ဆင်ခံနေရ၍ ကိန်းဂဏန်းအပြင်မခံရသော အခြားဌာနအကြီးအကဲတစ်ဦးကို "ခင်ဗျားတို့ဌာနက ကောင်းတယ်၊ ကိန်းဂဏန်းအပြင်မခံရဘူး၊ ခင်ဗျားတို့ပေးတဲ့အတိုင်း ဒသမစွန်းအထိ အတိအကျလက်ခံတယ်။ ကျုပ်တို့ဌာနကတော့ မကြာခဏပြင်ပြင်ပေးနေရတယ်"ဟု ရင်ဖွင့်ပြောမိသည်ဆို၏။ ထိုအခါ အဆိုပါပုဂ္ဂိုလ်က "အဲဒီလိုလည်းမဟုတ်သေးဘူး၊ ကျုပ်တို့လည်း ကျုပ်တို့ဒုက္ခနှင့်ကျုပ်တို့ရှိပါတယ်"ဟု ပြန်လည်ရင်ဖွင့်သည်ဟုဆိုပါသည်။ ကျုပ်တို့က မိုးလေဝသကိုကိုင်ရတော့ အလုပ်ပါးတယ်ဆိုပြီး ဝန်ထမ်းမရှိတဲ့ကြားက "ဆယ်မျိုး ဆယ်ပင် ဘူးတစ်စင်" ကိုလည်း စိုက်ရသေးတယ်၊ သစ်ဆိမ့်ပင်၊ ကြက်ဆူပင်တွေလည်း စိုက်ရသေးတယ်၊ လူကြီးလာပြီး ဖွင့်ပွဲအခမ်းအနားလုပ်ပြီဆိုရင် မိုးလေဝသနဲ့ဆိုင်တယ်ဆိုပြီး မိုးပျံပူပေါင်းကိုလည်း တာဝန်ယူရတယ်။ မိုးပျံပူဖောင်းတွေလုပ်ရတဲ့ဒုက္ခ၊ ပေါက်မှာစိုးတဲ့ဒုက္ခ၊ Gas ထပ်ဖြည့်ရတဲ့ဒုက္ခ စတဲ့ဒုက္ခတွေနဲ့ဆိုတော့ ဆရာတို့ဌာနနဲ့ မကွာပါဘူးဟု ရယ်စရာပြန်ပြောသည်ဆိုပါသည်။ ဆရာ ဆရာမများ စာမသင်ရဘဲ သစ်ပင်စိုက်ခဲ့ရသောဘဝများ၊ ဝန်ထမ်းများရုံး အလုပ်မလုပ်ရဘဲ ဂေါက်ကွင်းမှာ မြက်နုတ်ရသော ဘဝများသည် တစ်ချိန်က အမှန်ပင်ဖြတ်သန်းခဲ့ရသော အဖြစ်အပျက်များ ဖြစ်ပါသည်။

ပေါ်ပင်အလုပ်များကလည်း ယနေ့ကာလအထိ များပြားလှပါသည်။ မရိုးနိုင်အောင်၊ မထပ်နိုင်အောင်လည်း ရှာတတ်ပါသည်။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရမည့်အစား ပေါ်ပင်အလုပ်များနောက်သို့ စီးမျောလိုက်ပါနေရသဖြင့် အချိန်တွေလုပ်အားတွေ ကုန်လှပါသည်။ မိမိတာဝန်ယူမည့် အကြောင်းကိစ္စအတွက် ပြည့်စုံအောင် ဆည်းပူးလိုက်နာမှုမရှိဘဲ အလွယ်တကူနှင့် သူတစ်ပါးဦးနှောက်ဖောက်စားကာ ဆရာကြီးလုပ်နေသော သူများကိုလည်း တိုင်းပြည်တွင် နေရာအနှံ့တွေ့မြင်နေရပါသည်။ အကျိုးမရှိသော၊ မလိုအပ်သော မေးခွန်းများကို ထပ်ခါထပ်ခါမေးမြန်း၍ မရောင်ရာဆီလူးနေသည်များကိုလည်း ခံစားနေရပါသည်။

လာဘ်ပေးလာဘ်ယူ ကင်းရှင်းအောင်ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်နေကြောင်းတွေ့ရ၍ များစွာဝမ်းသာရပါသည်။ အပြစ်ရှိသူများကို ပြစ်မှုနှင့် ထိုက်တန်သော အပြစ်ဒဏ်ချမှတ်စေချင်ပါသည်။ သေဒဏ်ထိုက်လျှင် သေဒဏ်၊ ထောင်ဒဏ်ထိုက်လျှင် ထောင်ဒဏ်ပေးစေချင်ပါသည်။ သို့သော် အပြစ်တစ်စုံတစ်ရာ မပေါ်ပေါက်သေးဘူးဆိုလျှင် ၎င်းတို့ကိုတရားခံစာရင်း မသွင်းစေချင်ပါ။ ဝန်ထမ်းများသည်လည်း ပြည်သူလူထုဖြစ်ပါသည်။ ဝန်ထမ်းတိုင်းမကောင်းဘူးဟု မယူဆစေချင်ပါ။ ကောင်းသော၊ တာဝန်ကျေသော ဝန်ထမ်းများစွာရှိပါသည်။ လေးစားထိုက်သော၊ ဂုဏ်ပြုခံထိုက်သော ဝန်ထမ်းများစွာ ရှိသေးသည်ကို မမေ့သင့်ပါ။ အပြစ်ကင်းစင်သော ဝန်ထမ်းများကို ထိုက်တန်သော ဂုဏ်သိက္ခာနှင့်အညီ ဆက်ဆံမှုပြုစေချင်ပါသည်။ ရာထူးတိုးမြှင့်ခြင်းအပါအဝင် ခံစားသင့်ခံစားထိုက်သော အခွင့်အရေးများကို ခေါင်းပုံဖြတ်မှုမခံရဘဲ ခံစားစေချင်ပါသည်။ အဆုံးစွန်ဆုံးတင်ပြရလျှင် ဝန်ထမ်းများအပေါ် လစာ၊ အခွင့်အရေးဘာတစ်ခုမှ မပေးနိုင်ရင်သော်မှ အပြစ်ကင်းစင်သူများကို ဂုဏ်သိက္ခာရှိသော ဝန်ထမ်းများအဖြစ် အသိအမှတ်ပြုပေးစေချင်ပါသည်။ ဤအချက်သည် ဝန်ထမ်းလောကအတွက် အလိုအပ်ဆုံးသော ဆုလာဘ်ဖြစ်ပါသည်။

ငယ်စဉ်ကစခဲ့သော အတွေးများသည် မိမိလက်တွေ့ဖြတ်သန်းခဲ့ရသော အတွေ့အကြုံများနှင့် ပေါင်းစပ်ပြီး မပြီးဆုံးသော ရင်တွင်းဖြစ် ပန်းချီကားတစ်ချပ်သဖွယ် ဖြစ်ပေါ်လျက်ရှိရပါသည်။ ခံစားမှုအတွေးများသည်လည်း ဆင့်ကာဆင့်ကာ ပေါ်ပေါက်လာရပါသည်။ ဝန်ထမ်းသားသမီးဘဝမှစ၍ ဝန်ထမ်းတစ်ဦးအဖြစ် ရပ်တည်နေသော သူတစ်ဦး၏ အလိုချင်ဆုံးသော ဆန္ဒကိုပြောပါဆိုလျှင်မူ လွတ်လပ်ပေါ့ပါး၊ ဂုဏ်သိက္ခာရှိသော ဝန်ထမ်းအဖြစ်နှင့် တိုင်းပြည်အကျိုး၊ အများအကျိုးကို ရွက်ဆောင်နိုင်တဲ့သူတစ်ဦးဖြစ်ရပါလို၏ဟုသာ ပြောပါရစေတော့ခင်ဗျား။

ငယ်စဉ်ကစခဲ့သော အတွေးများသည် ကြီးသည်အထိ အမျှင်မပြတ်နိုင်တော့ပါ။ ။

---

# ငှက်ဖျားခြင်များ၏ အလေ့အထများအား သုတေသနပြုဆောင်ရွက်

**အင်းတော် အောက်တိုဘာ ၆**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဗဟို (ရပကန)အဖွဲ့ ဦးစီးအရာရှိ (ပိုးမွှား)ဦးသီဟ ဦးဆောင်သောအဖွဲ့သည် စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်အုပ်စု ကမ်းနီကျေးရွာ ဘုန်းကြီးကျောင်းတွင် စခန်းချပြီး အောက်တိုဘာ ၄ ရက် ညမှစတင်ကာ ကမ်းနီရွာတွင်း၊ ရွာပြင်ပနေရာများမှ ငှက်ဖျားခြင်များ၏အလေ့အထများကို သုတေသနပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအဖွဲ့တွင် နေပြည်တော်မှဗဟို(ရပကန)အဖွဲ့ ဦးစီးအရာရှိ(ပိုးမွှား) ဦးသီဟ၊ ဆေးဘက်ကျွမ်းကျင်(၄)များဖြစ်ကြသော ဒေါ်မူမူခိုင်နှင့် ဒေါ်သန်းသန်းဝင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမှ(ရပကန)ဝန်ထမ်းများနှင့် အင်းတော်မြို့နယ် ပြည်သူ့ဆေးရုံမှ (ရပကန)ဝန်ထမ်းများ ပူးပေါင်းကာ ငှက်ဖျားခြင်များ၏ အလေ့အထများကို သုတေသနလုပ်ငန်းများ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့အဖွဲ့က ကမ်းနီကျေးရွာအတွင်းနှင့် ရွာအနီးတစ်ဝိုက်က ခြင်ပေါက်တဲ့နေရာ၊ ခြင်ကိုက်တဲ့အချိန်၊ ငှက်ဖျားခြင်တွေရဲ့ ပိုးသတ်ဆေးအပေါ် ခံနိုင်ရည်ရှိ၊ မရှိ မြို့နယ်အတွင်း အခမဲ့ဖြန့်ဝေပေးထားတဲ့ ဆေးစိမ်ခြင်ထောင်တွေရဲ့အာနိသင်တွေကို စမ်းသပ်သုတေသနပြုလုပ်သွားမှာပါ။ငှက်ဖျားခြင်တွေကို ညနေ ၆ နာရီကနေ မနက် ၆ နာရီအတွင်းမှာ လူကိုလာနားတဲ့ခြင်တွေကို ဖမ်းတယ်။ ဒီခြင်တွေက ညဘယ်အချိန်တွေမှာ လူတွေကို အများဆုံးကိုက်သလဲဆိုတာကို သိနိုင်ပါတယ်။ အလင်းရောင်ထောင်ချောက်နဲ့ဖမ်းတယ်။ နွားကို ခြင်ထောင်အောက်ခြေ တစ်ပေလွတ်အောင်ထောင်ပြီး ခြင်ထောင်ထဲဝင်လာတဲ့ ခြင်တွေကို တစ်နာရီတစ်ခါဖမ်းတယ်။ ရလာတဲ့ခြင်တွေကို နောက်တစ်နေ့မှာ ကျွန်တော်တို့ အသုံးပြုနေတဲ့ ပိုးသတ်ဆေးအာနိသင်တွေအပေါ် ခံနိုင်ရည်ရှိ၊ မရှိ စမ်းသပ်ကိရိယာတွေနဲ့စမ်းသပ်ပါတယ်။ နောက်တစ်ခုက ကျွန်တော်တို့အခမဲ့ဝေထားတဲ့ ဆေးစိမ်ခြင်ထောင်တွေပေါ်မှာ ဆေးအာနိသင်ရှိ၊ မရှိ ခြင်ကောင်တွေနဲ့ စမ်းသပ်ပါတယ်။ ပြီးရင် ခြင်အမျိုးအစားလည်းခွဲခြားပါတယ်။ ရွာအနီးမှာရှိတဲ့ ငှက်ဖျားခြင်ပေါက်နိုင်တဲ့ စိမ့်စမ်း၊ ချောင်း၊ မြောင်း၊ ရေအိုင်တွေက ပိုးလောက်လမ်းတွေကို ဖမ်းယူပြီး ခြင်သားဖောက်တဲ့လုပ်ငန်းတွေလုပ်မယ်။သားပေါက်လာတဲ့ခြင်တွေကို ခြင်မျိုးစိတ်တွေ ခွဲခြားသတ်မှတ်စမ်းသပ်တဲ့ လုပ်ငန်းတွေကို လုပ်ဆောင်သွားမှာပါ"ဟု အဖွဲ့ခေါင်းဆောင် ဦးသီဟက ပြောကြားသည်။

"ငှက်ဖျားခြင်သုတေသနလုပ်ငန်းကို နှစ်နှစ် တစ်ကြိမ်ပြုလုပ်ပါတယ်။ ဆေးတစ်ခုက တစ်ခါစမ်းထားရင် ကျွန်တော်တို့သီအိုရီအရ နှစ်နှစ်အထိ ဒီခြင်ရဲ့ အလေ့အထမပြောင်းလဲပါဘူး။ ၂၀၁၄ ခုနှစ်က စမ်းထားတဲ့ခြင်က ဒီနှစ်ဆို အာနိသင်ရှိချင်မှရှိတော့မှာပါ။ ဒါကြောင့်စမ်းသပ်ရတာပါ"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

အဆိုပါအဖွဲ့မှာ ကမ်းနီရွာအတွင်းမှ ဖျားနာနေသူများအား အခမဲ့ဆေးဝါးများလည်း ကုသပေးကြောင်းသိရသည်။ ခြင်သုတေသနပြုလုပ်ခြင်းကို စစ်ကိုင်းတိုင်းဒေသကြီးတွင် အင်းတော်မြို့နယ်၊ ရှမ်းပြည်နယ်တွင် မိုင်းဆတ်၊ ရောဝတီတိုင်းဒေသကြီးတွင် ပုသိမ်၊ ပဲခူးတိုင်းဒေသကြီးတွင် အုတ်တွင်း၊ ရခိုင်ပြည်နယ်တွင် စစ်တွေမြို့နယ်များတွင် နှစ်နှစ်တစ်ကြိမ် အလှည့်ကျသွားရောက်ပြီး ငှက်ဖျားခြင်များ၏ အလေ့အထတွေကို သုတေသနပြုလုပ်ပေးလျက်ရှိကြောင်း သိရသည်။

**(ချစ်လင်း)**

# ဝန်ထမ်းများ၏ ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းရေး ဟောပြောပွဲနှင့်အလုပ်ရုံဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၆**




စစ်မှန်သောဒီမိုကရေစီစနစ်ကို ဖော်ဆောင်၍ ပြည်သူအားလုံး အခြေခံအခွင့်အရေးများရရှိရန် ဆောင်ရွက်ရာတွင် တရားမျှတစွာ အကာအကွယ်ပေးသည့် အုပ်ချုပ်မှုစနစ် လိုအပ်ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ပြောကြားသည်။

နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန အစည်းအဝေးခန်းမတွင် အောက်တိုဘာ ၆ ရက် နံနက် ၉ နာရီက ကျင်းပသည့် ဝန်ထမ်းများ၏ ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းရေး အလုပ်ရုံဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက ပြောကြားခဲ့ခြင်းဖြစ်သည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဝန်ကြီးဌာနအနေဖြင့် ပထမ ရက် ၁၀၀ ကို ကျော်လွန်ခဲ့ပြီး ဒုတိယ ရက် ၁၀၀ ဖြင့် ဆက်လက်၍ လျှောက်လှမ်းရမည့် ခြေလှမ်းအသစ်များရှိကြောင်း၊ ခြေလှမ်းသစ်များသည် သွက်လက်မှန်ကန်ဖို့ လိုကြောင်း၊ ထိုသို့ သွက်လက်မှန်ကန်နေရန်အတွက် ယနေ့ပွဲသည် အားဖြည့်သည့်ပွဲတစ်ပွဲဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရက် ၁၀၀ တွင်လည်း ဝန်ကြီးဌာနအနေဖြင့် ပြည်သူ့အကျိုးကို တတ်နိုင်သလောက် ဖော်ဆောင်ခဲ့ကြောင်း၊ ထိုသို့ ဖော်ဆောင်ခဲ့ရာတွင် အဂတိလိုက်စားမှုကင်းရှင်းရေးသည် မိမိတို့အစိုးရအဖွဲ့သစ်မှ အမှန်တကယ် ဖော်ဆောင်ရမည့်လုပ်ငန်းဖြစ်နေကြောင်း၊ ကောင်းမွန်သည့် အုပ်ချုပ်မှုစနစ်ဖြစ်ပေါ်စေရန် မိမိတို့ မလွဲမသွေ ကြိုးစားရမည်ဖြစ်ကြောင်း၊ ထိုသို့ ကြိုးစားရာတွင် ဝန်ထမ်းများသည် ဥပဒေကို လိုက်နာရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများသည် မိမိတို့တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်ရန်လိုအပ်ကြောင်း၊ လိုက်နာရမည့်စည်းကမ်းများကို မဖောက်ဖျက်ဖို့ လိုအပ်ကြောင်း၊ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို မြဲမြံဖို့လိုအပ်ကြောင်း၊ အဆိုပါ အချက် (၃)ချက်အား ဝန်ထမ်းများ ဆောင်ရွက်မည်ဆိုပါက မိမိတို့ တာဝန်ယူ၍ ဆောင်ရွက်ရသည့်လုပ်ငန်းများတွင် အဂတိလိုက်စားမှု အတော်အတန် ကင်းဝေးသွားမည်ဟု ယူဆကြောင်း၊ မိမိတို့ ဆောင်ရွက်ချက်တိုင်းသည် ပြည်သူများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရခြင်းဖြစ်ကြောင်း၊ ထိုသို့ ဖြည့်ဆည်းနိုင်ရန်အတွက် ပြည်သူများနှင့် နီးစပ်မှုရှိရန်လိုကြောင်း၊ တာဝန်မဲ့ခြင်းသည် အဂတိလိုက်စားခြင်းပင် ဖြစ်ကြောင်း၊ ပြည်သူ့လိုအပ်ချက်ကို ဖြည့်ဆည်းရာတွင်လည်း ပြည်သူပါဝင်ဖို့ လိုကြောင်း၊ ပြည်သူပါဝင်ရန်အတွက် မိမိတို့အစိုးရ၊ မိမိတို့ဝန်ကြီးဌာနကို ပြည်သူယုံကြည်ဖို့လိုအပ်ကြောင်း၊ ဆက်လက်၍ ပြည်သူ့အကျိုးကို ပိုမိုဆောင်ရွက်နိုင်စေရန်နှင့် အဂတိလိုက်စားမှုကင်းရှင်းစွာဖြင့် ဆောင်ရွက်နိုင်ရန်အတွက် ယခုဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ဆွေးနွေးပွဲ၏ရလဒ်များသည် ရက် ၁၀၀ အလွန် ဆောင်ရွက်ရမည့် ခြေလှမ်းသစ်များတွင် မှန်ကန်ဖြောင့်တန်း သွက်လက်စွာ လျှောက်လှမ်းနိုင်ရန် ရလဒ်ကောင်းများ ထွက်ပေါ်လာမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ စီးပွားရေးပညာရှင် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က Transformation MSWRR: Vision and Action ခေါင်းစဉ်ဖြင့် ဟောပြောရာတွင် အစိုးရဌာနအတွင်းရှိ ဝန်ထမ်းများအနေဖြင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်ကြောင်း၊ ဝန်ကြီးဌာနများတွင်လည်း ပြည်သူပူးပေါင်းပါဝင်မှုလိုကြောင်း၊ ထူးချွန်သည့် ပြည်သူ့ဝန်ထမ်းများကို အသိအမှတ်ပြုရန် လိုအပ်သည့်အပြင် ဝန်ထမ်းများအနေဖြင့်လည်း အလုပ်နှင့်ဘဝမျှတရမည်ဖြစ်ကြောင်း၊ အလုပ်ရုံဆွေးနွေးပွဲမှတစ်ဆင့် တူညီသည့် ခံယူချက်များရရှိရန် မျှော်လင့်ကြောင်း ဆွေးနွေးဟောပြောသည်။

ဟောပြောပွဲအပြီးတွင် တက်ရောက်လာသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်အား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်သည်။

ဆက်လက်၍ စာရေးဆရာမ ဒေါ်သန်းမြင့်အောင်က လူ့အဖွဲ့အစည်းနှင့် အနာဂတ်နိုင်ငံခေါင်းစဉ်ဖြင့် ဟောပြောရာတွင် လူ့အဖွဲ့အစည်းအတွင်း ကောင်းမွန်တိုးတက်၍ အဂတိကင်းရှင်းသော နိုင်ငံတစ်နိုင်ငံဖြစ်စေရန် အမူအကျင့်ပြင်ရမည်ဖြစ်ကြောင်း၊ လူတစ်ဦးနှင့်တစ်ဦး ကိုယ်ချင်းစာစိတ်ဖြင့် အပြန်အလှန်လေးစားမှုရှိရမည်ဖြစ်ကြောင်း ဟောပြောခဲ့သည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်သည်။

ယင်းနောက် အလုပ်ရုံဆွေးနွေးပွဲကို မွန်းလွဲ ၁ နာရီတွင် ဆက်လက်ကျင်းပရာ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး ဆွေးနွေးမည့်အုပ်စုများခွဲ၍ ပြည်သူလူထုအကျိုးကို ထိရောက်စွာ ဖော်ဆောင်ရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းရေး ခေါင်းစဉ်ဖြင့် ဆွေးနွေးကြပြီး အုပ်စုလိုက် တင်ပြချက်များ ပြုစုကြသည်။

ထို့နောက် ဆွေးနွေးဖော်ထုတ်ချက်များအား ပြန်လည်တင်ပြခြင်း၊ မေးခွန်းများ အပြန်အလှန်မေးမြန်းခြင်းနှင့် ပြန်လည်ဖြေကြားခြင်း ဆောင်ရွက်ကြကာ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ အရာထမ်း၊ အမှုထမ်းများ၊ သတင်းမီဒီယာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

# ဝန်ထမ်းများ ပြည်သူ့ဝန်ဆောင်မှုပိုမိုထိရောက်ရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းရန် လစာတိုးပေးရုံမျှမက စိတ်ဓာတ်မြှင့်တင်ပေးရန်လည်း လိုအပ်

ဝန်ထမ်းများ ပြည်သူ့အကျိုးဖော်ဆောင်ရာတွင် ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်စေရေးနှင့် အဂတိလိုက်စားမှုကင်းရှင်းရေးဟောပြောပွဲနှင့် အလုပ်ရုံဆွေးနွေးပွဲကို နေပြည်တော်ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် အောက်တိုဘာ ၆ ရက်က ကျင်းပရာ မြန်မာ့သတင်းစဉ်သတင်းအဖွဲ့မှ မေးမြန်းခဲ့သည်များကို ပြန်လည်ရေးသားဖော်ပြလိုက်ရပါသည်။


ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး


စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်

**ဒေါက်တာဝင်းမြတ်အေး၊ ပြည်ထောင်စုဝန်ကြီး**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

ဒီနေ့အခမ်းအနားကို ကျင်းပတာကတော့ ဝန်ကြီးဌာနကနေ ရက်(၁၀၀)ရဲ့ အလွန်မှာ ဆက်ပြီးလုပ်ရမယ့် တာဝန်တွေလည်းရှိတယ်။ ပြည်သူ့အတွက်ကို ပိုပြီးတော့ အကျိုးရှိအောင် ဘယ်လိုလုပ်ရမယ်ဆိုတာကို ကျွန်တော်တို့ စဉ်းစားတယ်၊ စဉ်းစားတဲ့အခါကျတော့ ကျွန်တော်တို့မှာ ပြောင်းလဲလာတဲ့ မှန်ကန်တဲ့အုပ်ချုပ်မှုစနစ် လိုအပ်တယ်။ မှန်ကန်တဲ့အုပ်ချုပ်မှုအတွက်ဆိုရင် အဂတိလိုက်စားမှုကင်းရမယ်၊ ပြီးတော့ အဂတိလိုက်စားမှုအတွက်ဆိုရင် အကုန်လုံး ပြည်သူအားလုံးက ဘယ်အရာပဲဖြစ်ဖြစ် ရရှိလာတဲ့အခြေခံအခွင့်အရေးကို မျှမျှတတရရှိဖို့ လုပ်တဲ့အခါမှာ စစ်မှန်တဲ့ဒီမိုကရေစီကို ဖော်ဆောင်နိုင်ဖို့ ကျွန်တော်တို့မှာ အဓိကလိုအပ်ချက်က ကျွန်တော်တို့ဝန်ထမ်းတွေပဲ၊ ဒီဝန်ထမ်းတွေအကုန်လုံးက ပြောင်းလဲရမယ်။ သူတို့က အပြောင်းအလဲမှာ အလွန်အရေးကြီးတယ်။

ကျွန်တော်တို့ ဝန်ထမ်းတွေ အဂတိလိုက်စားနေတယ်လို့ စွပ်စွဲနေတာတော့ မဟုတ်ဘူး၊ ကျွန်တော်တို့ ဒီအစိုးရအဖွဲ့သစ်က ရှင်းရှင်းလင်းလင်းရှိရမယ်။ ရှေ့ကိုသွားမယ့် ခရီးတွေကို အမှန်တကယ်ပြောင်းလဲပြီးတော့ လုပ်ဆောင်ရမှာ ရှိတယ်။ အဲဒီအတွက်ကို ကျွန်တော်တို့ လုပ်တာ။

ရလဒ်ဆိုတာကတော့ ကျွန်တော်တို့လူတွေ ဘယ်လောက် ပြောင်းလဲနိုင်သလဲဆိုတဲ့အပေါ် မူတည်ပါတယ်။ ကျွန်တော်တို့ကိုယ်တိုင်က အစိုးရသစ် ဖြစ်လာတဲ့အခါမှာ အစကတည်းက ကြွေးကြော်ပြီးတော့ ပေါ်လာတာ။ ကောင်းမွန်တဲ့ အပြောင်းအလဲတစ်ခု ကျွန်တော်တို့ဖော်ဆောင်မယ်။ ဖော်ဆောင်တဲ့နေရာမှာ သန့်ရှင်းရမယ်။ အဂတိလိုက်စားမှုကင်းတဲ့ အစိုးရအဖွဲ့သစ်ဖြစ်ဖို့ ဆောင်ရွက်နေတာရှိတယ်။ ဥပဒေနဲ့အညီ ဆောင်ရွက်ဖို့၊ ဥပဒေတွေ ပြင်သင့်တဲ့ဟာတွေကို ပြင်တယ်။ ဒါတွေက ပြည်သူအတွက် အကျိုးရှိမယ့်ဥပဒေတွေ ပေါ်ပေါက်လာဖို့၊ ပေါ်ပေါက်လာပြီဆိုတာနဲ့ အဲဒီဥပဒေအတိုင်း ဆောင်ရွက်သွားရင် အဂတိလိုက်စားမှုကင်းသွားမယ်။ ကျွန်တော်တို့ ဘာဆက်လုပ်သွားမလဲဆိုရင် ဥပဒေနဲ့ညီညွတ်စွာ လုပ်ဆောင်သွားမယ်။

ကျွန်တော်တို့ လူကြီးတွေလည်း အမြဲတမ်းပြောပါတယ်။ ထမင်းစားဖို့လိုပါတယ်။ ပီတိချည်းပဲ စားလို့မရပါဘူး။ ကျွန်တော်တို့ကလည်း ဝန်ထမ်းတွေကို ပံ့ပိုးရမယ့်ဟာတွေရှိတယ်။ ဝန်ထမ်းရဲ့အခွင့်အရေးတွေရှိတယ်။ ဝန်ထမ်းရဲ့အခွင့်အရေးတွေကို ကျွန်တော်တို့ အပြည့်အဝရအောင်လုပ်ပေးမှာပါ။ ကျွန်တော်တို့ရဲ့စနစ်မှာ ဒီမူက ဒီအတိုင်းပဲ သွားမှာပါ။

ဝန်ထမ်းတွေဘက်က တာဝန်က ဘာလဲဆိုတော့ ထမ်းဆောင်ရမယ့်တာဝန်ကျေပွန်ရမယ်၊ စည်းကမ်းကို မဖောက်ဖျက်ရဘူး၊ စောင့်ထိန်းရမယ့်ကျင့်ဝတ်ကို စောင့်ထိန်းရမယ်။ ဒီသုံးခုလုပ်ရင် ကျွန်တော်တို့ဘက်က ဝန်ထမ်းအခွင့်အရေးကို အပြည့်အဝရအောင် လုပ်ပေးရမယ်။

ကျွန်တော်တို့ကိုယ်တိုင်ကလည်းလုံရမယ်။ ကျွန်တော်တို့ တာဝန်ခံတာ၊ ကျွန်တော်တို့ မလုံလို့မရဘူး၊ ကျွန်တော်တို့မလုံရင် ကျွန်တော်တို့ကို အပြစ်ပေး၊ ဒီအတိုင်းကို ကြွေးကြော်ပြီးတော့ ဒီမူနဲ့ ကျွန်တော်တို့ ဝင်လာတာဖြစ်တဲ့အတွက်ကြောင့် စိတ်မပူပါနဲ့လို့ ပြောချင်ပါတယ်။

**စာရေးဆရာမကြီး ဒေါ်သန်းမြင့်အောင်**

အဂတိလိုက်စားမှုဆိုတာက နှစ်ပေါင်းကြာခဲ့ပြီ။ အခု အစိုးရသစ်လက်ထက်မှာက အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ဆိုတာက လူတစ်ဦးချင်းစီဟာ ကိုယ့်ရဲ့လောဘတွေကို လျှော့ရမယ်။ အဲဒီတော့ လူတိုင်းကလိုအပ်ချက်ကို ဖြည့်ရင် ပြည့်ပါတယ်။ လောဘကိုဖြည့်ရင် မပြည့်ပါဘူး။ လောဘဆိုတာ သား၊ သမီး၊ ဇနီးမယား စားဖို့၊ သောက်ဖို့၊ ဝတ်ဖို့ သူများထက်သာအောင်နေချင်တဲ့စိတ်၊ သူများထက်သာအောင်ဝတ်ချင်တဲ့စိတ် အဲဒီလိုစိတ်တွေကြောင့် လောဘတွေက တက်ပြီးတော့ ရှာရဖွေရတာ။ အဲဒီလိုရှာဖွေကြတဲ့အခါ သမာအာဇီဝမကျတဲ့ ကိုယ့်ဌာနတွေကို ရောက်တဲ့ သူတွေအပေါ်မှာ အဂတိလိုက်စားမှုတွေနဲ့ လာဘ်ပေးလာဘ်ယူတွေ ဖြစ်လာကြတာ။ လူထုကလည်း ဒီဌာနတစ်ခုကိုသွားပြီး လုပ်ရတော့မယ်၊ ကိုယ်လိုချင်တာတစ်ခုရဖို့ဆို ဝန်ထမ်းတွေကို ပေးရကမ်းရမယ်ဆိုတဲ့စိတ်ပေါ်လာတယ်။ ဝန်ထမ်းတွေက အဲဒါရမှ လုပ်ပေးတော့တယ်၊ အဲဒါမရရင် လုပ်မပေးချင်တော့ဘူး။ အဲဒီမှာ ဌာနဆိုင်ရာတချို့ ဖြစ်ကုန်တာ။ လူအားလုံးတော့ မဟုတ်ပါဘူး။ လူထုကလည်း ငါပေးမှ ငါလိုချင်တာ၊ ငါ့အတွက်၊ ငါတို့ ဖြစ်ချင်တာလေး ဖြစ်ရမယ်ထင်ပြီး ပေးနေကြတယ်။ ဒီလိုပဲ ရတဲ့သူတွေကလည်း ငါတို့မရရင် လုပ်မပေးဘူးဆိုတဲ့ စိတ်တွေရှိလာတယ်။ အဲဒါက တကယ်တော့ မဖြစ်သင့်တဲ့ကိစ္စလေ။ အဲဒီလိုကနေပြီးတော့ စာရိတ္တတွေ အကုန်လုံးပျက်သွားပြီး လူ့အဖွဲ့အစည်းတစ်ခုလုံး ပျက်သွားမှာ။ ကျွန်မကတော့ ဌာနဆိုင်ရာက လူတွေလည်း ပြည်သူပဲ၊ အားလုံးကပြည်သူပဲ။ ဈေးသည်လည်း ပြည်သူပဲ ပြည်သူတွေနဲ့ တည်ဆောက်ထားတဲ့နိုင်ငံကြီးလေ။ အဲဒီမှာ တစ်ဦးချင်း၊ တစ်ယောက်ချင်းဆီက ကိုယ့်ရဲ့လိုအပ်ချက်ကိုဖြည့်ပြီးတော့

**စာမျက်နှာ ၉ သို့** ❋

❒ စာမျက်နှာ ၅ မှ

ထို့ပြင် နိုင်ငံခြားဖက်စပ်ကုမ္ပဏီများကိုလည်း ဓာတ်မြေသြဇာများ ပြည်ပမှ တင်သွင်းရန် ခွင့်ပြုထားပါကြောင်း၊ ဓာတ်မြေသြဇာတင်သွင်းမှုနှင့်ပတ်သက်၍ ကုန်သွယ်လုပ်ငန်းခွန် ကင်းလွတ်ခွင့်ပြုထားသဖြင့် အခွန်အခပေးဆောင်ရမှု မရှိသည့်အတွက် တင်သွင်းလာသည့် ဓာတ်မြေသြဇာများအား ပြည်တွင်းတောင်သူများအနေဖြင့် ဈေးနှုန်းချိုသာစွာဖြင့် အရည်အသွေးကို ယုံကြည်စိတ်ချစွာ ဝယ်ယူသုံးစွဲနိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနက တာဝန်ယူဆောင်ရွက်လျက်ရှိပါကြောင်း၊ တရားမဝင်ထုတ်လုပ် ရောင်းချသည့် မြေသြဇာများနှင့် အရည်အသွေးပြည့်မီခြင်းမရှိသည့် မြေသြဇာများ တင်သွင်းထုတ်လုပ်မှုများကိုလည်း အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရေဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးထိန်ဝင်း၏ လျှပ်စစ်ကို ပိုမိုသုံးစွဲခြင်းမပြုဘဲ ပုံမှန်သုံးစွဲနေကျအတိုင်း သုံးနေသော်လည်း ယခင် ပျမ်းမျှကျသင့်သည့် မီတာခထက် Digital မီတာပြောင်းလဲတပ်ဆင်သည့်အခါကျမှ မီတာခများ ပိုမိုကျသင့်နေသည်မှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို သိရှိလိုကြောင်း မေးမြန်းချက်အား ယခင်က သုံးစွဲခဲ့သည့် Analog Meter များမှာ တိကျမှန်ကန်မှုအဆင့်အတန်း ၂ (Class 2) အမျိုးအစားဖြစ်ပါကြောင်း၊ ဗို့အားမပြည့်သည့်အချိန်တွင် လျှပ်စစ်မီးကို အသုံးပြုနေသော်လည်း မီတာလည်ပတ်မှု နှေးကွေးခြင်း၊ ဝပ်အားနည်းသည့် မီးလုံး၊ မီးချောင်း သုံးစွဲမှုများတွင် အမှန်သုံးစွဲသလောက် မီတာယူနစ်မတက်ခြင်း၊ စက်ပိုင်းဆိုင်ရာချို့ယွင်းပြီး မီတာလည်ပတ်မှုနှေးခြင်းတို့ကြောင့် အမှန်သုံးစွဲသည့်အတိုင်း ကျသင့်ရမည့် သုံးစွဲယူနစ်မကျသင့်ခဲ့ခြင်းများ ဖြစ်ပေါ်ခဲ့ပါကြောင်း။

Digital Meter များအား စတင်ပြောင်းလဲတပ်ဆင်ခဲ့သည့် ကာလများ၌ မီတာလဲလှယ်ခြင်းလုပ်ငန်း အမြန်ပြီးစီးရေးဆောင်ရွက်ရာတွင် လွဲမှားမှုအချို့ ရှိခဲ့ပြီး၊ ယခင် Analog မီတာများ တပ်ဆင်သုံးစွဲချိန်ကထက် မီတာခများ ပိုမိုပေးဆောင်နေရခြင်းနှင့် လူနေထိုင်ခြင်းမရှိသည့် အိမ်များတွင်လည်း မီတာခများပိုမိုပေးဆောင်နေရခြင်း စသည့်အချက်များအား ရှင်းလင်းဖြေရှင်းပေးပါရန် ပြည်သူများက ဌာနသို့တင်ပြလာသည့်အတွက် ကျေလည်အောင် ကြိုးစားဖြေရှင်းပေးခဲ့ပြီး ဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် ထပ်မံလွဲမှားမှုများ မဖြစ်ပေါ်စေရန် ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားသုံးစွဲရာ၌ အခက်အခဲများ၊ မီးသုံးစွဲမှုအပေါ် မရှင်းလင်းမှုများရှိပါက ဌာနမှအချိန်နှင့်တစ်ပြေးညီ ဖြေရှင်းပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးချစ်ထွေး၏ မကွေးတိုင်းဒေသကြီး မြို့သစ်မြို့တွင် ၆၆/၁၁ ကေဗွီဓာတ်အားခွဲရုံ တည်ဆောက်ခွင့်ရရှိရေးအတွက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် RE တွင် လျာထားဆောင်ရွက်ပေးရန် သို့မဟုတ် မည်သည့်ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးမြန်းမှုအား အဆိုပါမြို့သစ်မြို့နှင့် နတ်မောက်မြို့တို့ကို ဓာတ်အားစနစ်ကောင်းမွန်စွာဖြင့် ဓာတ်အားဖြန့်ဖြူးပေးနိုင်ရန်အတွက် တောင်တွင်းကြီးပင်မဓာတ်အားခွဲရုံမှတစ်ဆင့် ၆၆ ကေဗွီ လိုင်းအသစ် ၁၇ ဒသမ ၅ မိုင် ထပ်မံသွယ်တန်းကာ မြို့သစ်မြို့နယ် တလုပ်ပင်ကျေးရွာအုပ်စု ကန်ကြီးကျေးရွာအနီးတွင် ၆၆/၁၁ ကေဗွီ၊ ၅ အမ်ဗွီအေဓာတ်အားခွဲရုံ ၁ ရုံ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘတ်ဂျက်တွင် ခန့်မှန်းကုန်ကျငွေ ထည့်သွင်းလျာထားတောင်းခံသွားမည်ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပြီးပါက မြို့သစ်မြို့နှင့် နတ်မောက်မြို့တို့တွင် ဗို့အားပြည့်ဝစွာ ရရှိနိုင်မည့်အပြင် ဓာတ်အားမရရှိသေးသည့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများကိုလည်း တိုးချဲ့ဓာတ်အား ဖြန့်ဖြူးပေးသွားနိုင်မည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်မရှိ အတည်ပြုပြီးပေးပို့လာသော ဥပဒေဘာသာပြန်ကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား ဆွေးနွေးနိုင်ရန် အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဝင် ဒေါ်ကျိန်ငိုက်မန်က ဖတ်ကြားရှင်းလင်းသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမည်စာရင်းကို အမျိုးသားလွှတ်တော်ရုံးက တောင်းခံထားသည်။

ယင်းနောက် ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနေမျိုးကျော်က ဆွေးနွေးရာတွင် ထောက်ခံကြောင်းတင်ပြသည်။

ထို့နောက် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ပြည်တွင်းရေကြောင်းပို့ဆောင်ရေးအဖွဲ့ဥပဒေကို ရုပ်သိမ်းသည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ဆုံးဖြတ်သည်။

ယင်းနောက် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီဥက္ကဋ္ဌ ဦးဇော်မင်းက ဖတ်ကြားရှင်းလင်းပြီး ယင်းဥပဒေကြမ်းအား လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်နှင့် ပြည်သူ့လွှတ်တော် သဘောကွဲလွဲသည့် အချက်(၁၀)ချက်ရှိပြီး ယင်းအချက်များကို ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# လွတ်လပ်စွာတွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်၊ ရေးသားဖော်ထုတ်ခွင့်များကို အကာအကွယ်ပေးရန်၊ အားပေးအားမြှောက်ပြုရန် လိုအပ်

**နေပြည်တော် အောက်တိုဘာ ၆**

အောက်တိုဘာ ၅ ရက်က ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၃ ရက်မြောက်နေ့တွင် နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် လုံခြုံမှုကို ကာကွယ်ပေးရေးဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဦးတင်အောင်ထွန်း၊ ဒေါ်နန်းနီနီအေး၊ ဦးစိုးမိုး၊ ဦးစိုးသိန်း၊ ဒေါ်မြတ်သီတာထွန်း၊ ဦးလှဦး၊ ဒေါ်ရွှေရွှေစိန်လတ်၊ ဦးဌေးဦး၊ ဦးဟန်ဝင်းသိန်း၊ ဗိုလ်မှူးအောင်ကိုမင်း၊ ဦးစိုးသိန်း(ခ)ဦးမောင်စိုး၊ ဒုတိယဗိုလ်မှူးကြီးကျော်စံဦး တို့က ဆွေးနွေးခဲ့ကြသည်။



ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦး

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)မှ ဦးဌေးဦးက နိုင်ငံသားတစ်ဦးသည် မိမိ၏ ကံကြမ္မာ၊ မိမိ၏ပိုင်ဆိုင်ခွင့်၊ မိမိ၏အခွင့်အရေးများကို တရားဥပဒေနှင့်အညီ မိမိကိုယ်တိုင် လွတ်လပ်စွာဆုံးဖြတ်ခွင့်ရှိရန်လည်း လိုပါကြောင်း၊ လူသားတိုင်းသည် လွတ်လပ်စွာရေးသားပြောဆိုဖော်ပြခွင့်၊ တွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်များ ရှိမှသာလျှင် လူတွင်ရှိသည့် အင်္ဂါရပ်များကို အသုံးပြုခွင့်ရသည့် အခြေအနေတွင်ဖြစ်သည့်အတွက် လူ့အင်္ဂါရပ်နှင့် ပြည့်စုံညီညွတ်သည်ဟု ဆိုနိုင်မည်ဖြစ်သကဲ့သို့ လူသားမျိုးနွယ်များ၏ ဂုဏ်သိက္ခာနှင့်အညီ ရပ်တည်နိုင်ခွင့်ရသည်ဟုလည်း ဆိုနိုင်ပါကြောင်း။

ထိုအခွင့်အရေးများပေးလိုက်သဖြင့် ကြောက်နေစရာ၊ စိုးရိမ်စရာမလိုပါကြောင်း၊ လွတ်လပ်စွာပြောဆိုရေးသားဖော်ပြခွင့်များရှိရမည့်အပြင် အခွင့်အရေးများ ကာကွယ်သည့်ဥပဒေများ ယခုလိုပြဋ္ဌာန်းထားသည်ဆိုလျှင် မိမိတို့၏ သဘောထားများ၊ အယူအဆများ၊ အတွေးအခေါ်များ၊ အထင်အမြင်များကို ပွင့်ပွင့်လင်းလင်း အပြန်အလှန် ဆွေးနွေးဖလှယ်ခွင့်ရသည့်အတွက် အမှားတရားများ ဘေးရောက်သွားပြီး အမှန်တရားများအားလုံး လက်ခံကြားသိ သိရှိပြီး အနိုင်ရမည်ဖြစ်ပါကြောင်း။

ထို့ပြင် အပြန်အလှန် နားလည်မှုများရလာပြီး ငြိမ်းချမ်းရေးရမည့်၊ ငြိမ်းချမ်းစွာ လူတိုင်းလူတိုင်း အဖွဲ့အစည်းတိုင်း ရှင်သန်ခွင့်ရမည့် လမ်းစများကို အခွင့်အရေးများနှင့် ပြောခွင့်၊ ဆိုခွင့်၊ ရေးခွင့်၊ ဖော်ပြခွင့်များရမှ ငြိမ်းချမ်းရေးရမည်ဖြစ်ပါကြောင်း၊ လွတ်လပ်စွာတွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်၊ ရေးသားဖော်ထုတ်ခွင့်များကို အကာအကွယ်ပေးရန်၊ အားပေးအားမြှောက်ပြုရန် လိုအပ်ပါကြောင်း၊ ယင်းဥပဒေသည် မိမိတို့ကိုယ်တိုင် ဒီမိုကရေစီကို လက်ခံသလား၊ ဖက်ဒရယ်ကို လက်ခံသလား၊ အားပေးမလား၊ မိမိတို့ကိုယ်တိုင် အချက်ပြရမှာ၊ ဆုံးဖြတ်ရမှာ၊ သက်သေပြရမှာ ဖြစ်ပါကြောင်း၊ ယင်းဥပဒေလုပ်သည်ဆိုခြင်းသည် ဖက်ဒရယ်ကိုသွားမည်၊ ဒီမိုကရေစီကိုသွားမည်ဆိုသည့် သက်သေခံချက်ဖြစ်ပါကြောင်း။

ပုဂ္ဂိုလ်ဆိုင်ရာ (ဃ)တွင် ပုဂ္ဂိုလ်ဆိုင်ရာ လုံခြုံမှုကို အတိအလင်း အဓိပ္ပာယ်ပြဋ္ဌာန်းထားပြီးဖြစ်သည့်အတွက် ဥပဒေ၏အစိတ်အပိုင်းတိုင်းတွင် လုံခြုံမှုဟုပြောလျှင် မလုံလောက်ပါကြောင်း၊ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုဟုပြောမှသာလျှင် ဥပဒေနှင့်ညီမည်ဖြစ်ပါကြောင်း၊ ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှုတွင် ရုပ်ပိုင်းဆိုင်ရာ၊ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုကို ထည့်သွင်းပြဋ္ဌာန်းပေးရန် လိုမည်ဖြစ်ပါကြောင်း၊ အခန်း(၂)တွင် လုံခြုံမှုနှင့်လွတ်လပ်မှုကို ကာကွယ်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနတစ်ခုတည်းဖြင့် မလုံလောက်ပါကြောင်း၊ နိုင်ငံတွင်းမှာရှိသည့် အစိုးရအဖွဲ့အစည်းအားလုံး၊ ဌာနဆိုင်ရာအားလုံး၊ လွှတ်တော်များအားလုံး တာဝန်ရှိပါကြောင်း၊ တရားရုံးအားလုံးအားလုံးအသီးသီးမှ နိုင်ငံသားများ၏ ပုဂ္ဂိုလ်ဆိုင်ရာ လွတ်လပ်မှုနှင့် ပုဂ္ဂိုလ်ဆိုင်ရာလုံခြုံမှု နစ်နာဆုံးရှုံးမှုမရှိစေရန် ကာကွယ်ကြရမည်ဟု ပြင်ဆင်ပြဋ္ဌာန်းသင့်ပါကြောင်း။

ရှာဖွေသည့်နေရာတွင် အမျိုးသမီးကို အမျိုးသားက မရှာဖွေရ စသည်ဖြင့် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေတွင် ဖြည့်စွက်ပြီး ပုဒ်မ ၅ တွင်လည်း ထည့်သွင်းရန် လိုအပ်ပါကြောင်း၊ ပုဒ်မ ၈ တွင် ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကို တစ်စုံတစ်ရာ နှောင့်ယှက်ဟန့်တားဖျက်ဆီးခြင်း မပြုဆိုသည့် အချက်ကို ပြဋ္ဌာန်းပေးရန်လိုပါကြောင်း၊ ပုဒ်မ ၉ တွင် နိုင်ငံတော်သမ္မတ (သို့မဟုတ်) ပြည်ထောင်စုအစိုးရအဖွဲ့ ကြိုတင်ခွင့်ပြုမိန့်ဆိုသည်ကို သဘောမတူပါကြောင်း၊ နိုင်ငံတော်သမ္မတ(သို့မဟုတ်) နိုင်ငံတော် သမ္မတက လွှဲအပ်တာဝန်ပေးအပ်သူ၏ ကြိုတင်ခွင့်ပြုချက်နှင့်သာလျှင် အခွင့်အရေးကို အသုံးပြုခွင့်ရှိမည်ဖြစ်ပါကြောင်း၊ ပုဒ်မ(၁၀)ကို ထိုသို့အစားထိုး ဖြည့်သွင်းသင့်ပါကြောင်း၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်မှုနှင့် လုံခြုံမှုကိုလျစ်လျူရှု၍ ပုဂ္ဂိုလ်တစ်ဦးဦးအပေါ် စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာတစ်စုံတစ်ရာ ထိခိုက်နစ်နာဒဏ်ရာမှန်းသိလျက်နှင့် ညှဉ်းပန်း၊ နှိပ်စက်မှုမလုပ်ရဟု ပြဋ္ဌာန်းသင့်ပါကြောင်း၊ ပုဒ်မ(၁၂)နှင့် (၁၃)တွင် အနည်းဆုံး ထောင်ဒဏ် (၆)လ၊ (၁)နှစ်ပြဋ္ဌာန်းလျှင် သာမန် သေးသေးလေးလုပ်မိသည်နှင့် အများကြီးနစ်နာသွားနိုင်ပါကြောင်း၊ ဘီယာ(၁)ဘူး ရောင်းသည်နှင့် ဒဏ်ငွေ(၁၀)သိန်းပေးရမည်ဆိုပါက ဘဝပျက်သွားလောက်အောင် နစ်နာသွားစေနိုင်ပါကြောင်း၊ အမှတ်တမဲ့လုပ်မိသည်နှင့် ထောင်(၆)လ၊ (၁)နှစ် ကျသွားမည်ဆိုလျှင် အင်မတန်နစ်နာပါကြောင်း၊ အနည်းဆုံး ထောင်(၁)လမှ (၁၀)နှစ်အထိကို တရားသူကြီး၏ ဆင်ခြင်တုံတရားနှင့် ဆုံးဖြတ်ခြင်းဖြစ်သင့်ပါကြောင်း၊ ပုဒ်မ(၁၄)ကိုလည်း ဖြည့်စွက်ပြီး ပုဒ်မ(၁၀)ကို ကျူးလွန်လျှင် ထောင်နှစ်(၂၀)အထိ၊ ဒဏ်ငွေသိန်း(၅၀)ထိ ပြဋ္ဌာန်းသင့်သလို ပုဒ်မ (၁၇)တွင်လည်း ပြည်ထဲရေးဝန်ကြီးဌာနက ဤဥပဒေအကောင်အထည်ဖော်သည့်နေရာတွင် လိုအပ်ပါက နည်းဥပဒေများကို ပြည်ထောင်စုလွှတ်တော်၏ အတည်ပြုချက်ဖြင့် ပြဋ္ဌာန်းနိုင်သည်ဟု ဖြည့်စွက်သင့်ပါကြောင်း ဆွေးနွေးသည်။ **(သတင်းစဉ်)**

❋ စာမျက်နှာ ၈ မှ

လောဘကို မဖြည့်ဘူး၊ မြိုးမြိုးမြက်တာပြီးတော့ နေထိုင်ကြမယ်။

အားလုံးက မဟုတ်တာမလုပ်ဘူး။ သစ္စာနဲ့ သီလနဲ့ လိပ်ပြာသန့်သန့်နဲ့နေကြရမယ်။ ရိုးဖြောင့်ရမယ်။ ကိုယ်တစ်ယောက်အတွက် သူတစ်ပါး ဒုက္ခရောက်ပါစေဆိုတဲ့စိတ်တွေမထားဘဲနဲ့ လူတိုင်းလုပ်ကြမယ်ဆိုရင်၊ ဝန်ထမ်းဖြစ်ဖြစ်၊ ဈေးသည်ပဲဖြစ်ဖြစ်၊ ဘယ်သူပဲဖြစ်ဖြစ် ငါ့ကြောင့် သူတစ်ပါး အဆင်ပြေသွားပါစေဆိုတဲ့ စိတ်ကလေးနဲ့ လုပ်မယ်၊ သူတို့ဆီက ငါအမြတ်ထုတ်မယ်ဆိုတဲ့စိတ်ကို လုံးဝလျှော့ချလိုက်မယ်၊ လုံးဝမကျင့်သုံးတော့ဘူးဆို အဂတိလိုက်စားမှု ကင်းရှင်းသွားမှာပါပဲ။

ဝန်ထမ်းလစာနဲ့ မလောက်ဘူးဆိုတာကလည်း ဟုတ်ပါတယ်၊ ဝတ်သင့်တာ ဝတ်ထိုက်တာ၊ စားသင့်တာ စားထိုက်တာတွေကိုတော့ လုပ်သင့်လုပ်ထိုက်တာတွေကို မြိုးမြိုးမြက်တာလုပ်ရမှာပေါ့။ အဲလိုမြိုးမြိုးနေတဲ့ကြားကမှ မလောက်ဘူးဆိုရင် ပြီးခဲ့တဲ့ အခြေအနေတွေတုန်းက လူတွေက ပြည်သူလူထုရဲ့အလုပ်အကိုင်တို့၊ ပညာရေး၊ ကျန်းမာရေးစသဖြင့်ပေါ့ အစိုးရပိုင်းက တာဝန်ယူနိုင်တဲ့အပိုင်း ထပ်တိုးပြီး တာဝန်ယူသွားမယ်ဆိုရင် ကိုယ့်မိသားစုထဲက ထွက်ငွေတွေလည်း လျော့သွားနိုင်မယ်။ ကိုယ့်မိသားစုဝင်ငွေတွေကိုလည်း ကိုယ်လုပ်ချင်တာတွေအကုန်မလုပ်ဘဲနဲ့ ကိုယ်လုပ်သင့်တာလေးကိုပဲ ဖြည့်ပြီးတော့မှ မြိုးမြိုးမြက်မြက်နေထိုင်ခြင်းဖြင့် လူသာဆင်းရဲချင် ဆင်းရဲမယ်၊ ဂုဏ်သိက္ခာချမ်းသာလာပါလိမ့်မယ်။ အရေးကြီးတာ အားလုံးက ရိုးရိုးဖြောင့်ဖြောင့်၊ မှန်မှန်ကန်ကန်နဲ့ သူတစ်ပါးအပေါ်မှာ စေတနာထားတဲ့ စိတ်ကလေးရှိသွားပြီဆို ဒါက အလိုလို လျော့ကျသွားမှာပါ။

**ဦးမျိုးနိုင်သင်း(ဦးစီးအရာရှိ)**
**ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး**

လစာမလောက်တာလည်း ပါတာပေါ့။ တချို့ဝန်ထမ်းတွေက သူ့ရဲ့မိသားစုစားဝတ်နေရေးအဆင်မပြေလို့ အဂတိလိုက်စားမှုတွေရှိတယ်။ ဝန်ထမ်းတိုင်းတော့ မဟုတ်ဘူး။ သူတို့ရဲ့ စိတ်ဓာတ်တွေကိုလည်း မြှင့်တင်ဖို့လိုတယ်။ ဝန်ထမ်းတွေ စိတ်ဓာတ်မြှင့်တင်ဖို့ဆို ဌာနအနေနဲ့ စာကြည့်တိုက်တွေမှာ စိတ်ဓာတ်မြှင့်တင်ရေးစာအုပ်တွေထားရှိ ဖတ်စေချင်ပါတယ်။ အဲဒီအတွက် အချိန်ပေးသင့်ပါတယ်။

ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်တို့ ဟောပြောသွားတာက ကျွန်တော်တို့အတွက် အသိအမြင် ဗဟုသုတတွေ တိုးပွားစေပါတယ်။ အရင်အစိုးရလက်ထက်က လုပ်ခဲ့တာတွေ ပြီးခဲ့တာတွေ ပြီးခဲ့ပြီ၊ လက်ရှိမှာ အနာဂတ်ကို ဘယ်လိုသွားမလဲ၊ တာဝန်ခံတစ်ယောက်အနေနဲ့ ကိုယ့်ဝန်ထမ်းတွေကို ဘယ်လိုအဆင်ပြေအောင် ဆောင်ရွက်ရမယ်၊ လုပ်ငန်းတွေကို မြန်မြန်ပြီးစီးအောင် ဘယ်လိုဆောင်ရွက်မယ်၊ ဝန်ထမ်းတွေကို ဘယ်လိုစည်းရုံးအုပ်ချုပ်ရမယ်ဆိုတဲ့ ဗဟုသုတတွေတော့ တိုးတာပေါ့။ အစိုးရပိုင်းကလည်း ဝန်ထမ်းတွေကို အဓိကတော့ လစာပြည့်စုံလုံလောက်အောင် ပေးသင့်တာပေါ့။ အဲဒါမှ မိသားစု စားဝတ်နေရေးအဆင်ပြေစေမယ်။ အချိန်ပိုတွေ ဆင်းတဲ့ အခါကျတော့ အချိန်ပိုကြေးလေးတွေပေးမယ်။ တစ်နှစ်တစ်ခါ ဘုရားဖူးလိုက်ပို့တာမျိုး ပျော်ပွဲရွှင်ပွဲလေးတွေ ဌာနရဲ့အထိမ်းအမှတ်စီစဉ်ပေးတာ မျိုးလေးလုပ်ပေးသင့်တာပေါ့။ **မေး/ရေး-သန့်ဇင်ဝင်း(MNA)**

**ဓာတ်ပုံ-အောင်ရဲသွင်**

## ဌာနတွင်းလုပ်ငန်းနှင့် လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှု

**ဗန်းမော် အောက်တိုဘာ ၆**

ကချင်ပြည်နယ် ဗန်းမော်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်သည် အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက မိုးမောက်မြို့နယ်ရုံးသို့ သွားရောက်၍ ရုံးတွင်းလုပ်ငန်းဆောင်ရွက်မှုအခြေအနေ(စီမံ၊ ဝန်ထမ်းရေးရာ၊ ငွေစာရင်း၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ကျေးလက်လမ်း၊ တံတား၊ ရေပေးရေး၊ မီးလင်းရေး၊ အိမ်ရာ၊ အိမ်သာ)များကို စစ်ဆေးသည်။ ထို့နောက် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ဌာနမှဆောင်ရွက်သော ပန်ချိုးဟိုင်-နောင်ပေါင်းလမ်း သဲကျောက်ဖြည့်ပြုပြင်ခြင်းလုပ်ငန်းကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

လုပ်ငန်းဆောင်ရွက်ရာတွင် ဌာနတွင်းသတ်မှတ်ထားသည့် ဖိုင်များထားရှိရန်၊ လယ်ဂျာများထည့်သွင်းပြုစုထားရန်နှင့် စာရင်းဇယားများကို သက်ဆိုင်ရာဌာနခွဲအလိုက် စနစ်တကျထားရှိရန်တို့ကို ခရိုင်ဦးစီးမှူး ဦးသောင်းညွန့်က မှာကြားခဲ့ကြောင်းသိရသည်။ **(ကြေးမုံ)**

# တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(ခ) အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ဆုံးဖြတ်ချက်ကို ကြေညာ

**နေပြည်တော် အောက်တိုဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) အတွက် ရွေးကောက်တင်မြှောက်ခံထားရသော လွှတ်တော်ကိုယ်စားလှယ် ဦးဆားမူ၏ရွေးကောက်တင်မြှောက်ခံရခြင်းကို ယင်းမဲဆန္ဒနယ်၌ ယှဉ်ပြိုင်အရွေးခံသူ ဦးကယ်က ရွေးကောက်ပွဲကန့်ကွက်လွှာ တင်သွင်းသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၆၉ အရ ရွေးကောက်ပွဲခုံအဖွဲ့ဖြင့်လည်းကောင်း၊ ပုဒ်မ ၇၅ အရ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုဖြင့်လည်းကောင်း ကြားနာစစ်ဆေး၍ ဆုံးဖြတ်ချက်ချမှတ်ခဲ့ပြီး ဖြစ်သည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၆-၁၀-၂၀၁၆ ရက်စွဲပါ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၁၇/၂၀၁၆)ဆုံးဖြတ်ချက်တွင် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်မဲဆန္ဒနယ်အမှတ်(၂)အတွက် ဦးဆားမူအား လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးကောက်တင်မြှောက်ခဲ့ခြင်းသည် ဥပဒေအရ ပျက်ပြယ်ကြောင်းနှင့် ယင်းမဲဆန္ဒနယ်၏ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခံရသူမှာ ဦးကယ်ဖြစ်ကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ရွေးကောက်ပွဲ ဥပဒေပုဒ်မ ၇၅(က) အရ ဆုံးဖြတ်ခဲ့သည်။

သို့ဖြစ်၍ ဦးဆားမူသည် ယခုကြေညာသည့်နေ့မှစ၍ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ဆက်လက်ရပ်တည်ပိုင်ခွင့်မရှိတော့ကြောင်းနှင့် စစ်ကိုင်းတိုင်းဒေသကြီး လဟယ်မြို့နယ် တိုင်းဒေသကြီးလွှတ်တော် မဲဆန္ဒနယ်အမှတ်(၂)၏ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်မှာ ဦးကယ် [၅/ခတန (နိုင်) ၀၁၃၈၅၅] ဖြစ်ကြောင်း သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၇၅(ခ) အရ သတ်မှတ်ကြေညာလိုက်သည်ဟု သိရသည်။

**(သတင်းစဉ်)**

❖

# အမျိုးသားစာပေဆုအတွက် စာအုပ်များပေးပို့နိုင်

**ရန်ကုန် အောက်တိုဘာ ၆**
နိုင်ငံတော်အစိုးရသည် မြန်မာစာပေဖွံ့ဖြိုးတိုးတက်ရေးကို ရှေးရှု၍ စာပေပညာရှင်၊ အသိပညာရှင်၊ အတတ်ပညာရှင်များပါဝင်သော အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီ ဖွဲ့စည်းကာ ပြက္ခဒိန်နှစ်တစ်နှစ်အတွင်း ထုတ်ဝေသောစာအုပ်များကို ဘာသာရပ် ၁၆ မျိုးခွဲခြား၍ အမျိုးသားစာပေဆုများ နှစ်စဉ်ချီးမြှင့်ပေးလျက်ရှိသည်။

အမျိုးသားစာပေဆုသည် နိုင်ငံတော်အဆင့် စာပေဆုဖြစ်၍ အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရာတွင် လွတ်လပ်ပြီး မျှတမှုရှိစေရန် ဆုရသင့်ရထိုက်သည့်စာအုပ်များ ရရှိစေရန် ပဏာမအဆင့်၊ ဆန်ခါတင်အဆင့်၊ အတည်ပြုအဆင့်ဟူ၍ အဆင့်သုံးဆင့် ပိုင်းခြားစိစစ်ရွေးချယ်လျက်ရှိပါသည်။

ယခုအခါ ထုတ်ပြန်ပြီးဖြစ်သည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်း ဥပဒေအရ မူပိုင်ခွင့်နှင့်မှတ်ပုံတင်ဌာနခွဲသို့ အဖိုးအခလွတ်ပေးပို့ရမည့်စာအုပ်စာရင်းများတွင် အမျိုးသားစာပေဆု စိစစ်ရွေးချယ်ရေးကော်မတီအတွက် မပါရှိတော့ပါ။ သို့ပါ၍ ၂၀၁၆ ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များမှ လေးအုပ်စီကို စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ ပေးပို့နိုင်ရေး ၈-၇-၂၀၁၆ ရက်တွင် ပထမအကြိမ် နှိုးဆော်ခဲ့ပါသည်။

၂၀၁၆ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ၂၀၁၆ခုနှစ် အောက်တိုဘာ ၃ ရက်ထိ စာအုပ်စုစုပေါင်း ၁၈၃ အုပ် လက်ခံရရှိပြီးဖြစ်ပါသည်။ ဘာသာရပ်အလိုက်ခွဲခြားလျှင် ဝတ္ထုရှည် ရှစ်အုပ်၊ ဝတ္ထုတိုပေါင်းချုပ် ၁၄အုပ်၊ ကဗျာပေါင်းချုပ် ၁၃ အုပ်၊ စာပဒေသာ ၂၈ အုပ်၊ မြန်မာ့ယဉ်ကျေးမှုနှင့် အနုပညာဆိုင်ရာ ခြောက်အုပ်၊ ကလေးစာပေ သုံးအုပ်၊ လူငယ်စာပေ ကိုးအုပ်၊ ဘာသာပြန်(သုတ/ရသ) ၁၅ အုပ်၊ သုတပဒေသာ(ဝိဇ္ဇာ) ၄၈ အုပ်၊ သုတပဒေသာ(သိပ္ပံ/ အသုံးချသိပ္ပံ) ၁၇ အုပ်၊ပြဇာတ်စာပေနှစ်အုပ်၊ နိုင်ငံရေးစာပေ ၁၇ အုပ်၊ အင်္ဂလိပ်ဘာသာ(သုတ/ရသ) သုံးအုပ်တို့ဖြစ်ပါသည်။

၂၀၁၆ခုနှစ်အတွင်း မိမိတို့ရေးသားခဲ့သော ပထမအကြိမ်ထုတ် စာအုပ်များမှ လေးအုပ်စီကို စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသို့ ပေးပို့နိုင်ရေး ဒုတိယအကြိမ် ထပ်မံနှိုးဆော်အပ်ပါသည်။

စာအုပ်ရရှိရေးအစီအမံ ပိုမိုပြည့်စုံစေရန်နှင့် စာရေးဆရာများ အခွင့်အရေးဆုံးရှုံးမှုမရှိစေရန် စာပေထုတ်ဝေဖြန့်ချိသူများနှင့် စာဖတ်ပရိသတ်တစ်ဦးချင်းတို့က အမျိုးသားစာပေဆုတွင် ထည့်သွင်းစဉ်းစားသင့်သည့် စာအုပ်များကိုဖြစ်စေ၊ စာအုပ်စာရင်းကိုဖြစ်စေ၊ အကြံပြုချက်များကိုဖြစ်စေ ပေးပို့လိုပါက ပေးပို့နိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

အမျိုးသားစာပေဆုအတွက် ထည့်သွင်းစဉ်းစားသင့်ကြောင်း အကြံပြုလိုသည့် ပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းသည် စာအုပ်အမည်၊ ရေးသားသူ၊ ထုတ်ဝေသည့် စာအုပ်တိုက်၊ ထုတ်ဝေသည့် ခုနှစ်တို့ကို ဖော်ပြ၍ "စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီ စာပေဗိမာန်အမှတ် (၅၂၉-၅၃၁) ကုန်သည်လမ်း ရန်ကုန်မြို့၊ ဖုန်း- ၀၁-၃၇၆၅၆၉၊ ၀၁-၃၇၄၅၃၂ နှင့် ၀၁-၃၈၁၄၄၉ တို့သို့ပေးပို့နိုင်ပါသည်။ စာတိုက်မှ ပေးပို့လိုသူများအနေ ဖြင့် မှတ်ပုံတင်ပြုလုပ်၍ ပေးပို့နိုင်ပါသည်။

စာပေဆုများ အုပ်ချုပ်ထောက်ပံ့မှုကော်မတီသည် လက်ခံရရှိသော စာအုပ်များကို ဘာသာရပ်အမျိုးအစားအလိုက် စာရင်းသွင်းခြင်း၊ သက်ဆိုင်ရာ စာရေးဆရာသို့ လက်ခံရရှိကြောင်းအကြောင်းကြားစာပေးပို့ခြင်း၊ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန website ဖြစ်သော www.moi.gov.mm/ppd နှင့် စာပေဗိမာန်ဝက်ဘ်ဆိုက်ဖြစ်သော www.sarpaybeikman-pol.gov.mm တို့တွင် ပေးပို့လာသော စာအုပ်များစာရင်းကို အချိန်နှင့် တစ်ပြေးညီလွှင့်တင်ခြင်း၊ ပြက္ခဒိန်နှစ်တစ်နှစ်အတွက် ထုတ်ဝေသည့် စာအုပ်များကို ယင်းနှစ်၏ နောက်တစ်နှစ်ဖြစ်သော ဇန်နဝါရီ ၃၁ ရက်အထိ လက်ခံသွားခြင်းတို့ကို စနစ်တကျဆောင်ရွက်လျက်ရှိပါသည်။

၂၀၁၆ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဒီဇင်ဘာ ၃၁ ရက်အထိ ကာလအတွင်း ပထမအကြိမ်ထုတ်ဝေခဲ့သော စာအုပ်များထဲမှ ၂၀၁၆ ခုနှစ်အတွက် အမျိုးသားစာပေဆုများကို စိစစ်ရွေးချယ်သွားမည်ဖြစ်ရာ ရွေးချယ်စိစစ်ရေးတွင် အကျုံးဝင်သော စာအုပ်များကို ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၁ ရက်အထိ နောက်ဆုံးထား လက်ခံသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# အင်းစိန်ဘူတာ၌ လုံခြုံရေးကင်မရာ (CCTV)များ တပ်ဆင်

**ရန်ကုန် အောက်တိုဘာ ၆**
ရထားရဲတပ်ဖွဲ့ အမှတ်(၃)တပ်ဖွဲ့ခွဲ(ရန်ကုန်) ကွပ်ကဲမှုအောက် အမှတ်(၁၄)တပ်ခွဲနှင့် ရထားရဲစခန်းအခြေပြုရာ အင်းစိန်ဘူတာလုံခြုံစေရေး၊ ခရီးသွားပြည်သူများ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးအတွက် ဖိုးသာလှ (CCTV) ကုမ္ပဏီက ဆုံလည်ကင်မရာ တစ်လုံး၊ ပုံသေကင်မရာ ရှစ်လုံး စုစုပေါင်း ကင်မရာ ကိုးလုံး၊ လုပ်အားခအပါအဝင် တန်ဖိုး ၁၂၄၂၀၀၀၀ ကို တပ်ဆင်လှူဒါန်းပေးခဲ့သည်။

အင်းစိန်ဘူတာသည် မြို့ပတ်ရထား ၂၀ စင်းထွက်ခွာပြီး ပြန်လည်အခြေပြုနေရာဖြစ်ခြင်း၊ နေ့အချိန်မြို့ပတ်ရထားများနှင့် တိုက်ကြီး-အင်းစိန် RBE ရထား ဆိုက်ရောက် ထွက်ခွာရာဘူတာဖြစ်ခြင်းကြောင့် လုံခြုံရေးအရ လိုအပ်ပါက ထပ်မံတပ်ဆင်လှူဒါန်းရန် အစီအစဉ်ရှိကြောင်း သိရသည်။ **(ရထားရဲတပ်ဖွဲ့)**

**❍ မြန်မာမှ**
အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲအတွက် အပြီးသတ်ပြင်ဆင်ရန် နိုင်ငံတကာခြေစမ်းပွဲ နှစ်ပွဲကစားရန်စီစဉ်ထားသော်လည်း လက်ရှိတွင် အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့်ကစားရန် သဘောတူညီမှုရခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းနှင့် အင်ဒိုနီးရှားလက်ရွေးစင်အသင်းသည် ၂၀၁၅ ခုနှစ် မတ်လတွင် နောက်ဆုံးတွေ့ဆုံပြီးနောက်ပိုင်း တစ်နှစ်အကြာမှ ပြန်လည်တွေ့ဆုံခြင်းဖြစ်ပြီး ယင်းခြေစမ်းပွဲတွင် အင်ဒိုနီးရှားအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ယခုခြေစမ်းပွဲကစားရန် အင်ဒိုနီးရှားဘောလုံးအဖွဲ့ချုပ်က ဖိတ်ကြားခဲ့ခြင်းဖြစ်ပြီး ယင်း နှစ်သင်းမှာ စက်တင်ဘာလဆန်းပိုင်းက ကစားရန်စီစဉ်ခဲ့သော်လည်း ပျက်ပြယ်ခဲ့ရသည်။

မြန်မာ့လက်ရွေးစင်အသင်းသည် ဆူဇူကီးဖလားပြိုင်ပွဲတွင်အောင်မြင်မှုရရှိရန် အချိန်ယူပြင်ဆင်လျက်ရှိပြီး မေလကတည်းက စတင်လေ့ကျင့်ပြင်ဆင်ခဲ့ခြင်းဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ဥရောပနိုင်ငံများတွင် တစ်လကျော်သွားရောက်လေ့ကျင့်နေပြီး ဆိုက်ပရပ်စ် ယူ-၂၁ လက်ရွေးစင်အသင်းအပါအဝင် ဘယ်လ်ဂျီယံ၊ နယ်သာလန်၊ ဆိုက်ပရပ်စ်ကလပ်အသင်းများနှင့် ခြေစမ်းကစားခဲ့သည်။ ၂၀၁၆ ဆူဇူကီးဖလားပြိုင်ပွဲအုပ်စုပွဲစဉ်များကို နိုဝင်ဘာ ၁၉ ရက်မှ ၂၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အုပ်စု(က)တွင် ဖိလစ်ပိုင်၊ ထိုင်း၊ စင်ကာပူ၊ အင်ဒိုနီးရှား၊ အုပ်စု(ခ) တွင် မြန်မာ၊ မလေးရှား၊ ဗီယက်နမ် ခြေစစ်ပွဲအောင်အသင်းတို့ပါဝင်လျက်ရှိသည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**




မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းမှ APBAအလှည့်ကျဥက္ကဋ္ဌ ဒေါက်တာသာထွန်းဦးနှင့် အမှုဆောင် ၁၁ ဦးတို့သည် ဗီယက်နမ်နိုင်ငံ ဟန္နိုင်းမြို့တွင် ကျင်းပမည့် ဟန္နိုင်းအပြည်ပြည်ဆိုင်ရာ စာအုပ်ပွဲတော်နှင့် အာဆီယံ စာပေထုတ်ဝေသူများအသင်း နှစ်ပတ်လည် အထွေထွေညီလာခံကို ဦးဆောင်ကျင်းပမည့် အစည်းအဝေးသို့ တက်ရောက်ရန် အောက်တိုဘာ ၅ ရက်မွန်းလွဲ ၁ နာရီက လေကြောင်းခရီးဖြင့် မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။ **(ကြေးမုံ)**

# စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ ကျင်းပ

**နောင်ချို အောက်တိုဘာ ၆**
နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ နီပွန်ဖောင်ဒေးရှင်း စေတနာအဖွဲ့တို့က နောင်ချိုမြို့နယ် ဆမ္မဆယ်ကျေးရွာမှ ပြည်သူလူထုနှင့် ပူးပေါင်း ဆောက်လုပ်ပြီးစီးသော စာသင်ကျောင်းဆောင်သစ်ဖွင့်ပွဲနှင့် ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲကို အောက်တိုဘာ ၅ ရက်က အဆိုပါ အဆောက်အအုံ၌ ကျင်းပသည်။

ကျောင်းဆောင်သစ်အား စေတနာအဖွဲ့ ဒါရိုက်တာ ဦးတင်လေး၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုမြို့နယ်ဦးစီးမှူး ဦးစိုင်းချစ်လွန်းဝေဦး၊ နောင်ချိုမြို့နယ် ပညာရေးမှူး ဦးဟရမ်းလိန်၊ ကျောင်းဆောက်လုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးကျော်ငြိမ်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တက်ရောက်လာသော ဧည့်သည်တော်များနှင့် တာဝန်ရှိသူများက ကျောင်းဆောင်သစ်၊ စာသင်ခန်းများ၊ ပရိဘောဂများကို လိုက်လံကြည့်ရှုသည်။

ယနေ့ဖွင့်လှစ်သော ကျောင်းဆောင်သစ်သည် စုစုပေါင်း ကျပ်သိန်း ၄၂၀ ကျော်ကုန်ကျ၍ စေတနာအဖွဲ့မှ ဒေသခံပြည်သူများသို့ ပညာရေးငွေပဒေသာပင် ကျပ် ၆၆ သိန်းကို လွှဲပြောင်းပေးအပ်ခဲ့ရာ ကျေးရွာပညာရေး ပဒေသာပင် ထိန်းသိမ်းရေးအဖွဲ့က လက်ခံရယူခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# စာကြည့်တိုက်ပညာသင်တန်း ဖွင့်မည်

**ရန်ကုန် အောက်တိုဘာ ၆**
မြန်မာနိုင်ငံစာကြည့်တိုက်အသင်း၏ စာကြည့်တိုက်ပညာသင်တန်း (၂/၂၀၁၆) ကို နိုဝင်ဘာ ၇ ရက်မှ ဒီဇင်ဘာ ၆ ရက်အထိ ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ကမ္ဘာအေးဘုရားလမ်း သီရိမင်္ဂလာရိပ်သာလမ်းသွယ်အမှတ် (၈၅-က)ရှိ အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၌ ဖွင့်လှစ်မည်ဖြစ်သည်။

စိတ်ပါဝင်စားသူမည်သူမဆို တက်ရောက်နိုင်ပြီး လျှောက်လွှာများကို အမျိုးသားစာကြည့်တိုက်(ရန်ကုန်)၊ အမျိုးသားစာကြည့်တိုက်ခွဲ(ရန်ကုန်)နှင့် စာပေဗိမာန် စာကြည့်တိုက်တို့တွင် ရယူပြီး အမျိုးသားစာကြည့်တိုက်(ရန်ကုန်) (သို့မဟုတ်) မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ အီးမေးလ် myanmar-libraryassociation.mla@gmail.com သို့ အောက်တိုဘာ ၂၀ ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# မန္တလေးမြို့တွင် လူမရှိသောနေအိမ်အတွင်း ဝင်ရောက်ခိုးယူသည့် ကလေးများ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၆**
မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၂၆)လမ်း၊ (၉၃)လမ်းနှင့် (၉၄)လမ်းကြား သင်္ဂဇာချောင်းထောင့်ရှိ လူမနေသောနေအိမ်အတွင်း ပစ္စည်းများဝင်ရောက်ခိုးယူခဲ့သည့် ဖြစ်စဉ်တစ်ခု အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီခွဲက ဖြစ်ပွားခဲ့ရာ အဆိုပါ ကလေးများအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

"လူမနေဘဲ ပိတ်ထားတဲ့အိမ်ဖြစ်တဲ့အတွက် တန်ဖိုးကြီးပစ္စည်းတွေမရှိဘူး၊ စွန့်ပစ်ပစ္စည်းကောက်ယူတဲ့ ကလေးတွေဖြစ်နိုင်တယ်၊ လူမရှိမှန်းသိလို့ ဝင်ခိုးတာပါ"ဟု တာဝန်ကျရဲအရာရှိက ပြောသည်။

ဖြစ်စဉ်မှာ ချမ်းအေးသာစံမြို့နယ် အမှတ် (၆)နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် ရဲအုပ်ခင်သန်းနှင့်အဖွဲ့က လှည့်ကင်းတာဝန်ဆောင်ရွက်နေစဉ် (၂၆)လမ်း သင်္ဂဇာချောင်းထောင့်တွင် (၁၄)နှစ်အရွယ် ချစ်မင်းအောင်၊ (၁၃) နှစ်အရွယ် မင်းသူ(ခ)အောင်မင်းသူ၊(၁၂)နှစ်အရွယ် ဖိုးလပြည့် (ခ)ရဲသွေး၊ (၁၁)နှစ်အရွယ် ကျော်စွာဝင်း(ခ)နားလေးနှင့် (၁၃) နှစ်အရွယ်ရှိ ကိုပိုင်(ခ)ကျော်ကြီးပါ ငါးဦးအား ကမ်ပိုအနက်ရောင်ဆိုင်ကယ်တစ်စီးနှင့်အတူ ဆာလာအိတ်များဖြင့် ထည့်ထားသည့် မော်တာစက်တစ်လုံး၊ ဒန်အိုးအကောင်းအရွယ်အစားစုံ ၁၁ လုံး၊ မီးဖိုချောင်သုံးပစ္စည်းများဖြင့် မသင်္ကာဖွယ်တွေ့ရှိခဲ့သည်။

ထို့ကြောင့် မေးမြန်းစစ်ဆေးခဲ့ရာ လူမရှိသောနေအိမ်အတွင်းမှ ခိုးယူခဲ့ကြောင်း ပေါ်ပေါက်ခဲ့သဖြင့် ရဲအုပ်ခင်သန်းက တရားလိုပြုလုပ်ကာ (ပ)၂၅၃/၂၀၁၆၊ ရာဇသတ်ကြီးပုဒ်မ ၃၈၀/၅၄ ဖြင့် အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

# ဆန်စပါးမျိုးစေ့ထုတ်လုပ်မှုနှင့် ဆန်စပါးစီးပွားရေးဆိုင်ရာကိစ္စများဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၆**

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူသည် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် စိုက်ပျိုးရေးဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၂ ရက် နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဆီဒိုးနားဟိုတယ်၌ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးချစ်ခိုင်၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများ၊ အတွင်းရေးမှူးများနှင့် အမှုဆောင်အဖွဲ့ဝင်များ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများမှ တာဝန်ရှိသူများအား တွေ့ဆုံ၍ လယ်ယာကဏ္ဍနှင့်ဆန်စပါးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရမည့် မူဝါဒလုပ်ငန်းစဉ်များ၊ စပါးအထွက်နှုန်းစစ်တမ်းကောက်ယူရေး၊ ဆန်စပါးမျိုးစေ့ထုတ်လုပ်မှုလုပ်ငန်းနှင့် ဆန်စပါးစီးပွားရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ဆွေးနွေးပြောကြားရာတွင် နိုင်ငံတော်အစိုးရသစ်အနေဖြင့် စီးပွားရေးမူဝါဒ(၁၂)ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိရာ လယ်ယာကဏ္ဍနှင့်စပ်လျဉ်း၍ "ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံစေရေးနှင့် ပို့ကုန်မြှင့်တင်နိုင်ရေးတို့အတွက် လယ်ယာကဏ္ဍ၊ မွေးမြူရေးကဏ္ဍနှင့် စက်မှုကဏ္ဍများ ဘက်ညီစွာတိုးတက်လာစေရန်နှင့် လယ်ယာစက်မှုကဏ္ဍ ချိန်ခွင်လျှာညီသည့် စီးပွားရေးပုံစံဖော်ထုတ်ရန်"ဆိုသည့် အချက်ကို ထည့်သွင်းချမှတ်ထားပါကြောင်း။

လုပ်ကွက်ငယ်တောင်သူလယ်သမားများ၏ ထုတ်လုပ်မှုတိုးတက်ရေးမှသည် လယ်ယာကဏ္ဍကြီး တိုးတက်ဖွံ့ဖြိုးရေးအထိ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် လိုအပ်ချက်များကို သင့်လျော်ကိုက်ညီသည့် မူဝါဒများအဖြစ် ရေးဆွဲချမှတ်ပြီးဖြစ်ကြောင်း၊ လယ်ယာကဏ္ဍကြီးတစ်ခုလုံး ရေရှည်တည်တံ့ခိုင်မာစွာ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် အခြေခံလိုအပ်ချက်ဖြစ်သော်လည်း အားနည်းမှုရှိနေသေးသည့် စာရင်းအင်းများ တိကျမှန်ကန်မှုရှိရေးလုပ်ငန်းစဉ်များတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်လာမှုအပေါ် လှိုက်လှဲစွာကြိုဆိုပါကြောင်း ပြောကြားသည်။

ယင်းနောက် အခမ်းအနားသို့တက်ရောက်လာကြသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြရာ စိုက်ပျိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းက ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်ဆွေးနွေးပြောကြားသည်။

၂၀၁၆-၂၀၁၇ခုနှစ် မိုးရာသီတွင် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်နှင့် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်တို့ပူးပေါင်း၍ ဆန်စပါးစားသုံးမှုစစ်တမ်းကို ကောက်ယူနိုင်ခဲ့ပြီး တစ်နိုင်ငံလုံး၏ဆန်စားသုံးမှုနှုန်းကို သုတေသနပြုဆောင်ရွက်နိုင်ခဲ့သည်။ စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု စစ်တမ်းကောက်ယူခြင်းကို တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ မြို့နယ်ပေါင်း ၃၀၈ မြို့နယ်တွင် ဆောင်ရွက်သွားမည်ဖြစ်ရာ မြန်မာနိုင်ငံတွင် ပထမဆုံးနှင့် အကြီးဆုံးသော လယ်ယာကဏ္ဍဆိုင်ရာ စစ်တမ်းကောက်ယူမှုတစ်ခုဖြစ်ကြောင်း သိရသည်။

အဆိုပါစစ်တမ်းကောက်ယူမှုအတွက် စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ ပူးပေါင်းစစ်တမ်းကောက်ယူ သုတေသနပြုဆောင်ရွက်မည်ဖြစ်ပြီး တောင်သူစစ်တမ်းများကို စံကွက်ရိတ်သိမ်းသည့် တောင်သူပေါင်း ၃၂၂၁၄ ဦးအပေါ် စစ်တမ်းကောက်ယူ၍ မိသားစုပိုင်ဆိုင်မှု၊ မျိုး၊ မြေဩဇာ၊ ပိုးသတ်ဆေးအသုံးပြုမှု၊ မျိုးစပါး၊ ဝမ်းစာစပါး၊ ရောင်းချသည့်အတွက် အကျိုးအမြတ်ရရှိမှုနှင့် ဈေးကွက်တို့ကိုပါ စစ်တမ်းကောက်ယူသွားမည်ဖြစ်သည့်အတွက် မြန်မာ့ဆန်စပါးစိုက်ပျိုးထုတ်လုပ်မှု လမ်းကြောင်းကို တိုးတက်မြင့်မားလာအောင် တိကျခိုင်မာသော ကိန်းဂဏန်းအချက်အလက်များ ပြုစုဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ရပ်ကွက်ဈေးထဲက ပြည်သူ့အသံ

**တွေ့ဆုံမေးမြန်း - နန္ဒာဝင်း**

နိုင်ငံပိုင်သတင်းစာများကို ပြည်သူတို့၏ ပြောရေးဆိုခွင့် စင်မြင့်တစ်ခုအဖြစ်လည်းကောင်း၊ ပြည်သူတို့နှင့်ပါ သက်ဆိုင်သည့်သတင်းစာများအဖြစ်လည်းကောင်း ပိုမိုပုံဖော်လာနိုင်ရန် နယ်ပယ်အလွှာအသီးသီးမှ ပြည်သူတို့နှင့် ပညာရှင်တို့၏ ကိုယ်စားပြုအသံများကို သတင်းစဉ်က အခါအားလျော်စွာ တင်ပြသွားမည်ဖြစ်ပါသည်။

ယခုအပတ်တွင် အခြေခံလူတန်းစားတို့နှင့် နိစ္စဓူဝတိုက်ရိုက် ထိတွေ့ဆက်နွယ်နေသည့် ကုန်ဈေးနှုန်းနှင့်ပတ်သက်၍ ရပ်ကွက်ဈေးထဲက ပြည်သူ့အသံကို ဦးစွာကောက်နုတ်ဖော်ပြအပ်ပါသည်။

**ဒေါ်မို့မို့နိုင် (လှိုင်သာယာမြို့နယ်၊ ညောင်ရွာ)**

ကျွန်မတို့က မိသားစုလေးယောက်ရှိပါတယ်။ အရင်ကဆို အိမ်စရိတ်က သုံး၊ လေးသောင်းလောက်ရှိရင် အဆင်ပြေတယ်။ ဝင်ငွေထွက်ငွေလည်း မျှတရုံလောက်ရှိတော့ ပုံမှန်လည်ပတ်နိုင်ပါတယ်။ အခုဆိုရင် အရင်လိုမဟုတ်တော့ဘူး။ ကုန်ဈေးနှုန်းတွေက အသေးအဖွဲလေးတွေ၊ အသီးအရွက်တွေကအစ


ဦးညွန့်လွင်။


မစန်းစန်းဝင်း။


မကြည်ပြာစန်း။


ဦးမောင်မောင်ကြည်။

အကုန်တက်နေတယ်။ အသားငါး၊ အသီးအရွက်တွေကစလို့ အိမ်သုံးကုန်အားလုံးနီးပါးက ဈေးတက်လာပါတယ်။ အရင်ကဆို ငါးတစ်ပိဿာကို ကျပ် ၂၀၀၀ လောက်နဲ့ရတယ်။ အခုဆို ၄၀၀၀ လောက်နဲ့မှ ရတော့တယ်။ ကန်စွန်းရွက် တစ်စည်း ကျပ် ၅၀ လောက်က ခုဆို ကျပ် ၁၅၀၊ ၂၀၀ လောက်ဖြစ်လာတယ်။ ဒါပေမယ့် အိမ်ရဲ့ဝင်ငွေကတော့ အရင်အတိုင်းပဲ တိုးတက်မလာဘူး။ အဲဒီတော့ ဝင်ငွေနဲ့ ထွက်ငွေတွက်ချက်ရင်း စိတ်ရှုပ်စိတ်ညစ်စရာတွေဖြစ်လာတယ်။ စီးပွားရေးအဆင်မပြေရင် မိသားစုဘဝသာယာမှုတွေလည်း မရှိနိုင်တော့ပါဘူး။ စားဝတ်နေရေးခက်ခဲတော့ စိတ်ညစ်ရတာပေါ့။

**မလှိုင်ဝါဝါခိုင် (ရန်ကင်းမြို့နယ်)**

အရင်တုန်းက ဆန်တစ်ပြည်ကို ကျပ် ၁၆၀၀၊ အခုဆို ဆန်တစ်ပြည် ကျပ် ၂၂၀၀၊ အရင်က ကြက်သားတစ်ဆယ်သား ကျပ် ၆၀၀၊ ဝက်သားတစ်ဆယ်သား ကျပ် ၅၀၀၊ အခုဆို ကျပ် ၁၀၀၀၊ ဘဲဥတစ်လုံး ကျပ် ၁၈၀၊ ကြက်ဥတစ်လုံး ကျပ် ၁၅၀၊ ကန်စွန်းရွက်တစ်စည်းကို ကျပ် ၃၅၀ အရင်ကဆို ၂၀၀ ဖိုး သုံးစည်းဝယ်စားရာက အခုဆို ၁၀၀၀ ဖိုး သုံးစည်းဝယ်စားနေရတယ်။ ကျွန်မတို့က အစိုးရဝန်ထမ်းပါ။ ရတဲ့လစာနဲ့က မိသားစုသုံးယောက် မနည်းလောက်ငအောင်စားနေရပါတယ်။ အရင်က ကျွန်မတို့ အဘွားတွေဆိုရင် ပိုက်ဆံချွေတာချင်ရင် ခေါင်းတစ်ရာသားကိုစားတဲ့၊ ယခု ခေါင်းတစ်ရာသားက တစ်ဆယ်သား ကျပ် ၁၀၀၀ ဈေးနဲ့ ဝယ်စားနေရတယ်။ အသီးအရွက်များများ စားပါဆိုတာကလည်း အသီးအရွက်ဈေးက သားငါးဈေးနီးပါးဖြစ်နေလို့ အသီးအရွက်လည်း များများမစားနိုင်တော့ပါဘူး။ ဒါကြောင့် ကုန်ဈေးနှုန်းတွေမတက်ဘဲ၊ အခုဈေးနှုန်းတွေအတိုင်းမဟုတ်ဘဲ ကျသွားမယ်ဆိုရင် ကျွန်မတို့ဝန်ထမ်းတွေသာမက ပြည်သူတွေအားလုံးပါ ဝမ်းသာကြရမှာပါ။

**ဦးညွန့်လွင် (ဒလမြို့နယ်)**

ကုန်ဈေးနှုန်းတက်နေတော့ တစ်နေ့ကို ဟင်းချက်စရာဖိုး ၅၀၀၀၊ ၆၀၀၀ လောက်ပေးရပါတယ်။ အဲဒါလောက်မှ အဆင်ပြေမှာလေ။ဟင်းသီးဟင်းရွက်တွေကအစတက်နေတယ်။ ဆန်ဈေးကလည်းတက်တယ်။ ကုန်ဈေးနှုန်းကတက်သွားပြီးရင် ပြန်မကျနိုင်ဘူး။ အစစအရာရာ အကုန်လုံးတက်နေတယ်။ အခိကကတော့ ကုန်ဈေးနှုန်းတွေ ထိန်းပေးနိုင်ရင်ကောင်းမယ်။ အခုကတော့ အများစုက စားဝတ်နေရေး ခက်ခဲနေကြတယ်။ ကုန်ဈေးနှုန်းကျရင် ပြည်သူလူထုသက်သာမှာပေါ့။ ချောင်လည်လာမယ်ပေါ့။

**မစန်းစန်းဝင်း (ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်)**

ဆန်တစ်အိတ်ကိုအရင်တုန်းက ကျပ် ၁၈၅၀၀ လောက်ပဲရှိတယ်။ အခုဆိုရင် ဆန်တစ်အိတ်ကို ၃၄၀၀၀ လောက်ဖြစ်လာတယ်။ ဆီဆိုရင် အရင်က တစ်ဆယ်သားကို ကျပ် ၁၆၀ ပဲရှိတာ။ အခုဆိုရင် ၂၂၀ လောက်ရှိတယ်။ အခုလို ကုန်ဈေးနှုန်းမြင့်တက်နေတော့ တစ်လနဲ့တစ်လ အလျဉ်မီအောင် မနည်းရုန်းကန်နေရတယ်။ ကုန်ဈေးနှုန်းတွေ ပြန်ကျရေးကတော့ ပြည်သူတွေအားလုံး စိတ်ကူးယဉ်နေတဲ့အိပ်မက်တစ်ခုလို့ ပြောလို့တောင်ရပါတယ်။

**မကြည်ပြာစန်း (အလုံမြို့နယ်)**

ကုန်ဈေးနှုန်းတွေကတော့ တက်နေတာပဲ။ ကန်စွန်းရွက်တစ်စည်းကို ကျပ် ၃၀၀ လောက်ဖြစ်နေတယ်။ ပါတော့လည်း သုံးပင်၊ လေးပင်ပဲပါတယ်။ ကျွန်မတို့က သားသမီးသုံးယောက်၊ မိသားစု ငါးယောက်ဆိုရင် အနည်းဆုံး နှစ်စည်းလောက်မှ လောက်တယ်။ လစာက တစ်လကို တစ်သိန်းကျော်လောက်ရတဲ့ ဝန်ထမ်းပါ။ တစ်နေ့ကို ဆန်၊ ဆီအပါအဝင် ဟင်းစားဖိုးက ၅၀၀၀ လောက်မှ လောက်ပါတယ်။ ဒီကုန်ဈေးနှုန်းနဲ့ အဆင်မပြေနိုင်ဘူးလေ။ ကုန်ဈေးနှုန်းတွေ တည်ငြိမ်မယ်၊ ကျမယ်ဆိုရင် ကောင်းတာပေါ့။ အမြန်ဆုံးလည်း ဖြစ်စေချင်ပါတယ်။

**ဦးမောင်မောင်ကြည် (ဒေါပုံမြို့နယ်)**

ကျွန်တော်ကတော့ တက္ကစီမောင်းပါတယ်။ တစ်နေ့ကို ဝင်ငွေ ကျပ် ၇၀၀၀၊ ၈၀၀၀ လောက်ရတယ်။ အိမ်စရိတ် ကျပ် ၅၀၀၀ ပေးရတယ်။ ချွေတာစားရတာပေါ့။ ကုန်ဈေးနှုန်းကတက်နေတော့ ဘယ်လောက်ရှာရှာ ရှာသလောက် မလောက်နိုင်ပါဘူး။ နိုင်ငံခြားသွားဖူးတဲ့သူတွေ၊ နိုင်ငံတကာအတွေ့အကြုံရှိတဲ့သူတွေ မေးကြည့်တော့ စင်ကာပူမှာဆိုရင် ကုန်ဈေးနှုန်းမတက်တာ ဆယ်နှစ်ရှိပြီတဲ့ အဲလိုပြောသံကြားတာပဲ။ ကိုယ့်နိုင်ငံမှာတော့ တစ်နှစ်နဲ့ တစ်နှစ်တောင် မတူဘူး။ တက်တက်လာတယ်။ ပြန်မကျဘူး။ ကုန်ဈေးနှုန်းကျရင်တော့ စားဝတ်နေရေးပြေလည်တာပေါ့။




# ပြောင်းဈေးများဆက်တိုက်ကျဆင်းနေ၍ ပြောင်းစိုက်တောင်သူများအရှုံးပေါ်

**မန္တလေး အောက်တိုဘာ ၆**

ယခုနှစ်ပြောင်းပေါ်ချိန်တွင် အထွက်နှုန်းကောင်းမွန်သော်လည်း ဈေးနှုန်းများဆက်တိုက်ကျဆင်းနေပြီး ဝယ်ယူမှု တုံ့ဆိုင်းနေခြင်းကြောင့် တောင်သူများ အခက်အခဲများကြုံတွေ့လျက်ရှိကြောင်း သိရသည်။

မန္တလေးဈေးကွက်တွင် အောက်တိုဘာ ၂ ရက် ပေါက်ဈေးအရ CP ပြောင်းစေ့သုံးတင်းဝင် တစ်အိတ်လျှင် ကျပ် ၁၇၀၀၀ နှုန်းနှင့် မြန်မာပြောင်းစေ့ ကျပ် ၁၆၀၀၀ နှုန်းအထိ ဈေးနှုန်းရှိခဲ့ပြီး ယနေ့တွင် ကျပ် ၅၀၀ ထပ်မံကျဆင်းခဲ့ပြီး ယခုရက်ပိုင်းအတွင်း ၂၅ ရာခိုင်နှုန်းကျော်အထိ ဈေးနှုန်းကျသွားသည့်အပြင် တရုတ်နိုင်ငံမှ ဝယ်ယူမှု နည်းပါးလျက်ရှိကြောင်း မန္တလေးမြို့မှ ဦးစိုးဝင်းမြင့် (စိုးဝင်းမြင့်ပွဲရုံ)က ပြောသည်။

"ပြောင်းစေ့တွေကို အရက်ချက်ဖို့နဲ့ မွေးမြူရေးအစာအတွက်သာ ဝယ်ကြပြီးတော့ ဈေးနှိမ်ပြီးဝယ်နေကြတယ်။ လားရှိုးနဲ့ ကျောက်မဲ ဘက်တွေမှာလည်း ပွဲရုံကိုသွားသွင်းတာ ထွက်သလောက် မဝယ်နိုင်လို့ ပြောင်းတွေပုံနေတယ်။ ဈေးကလည်း ဆက်တိုက်ကျနေတယ်"ဟု ၎င်းက ပြောသည်။

မြန်မာ့ထွက်ကုန် ပြောင်းစေ့ကို တရုတ်နိုင်ငံသို့ တရားဝင်ရောင်းချမှုများရှိသော်လည်း ၎င်းတို့နိုင်ငံအတွင်း ပြောင်းစေ့ကိုပင် တစ်ခါတစ်ရံဖမ်းဆီးမှုများရှိခြင်းကြောင့် အဝယ်ရပ်တန့်မှုများ ကြုံတွေ့ခဲ့ရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်(ရွှေဈေး) ၈၆၈၀၀၀ - ၈၆၉၀၀၀ မန္တလေး(ရွှေဈေး) ၈၆၈၀၀၀ - ၈၆၉၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၂၀/၆၅၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၅၀/၆၆၀ ကျပ်၊ | ၇၂၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၉၀/၆၀၀ ကျပ်၊ | ၆၄၀/၆၆၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၆၁၀/၆၂၀ ကျပ်၊ | ၆၆၀/၆၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၈၂ ကျပ်၊

အောက်တိန်း 92 တစ်လီတာ ၅၆၀ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၆၀. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၄၁၁. ၇ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၈၈. ၈၆ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၆. ၁၈၆ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၄. ၄၆ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၉၁၁ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၁၇. ၇ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၃. ၃၃ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၅၉. ၀၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၉၂၀. ၅၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

## ကြေးမုံ ရုပ်ရှင်အညွှန်း

# ဘဝအမောတွေပြေပျောက်စေမည့် ရုပ်ကွက်ဘုရင်မ(၂) မြန်မာရုပ်ရှင်ဇာတ်ကားသစ် ရုံတင်

မြန်မာ့ရုပ်ရှင်လောက၏ ဝါရင့်သရုပ်ဆောင်များဖြစ်ကြသည့် ရုပ်ရှင်သရုပ်ဆောင်အကယ်ဒမီရှင်များဖြစ်ကြသည့် မို့မို့မြင့်အောင်၊ စိုးမြတ်သူဇာ၊ ထွန်းအိန္ဒြာဗို၊ ခိုင်သင်းကြည်၊ အေးမြတ်သူနှင့် ရာဇာနေဝင်းတို့ ခေါင်းဆောင်ပါဝင်ထားသည့် 'ရုပ်ကွက်ဘုရင်မ(၂)' ဇာတ်ကားကို ယခုတစ်ပတ်တွင် ရုံတင်ပြသမည်ဖြစ်သည်။

ယင်းဇာတ်ကားကို လပ်ကီးဆဲဗင်းမီဒီယိုထုတ်လုပ်ရေးမှ မအေးအေးဝင်း စီစဉ်ထုတ်လုပ်ပြီး ဇာတ်လမ်း ဦးအုန်းဝင်း၊ ဇာတ်ညွှန်း နေခြည်အောင်သစ်တို့က ပုံဖော်ထားပြီး ဒါရိုက်တာ ခင်စောမျိုးက ရိုက်ကူးထားခြင်းလည်းဖြစ်သည်။

'ရုပ်ကွက်ဘုရင်မ(၂)' ဟာသဇာတ်ကားကို ရန်ကုန်နှင့် ငွေဆောင်တို့တွင် သွားရောက် ရိုက်ကူးထားခြင်းဖြစ်ပြီး ရတနာမြေပုံနှင့် ရတနာများရှာဖွေသည့် ဇာတ်လမ်းပုံစံကို ဟာသနှောကာ ရိုက်ကူးထားခြင်းလည်းဖြစ်သလို လူအချင်းချင်း သင့်တင့်စွာနေထိုင်ရင်း လူမှုဘဝပတ်ဝန်းကျင်ကိုလည်း ငြိမ်းချမ်းအောင်တည်ဆောက်သင့်ကြောင်း ပညာပေးလိုသည့်သဘောလည်း ပါဝင်သည်။

ယခင်ဇာတ်ကားမှ သရုပ်ဆောင်အများစု ပြန်လည်ပါဝင်လာကြပြီး သရုပ်ဆောင် မေသန်းနုနှင့် မေခလာတို့နေရာတွင် သရုပ်ဆောင် ထွန်းအိန္ဒြာဗိုနှင့် အေးမြတ်သူတို့ ထပ်မံပါဝင်အားဖြည့်လာခဲ့ခြင်းဖြစ်သည်။ သရုပ်ဆောင်များ၏ ကာရိုက်တာပိုင်းကိုမူ ယခင် ရုပ်ကွက်ဘုရင်မ ဇာတ်ကားနှင့် ကွဲပြားအောင်ဖန်တီးထားပြီး ယခုဇာတ်ကားသစ်မှာ ဇာတ်အိမ်ဖွဲ့စည်းမှု ပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း သိရသည်။

'ရုပ်ကွက်ဘုရင်မ(၂)' ဇာတ်ကားသည် အစအဖွင့်မှာပင်လျှင် ပရိသတ်များ နှစ်သက်သဘောကျစေမည့် ဇာတ်လမ်းဇာတ်ကွက်များဖြင့် ဖန်တီးထားကြောင်း သိရပြီး ယင်းဇာတ်ကားတွင် ရာဇာနေဝင်းက ပင်လယ်ဓားပြတစ်ဦးအဖြစ် ပါဝင်သရုပ်ဆောင်ထားသည်။

ယင်းဇာတ်ကားကို ယနေ့ (အောက်တိုဘာ ၇ ရက်)တွင် ရွှေ့ဆောင်၊ မင်္ဂလာ စံပြ၊ မင်္ဂလာဝဇီရာ (လှိုင်သာယာ)၊ မင်္ဂလာဂမုန်းပွင့်၊ မင်္ဂလာဒိုင်းမွန်း၊ မင်္ဂလာထွန်းသီရိ၊ မင်္ဂလာ(ပဲခူး)ရုပ်ရှင်ရုံနှင့် တောင်ငူမြို့ရှိ New 3D Cinema တို့၌ စတင်ရုံတင်ပြသသွားမည်ဖြစ်သည်။

ဆက်လက်ပြီး ပြသဆဲမြန်မာဇာတ်ကားများဖြစ်သည့် သရုပ်ဆောင် အေးမြတ်သူ၏ "မအေးပွင့်၊ မြင့်မြင့်စန်း၊ လမ်းသုံးဆယ်" ဇာတ်ကားကိုလည်း ယခုတစ်ပတ်တွင် ဆက်လက်ရုံတင်ပြသပေးမည်ဖြစ်ရာ သမ္မတ၊ သွင်၊ မင်္ဂလာ(၁)သိမ်ကြီးဈေး၊ တော့ရှိုင်ရယ်၊ မင်္ဂလာစံပြ၊ မင်္ဂလာဂမုန်းပွင့်၊ ဝင်းလိုက်၊ မြို့မနှင့် မင်္ဂလာထွန်းသီရိ အဆင့်မြင့် ရုပ်ရှင်ရုံတို့တွင် ယခုတစ်ပတ်၌ ဆက်လက်ပြသသွားမည်ဖြစ်သည်။

ထို့အပြင် ဒါရိုက်တာ လူမင်း ပုံဖော်ရိုက်ကူးပြီး လူမင်း၊ နေတိုး၊ မြင့်မြတ်၊ ဝတ်မှုံရွှေရည်နှင့် ရွှေမှုံရတီတို့ ခေါင်းဆောင်ပါဝင်ထားသည့် 'အနူးဘစ်' ဇာတ်ကားကိုလည်း ရွှေ့ဆောင်(၂)နှင့် မင်္ဂလာ(ပဲခူး) အဆင့်မြင့်ရုပ်ရှင်ရုံတို့တွင် ဆက်လက်ရုံတင်ပြသသွားမည်ဖြစ်သည်။

နိုင်ငံခြားကား ဇာတ်ကားသစ်အနေဖြင့် စိတ်ကူးယဉ် သိပ္ပံဇာတ်ကားဖြစ်သည့် Miss Peregrine's Home for Peculiar Children ဇာတ်ကား၊ မာ့ခ်ဝဲလ်ဘတ်ခ်၏ Deep Water Horizon ဇာတ်ကား၊ Ar Mar(Granny)2D ဇာတ်ကားတို့ကို ကြည့်ရှုခံစားကြရမည်ဖြစ်ကြောင်း ကြေးမုံရုပ်ရှင်အညွှန်းကဏ္ဍမှ ညွှန်းဆိုတင်ဆက်လိုက်ရပါသည်။

ဖြိုးစန္ဒာမြင့်

# အကယ်ဒမီ ပြေတီဦးနှင့် ထိုင်းအလှမယ်တို့ တွဲဖက်သရုပ်ဆောင်ထားသည့် တီတီနှင့် ဒိုးနတ်ရုပ်ရှင်ကားကြီး စာနယ်ဇင်းအထူးပွဲ ဒီဇင်ဘာတွင် ပြသမည်

**ရန်ကုန် အောက်တိုဘာ ၅**

မြန်မာ-ထိုင်းနှစ်နိုင်ငံ ပေါင်းစပ်ရိုက်ကူးထားသည့် T T & DONUT (တီတီနှင့် ဒိုးနတ်) ရုပ်ရှင်ကားကြီး စာနယ်ဇင်းအထူးပြပွဲကို မြန်မာနိုင်ငံ၌ ဒီဇင်ဘာတွင် ပြသသွားမည်ဖြစ်ပြီး ၂၀၁၇ ခုနှစ် ဇန်နဝါရီ ပထမပတ်တွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့၌ တစ်ပြိုင်တည်း ရုံတင်ပြသသွားမည်ဖြစ်ကြောင်း ရွှေမင်းသမီးရုပ်ရှင်ထုတ်လုပ်ရေးမှ သိရသည်။

မြန်မာစူပါမင်းသား လေးထပ်ကွမ်းအကယ်ဒမီ ပြေတီဦးနှင့် ထိုင်းနိုင်ငံ Miss Thailand World 2014 အလှမယ် Chattarika Care Sittiprom တို့ ပထမဦးဆုံး တွဲဖက်သရုပ်ဆောင် ရိုက်ကူးထားသော တီတီနှင့် ဒိုးနတ် ရုပ်ရှင်ကားကြီးသည် စတင်ရိုက်ကူးကတည်းကပင် ပရိသတ်အထူးစိတ်ဝင်စားခဲ့ကြသည်။

အဆိုပါရုပ်ရှင်ဇာတ်ကားအထူးပွဲကို ထိုင်းနိုင်ငံ ဗန်ကောက်မြို့ Paragon Cineplex ၌ စက်တင်ဘာ ၂၀ ရက်က မြန်မာ-ထိုင်းနှစ်နိုင်ငံ မီဒီယာများအား ပြသခဲ့သည်။

ထိုင်းနိုင်ငံ၌ အများဆုံးရိုက်ကူးထားပြီး မြန်မာ့ရုပ်ရှင်ထုတ်လုပ်ရေးအတွက် ပထမဦးဆုံး နိုင်ငံတကာအဆင့်မီ တီတီနှင့်ဒိုးနတ် ရုပ်ရှင်ဇာတ်ကားကို ရွှေမင်းသမီး ရုပ်ရှင်ထုတ်လုပ်ရေး၏ စီစဉ်မှု၊ ဇာတ်လမ်းဇာတ်ညွှန်းဒါရိုက်တာ Adsajun Sattagovtt က ရိုက်ကူးခဲ့ပြီး ပြေတီဦး၊ ထိုင်းအလှမယ်၊ ဩ့သည်သရုပ်ဆောင် ရွှေသမီးနှင့် ထိုင်းသရုပ်ဆောင်ပေါင်းများစွာ ပါဝင် သရုပ်ဆောင်ထားသည်။

အဆိုပါဇာတ်ကားတွင် တီတီအဖြစ် မြန်မာနိုင်ငံမှ အကယ်ဒမီပြေတီဦးနှင့် ဒိုးနတ်အဖြစ် ထိုင်းနိုင်ငံမှ အလှမယ် Chattarika Care Sittiprom တို့က တွဲဖက်သရုပ်ဆောင်ထားကြပြီး "Pakon ဆိုသူသည် မာဖီးယားကြီးတစ်ဦးကဲ့သို့ တစ်ချိန်က ဩဇာအာဏာ အင်အားကြီးမားခဲ့သည့် လက်ဝှေ့ရုံပိုင်ရှင်ကြီးတစ်ဦးဖြစ်ပြီး တစ်ဦးတည်းသော သမီးဒိုးနတ်နှင့်အတူ နေထိုင်သည်။ သမီးလေးရှေ့ရေးကိုတွေးပြီး ယခင်လုပ်ငန်းများကိုစွန့်လွှတ်ကာ ရိုးသားသည့် အခြားစီးပွားရေးကို လုပ်ကိုင်လျက်ရှိသည်။ တစ်နေ့တွင် သမီးလေးဒိုးနတ်ကို Kong ဆိုသူနှင့် မင်္ဂလာဆွဲခံပွဲ ကျင်းပပေးနေချိန် သတို့သမီးဒိုးနတ် မင်္ဂလာဆွဲခံပွဲမှ ပျောက်ဆုံးသွားသည်။ မင်္ဂလာပွဲမှ သတို့သမီးလေး ထွက်ပြေးလွတ်မြောက်သွားအောင် ကူညီလိုက်သည့် ဆွဲခံပွဲသို့ သတင်းလာယူသူ ဓာတ်ပုံဆရာ ကိုတီတီနှင့် တွေ့ဆုံခဲ့သည်။ ထိုဇာတ်လမ်းမှ အစပြုကာ ကိုတီတီနှင့် ဒိုးနတ်တို့ ထွက်ပြေးရင်း မင်းသမီးဒိုးနတ် အတိတ်မေ့သွားကာ ဇာတ်သိမ်းပိုင်းတွင် မင်းသားနှင့် မင်းသမီးတို့ ချစ်ကြိုက်သွားကြပုံကို နိုင်ငံတကာအဆင့်မီ ရိုက်ကူးထားကြောင်း သိရသည်။

**ရီရီမြင့်၊ ဥမ္မာသန့်**

# ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါ အယ်လ်ဘမ်သစ်အတွက် ပရိုမိုးရှင်းခရီးစဉ်ငယ်များ စတင်



တေးသံရှင် လေဒီဂါဂါ၏ စတူဒီယိုတေးအယ်လ်ဘမ်သစ် ဖြစ်သည့် Joanne ၏ ပထမဆုံးသော ပရိုမိုးရှင်းခရီးစဉ်အဖြစ် အမေရိကန်နိုင်ငံ Nashville မြို့၌ အောက်တိုဘာ ၅ ရက်တွင် စတင်ခဲ့ကြောင်း သိရသည်။

ယခုနှစ်အတွင်း အသစ်ထွက်ရှိလာခဲ့ပြီး အောက်တိုဘာ ၂၁ ရက်တွင် ဖြန့်ချိမည့် ပဉ္စမမြောက်စတူဒီယို အယ်လ်ဘမ်လည်းဖြစ်သည့် Joanne ၏ ပရိုမိုးရှင်း ခရီးစဉ်ငယ်ကို စီစဉ်ရခြင်းမှာ Joanne အယ်လ်ဘမ်မှ သီချင်းသစ်များဖြင့် ပရိသတ်များကို ဖျော်ဖြေသွားခဲ့ပြီး ပထမဆုံးအကြိမ်အဖြစ် ပရိသတ်များနှင့် ဂီတအတွေ့အကြုံများ နှီးနှောဖလှယ်သွားမည်ဖြစ်ကြောင်း ပေါ့ပ်ကြယ်ပွင့် လေဒီဂါဂါ၏ အောက်တိုဘာ ၂ ရက်က ထွက်ရှိခဲ့သည့် ထုတ်ပြန်ချက်တစ်ရပ်အရ သိရသည်။

အောက်တိုဘာ ၅ ရက် ညပိုင်းတွင် ကျင်းပခဲ့သည့် အဆိုပါဖျော်ဖြေပွဲနှင့် ပတ်သက်ပြီး လေဒီဂါဂါက ကျင်းပမည့် အချိန်နှင့်နေရာတို့ကို သူ၏ အင်စတာဂရမ်မှ တစ်ဆင့် အတည်ပြုပေးခဲ့ပြီး ယင်းပွဲတွင် မကြာခင်က ထွက်ရှိခဲ့သည့် သီချင်းသစ် Perfect Illusion နှင့် အယ်လ်ဘမ်သစ်မှ အနည်းဆုံးသီချင်းနှစ်ပုဒ်ဖြင့် သီဆိုဖျော်ဖြေခဲ့ကြောင်း သိရသည်။

အောက်တိုဘာ ၅၊ ၂၀ နှင့် ၂၇ ရက်များတွင် ကျင်းပမည့် လေဒီဂါဂါ၏အဆိုပါဖျော်ဖြေပွဲများကို The Dive Bar Tour ဟု အမည်ပေးထားပြီး ပွဲစဉ်အားလုံး၏အစီအစဉ်များကို ယင်းဖျော်ဖြေပွဲ၏ အဓိက စပွန်ဆာဖြစ်သည့် Bud Light နှင့် လေဒီဂါဂါ၏ ဖေ့စ်ဘွတ် စာမျက်နှာတို့တွင် live streamed ပြသသွားမည်ဖြစ်ကြောင်းသိရသည်။ လေဒီဂါဂါ၏ Joanne အယ်လ်ဘမ်သစ်တွင် ပါဝင်သောသီချင်းများသည် များသောအားဖြင့် ဖခင်ဖြစ်သူနှင့် သူ့အကြားက ကိုယ်ရေးအကြောင်းများကို ဖော်ကျူးထားသော သီချင်းများ ဖြစ်ကြောင်း သိရသည်။ **မျိုးစန္ဒာမောင်**



# မယ်စကြာဝဠာအလှမယ်ဆုကို ဇွန်သံစဉ် ဆွတ်ခူး Miss Grand International သရဖူကို ရွှေအိမ်စည် ရရှိ

မယ်စကြာဝဠာ မြန်မာအဖွဲ့အစည်းမှ ဆန်ခါတင်ရွေးချယ်ထားသည့် ပြိုင်ပွဲဝင်အလှမယ် ၂၆ ဦးထဲမှ နောက်ဆုံးအလှမယ် သုံးဦးရွေးချယ်ပွဲကို အောက်တိုဘာ ၆ ရက်က ရန်ကုန်မြို့ရှိ နိုဗိုတယ်ဟိုတယ်၌ ကျင်းပခဲ့ရာ ၂၀၁၇ ခုနှစ်အတွက် မယ်စကြာဝဠာအလှမယ်ဆုကို ဇွန်သံစဉ်၊ Miss Grand International သရဖူကို ရွှေအိမ်စည်နှင့် 2nd Runner Up ဆုကို ဂျာဒင်ကိုင်၊ 3rd Runner Up ဆုကို သွန်းဝတီ၊ 4th Runner Up ဆုကို ခင်လပြည့်ဇော်တို့က ရရှိခဲ့သည်။

"ရင်တွေတအားခုန်နေပါတယ်။ ဆုရရှိတဲ့အတွက် ပြောမပြတတ်အောင် ဝမ်းသာမိပါတယ်ရှင်။ ပြိုင်ပွဲမှာ အကောင်းဆုံးယှဉ်ပြိုင်နိုင်ဖို့ ကြိုးစားသွားမှာပါ။" ဟု မယ်စကြာဝဠာအလှမယ် ဇွန်သံစဉ်က ပြောသည်။

အလှမယ် ဇွန်သံစဉ်သည် ၂၀၁၇ ခုနှစ်အတွက် (၆၆) ကြိမ်မြောက် Miss Universe ပြိုင်ပွဲကြီးတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်သည်။ ယင်းပြင် 1st RunnerUp သရဖူရရှိသူ ရွှေအိမ်စည်သည် ၂၀၁၇ ခုနှစ်အတွက် Miss Grand International ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

၁၉၅၂ ခုနှစ်မှ စတင်ကာ ကျင်းပခဲ့သည့် နိုင်ငံတကာမယ်စကြာဝဠာ ပြိုင်ပွဲသို့ မြန်မာနိုင်ငံ Miss Universe Myanmar အဖွဲ့အစည်းမှ ၂၀၁၃ ခုနှစ်မှ စတင်ကာနှစ်စဉ်ဝင်ရောက်ယှဉ်ပြိုင်ခဲ့သည်။ ၂၀၁၃ ခုနှစ်တွင် အလှမယ် မိုးစက်ဝိုင်၊ ၂၀၁၄ ခုနှစ်တွင် အလှမယ် သျှားထွဋ်အိန္ဒြာ၊ ၂၀၁၅ ခုနှစ်တွင် အလှမယ် မေဘရဏီသော်တို့ကအသီးသီး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီးဖြစ်သည်။ ၂၀၁၆ ခုနှစ်အတွက် အလှမယ် ထက်ထက်ထွန်းက သရဖူကို ရယူနိုင်ခဲ့ပြီး သူသည် ၂၀၁၇ ခုနှစ် ဇန်နဝါရီ ၃၀ ရက်တွင် ဖိလစ်ပိုင်နိုင်ငံတွင်ကျင်းပမည့် (၆၅) ကြိမ်မြောက် ၂၀၁၆ ခုနှစ် နိုင်ငံတကာမယ်စကြာဝဠာပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်တော့မည် ဖြစ်သည်။ သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-မီချိုကိုဟန်

# ဒဏ်ရာများကြောင့် ရသပျက်ခဲ့တဲ့ ၂၀၁၆ တင်းနစ်လောက

မေလဲ့သင်းရေးသားသည်







ဒီနှစ်တင်းနစ်လောကမှာ အမျိုးသား၊ အမျိုးသမီး နာမည်ကြီး ကစားသမားတွေ အတော်များများ ဒဏ်ရာပြဿနာတွေ တောက်လျှောက်ကြုံခဲ့ရပြီး ဒါဟာ တင်းနစ်လောကရဲ့ အရသာကို ပျက်စေခဲ့တဲ့ ထိုးနှက်ချက်တစ်ရပ်လို့တောင် ဆိုရမလိုပါပဲ။ သုတေသနပြုချက်များအရတော့ တင်းနစ်ပြိုင်ပွဲငယ် အကြိမ်(၁၀၀၀)ကစားတိုင်း(၅၇)ကြိမ် ဒဏ်ရာရမယ်လို့ ဆိုပါတယ်။ တင်းနစ်ကစားသမားအများစုကတော့ ခြေချင်းဝတ်၊ ကြွက်သား၊ ခါး၊ ပခုံး၊ ခြေသလုံး၊ နောက်ကျော၊ တံတောင်ဆစ်နဲ့ လက်မောင်းနေရာတို့မှာ ဒဏ်ရာပြဿနာတွေ ကြုံတွေ့ရလေ့ရှိတာကိုတွေ့ရပါတယ်။

ဒီဘက်ခေတ်မှာ ဒဏ်ရာပြဿနာကနေ ကာကွယ်နိုင်တဲ့ အထောက်အပံ့ပေးနိုင်တဲ့ အားကစားဝတ်စုံတွေ၊ ခေတ်မီပစ္စည်းတွေ အများအပြား ပေါ်ပေါက်နေပေမယ့်လည်း ပွဲဆက်များများကစားနေရတဲ့ ကစားသမားတွေအတွက်တော့ ဒဏ်ရာပြဿနာဟာ ရှောင်လွှဲလို့မရတဲ့ ဖြစ်ရပ်တစ်ခု ဖြစ်နေပါတယ်။ ၂၀၁၆ ခုနှစ် အတွင်း တင်းနစ် ကစားသမားတွေ ခါ တိုင်း ထက် ဒဏ်ရာ ရရှိခဲ့တာကြောင့် ပြိုင်ပွဲကြီးတွေမှာတောင် ကစားသမားစုံစုံလင်လင်နဲ့ ပြိုင်ဆိုင်မှု ပြင်းထန်တဲ့ အနေအထားကို မြင်တွေ့ခဲ့ရခြင်းမရှိပါဘူး။

၂၀၁၆ ခုနှစ်အတွင်း လေးနှစ်မှတစ်ကြိမ်ကျင်းပတဲ့ အိုလံပစ်ပြိုင်ပွဲလည်း ရှိခဲ့တာကြောင့် အရင်ကထက် ပွဲစဉ်တွေများပြားခဲ့ပြီး တိုက်ကြီးခြောက်တိုက် နိုင်ငံ ၃၁ နိုင်ငံမှာ ပြိုင်ပွဲ ၆၂ ပွဲအထိ ယှဉ်ပြိုင်စေခဲ့တဲ့အတွက် ကစားသမားတွေ လိုတာထက်ပိုတဲ့ ပွဲပန်းမှုတွေလည်း ခံစားခဲ့ရတာဖြစ်ပါတယ်။ ဒဏ်ရာပြဿနာ ကြုံတွေရတဲ့ထဲမှာ ဖက်ဒရာ၊ ရာဖေးလ်နာဒဲလ်၊ ဂျိုကိုဗစ်ချ်နဲ့ ဆရီနာဝီလျံတို့လို ထိပ်တန်းကစားသမားတွေတောင် ပါဝင်နေတာကို တွေ့ရပါတယ်။ ဖက်ဒရာဆိုရင် ဝင်ဘယ်လ်ဒန်အိုးပင်းပြိုင်ပွဲကာလ အတွင်း ရရှိခဲ့တဲ့ ဒူးဒဏ်ရာက ပြင်းထန်လွန်းတာကြောင့် ရာသီကုန်အထိ အနားယူရဖို့ သေချာနေပြီး ကမ္ဘာ့အဆင့်(၇)နေရာအထိ ထိုးဆင်းသွားခဲ့ရပါတယ်။

ရာဖေးနာဒဲလ်ကလည်း ပြီးခဲ့တဲ့ ပြင်သစ်အိုးပင်းမှာ ခါးဒဏ်ရာ ရရှိခဲ့ပြီးနောက် အိုလံပစ်ပြိုင်ပွဲရောက်မှသာ စမ်းသပ်ယှဉ်ပြိုင်တဲ့ပုံစံနဲ့ ပြန်လည်ပြိုင်ပွဲဝင်ခဲ့ရတဲ့အထိ ဖြစ်ခဲ့သလို အဓိကဆုဖလားကြီးကို တစ်ကြိမ် တစ်ခါမျှတောင် ရယူနိုင်ခြင်းမရှိပါဘူး။ ဂျိုကိုဗစ်ချ်က ဝင်ဘယ်လ်ဒန်အိုးပင်းအတွင်း ခါးဒဏ်ရာ အနည်းငယ်ရရှိခဲ့ပြီး ယူအက်စ် အိုးပင်း မှာ လည်း အသေးစား လက်မောင်းဒဏ်ရာ ထပ်မံကြုံတွေ့ခဲ့ကာ အခုနောက်ဆုံး လက်မောင်းဒဏ်ရာအကင်းမသေလို့ တရုတ်အိုးပင်းပြိုင်ပွဲကနေ နုတ်ထွက်သွားခဲ့ရတာကြောင့် သူ့ရဲ့ လက်ရှိချန်ပီယံဘွဲ့ကို ကာကွယ်ခွင့်ပါ ဆုံးရှုံးသွားခဲ့ပါတယ်။ ကမ္ဘာ့အဆင့်(၂) အန်ဒီမာရေးဟာ ဒေးဗစ်ဖလားပြိုင်ပွဲမှာ ပေါင်ဒဏ်ရာရရှိခဲ့ပေမယ့် ခုတော့ ဒဏ်ရာပြဿနာကနေ လွန်မြောက်လာခဲ့ပြီဖြစ်တဲ့အတွက် ဒဏ်ရာပြဿနာတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ ဂျိုကိုဗစ်ချ်ရဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို ရယူဖို့ ပစ်မှတ်ထားတယ်လို့ မကြာသေးခင်ကပဲ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။

၂၀၁၆ ခုနှစ်အတွင်း ရီယိုအိုလံပစ်ပြိုင်ပွဲကို ဇီကာဗိုင်းရပ်စ်ပိုး ကူးစက်မှာကြောက်လို့ဆိုတဲ့ အကြောင်းပြချက်ကြောင့် နာမည်ကြီး ကစားသမားတွေ လာရောက်ယှဉ်ပြိုင်ခြင်း မရှိကြသလို ဝင်လ်ဘယ်ဒန်အိုးပင်း၊ ယူအက်စ်အိုးပင်းလို ပြိုင်ပွဲတွေမှာ ကစားသမားတွေ ဒဏ်ရာပြဿနာတွေကြောင့် နုတ်ထွက်သွားတာမျိုးလည်းရှိတာကြောင့် ရေကုန်ရေခန်း ယှဉ်ပြိုင်ရတဲ့ ပွဲစဉ်တွေကို ပရိသတ်တွေ သိပ်ပြီး ကြည့်ရှုခဲ့ရခြင်းမရှိပါဘူး။ အထူးသဖြင့် ဒဏ်ရာပြဿနာဟာ အမျိုးသားတစ်ဦးချင်းပွဲစဉ်တွေကို ပိုပြီးရိုက်ခတ်မှုရှိခဲ့တာပါ။

ဒီအခြေအနေကို ၂၀၁၅ ခုနှစ် ဂရင်းစလင်းဖလား ဗိုလ်လုပွဲလေးကြိမ်မှာ ထိပ်တန်းကစားသမားတွေ ထိပ်တိုက်တွေ့ဆုံခဲ့မှုနဲ့ ယခုနှစ် ပြိုင်ပွဲလေးရပ် ဗိုလ်လုပွဲတွေရဲ့ အနေအထားကို နှိုင်းယှဉ်ကြည့်ရင် ထင်ထင်ရှားရှား မြင်တွေ့နိုင်မှာဖြစ်ပါတယ်။ ၂၀၁၅ ခုနှစ်ဂရင်းစလင်း ဗိုလ်လုပွဲစဉ်တွေဖြစ်တဲ့ ဩစတြေးလျအိုးပင်း (နိုဗက်ဂျိုကိုဗစ်ချ်-အန်ဒီမာရေး)၊ ပြင်သစ်အိုးပင်း (နိုဗက်ဂျိုကိုဗစ်ချ်-စတန်းဝေါရင်ကာ)၊ ဝင်ဘယ်လ်ဒန်အိုးပင်း (နိုဗက်ဂျိုကိုဗစ်ချ်-ဖက်ဒရာ)၊ ယူအက်စ်အိုးပင်း (နိုဗက်ဂျိုကိုဗစ်ချ်-ဖက်ဒရာ)တို့မှာ နာမည်ကျော်ကစားသမားတွေ အပြိုင်အဆိုင်ဖြစ်ခဲ့ပေမယ့် ၂၀၁၆ ပွဲစဉ်တွေ ဩစတြေးလျအိုးပင်း(နိုဗက်ဂျိုကိုဗစ်ချ်-အန်ဒီမာရေး)၊ ပြင်သစ်အိုးပင်း(နိုဗက်ဂျိုကိုဗစ်ချ်-အန်ဒီမာရေး)၊ ဝင်ဘယ်လ်ဒန်အိုးပင်း (အန်ဒီမာရေး- ရာအိုနစ်)၊ ယူအက်စ်အိုးပင်း (နိုဗက်ဂျိုကိုဗစ်ချ်- စတန်းဝေါရင်ကာ)တို့ အနည်းငယ်ကွဲပြားမှုရှိခဲ့တာကို သတိပြုမိပါတယ်။

ဒီလိုပါပဲ အသက်(၃၄)နှစ်ကျော်လွန်ပြီဖြစ်တဲ့ အမေရိကန်တင်းနစ်မယ် ဆရီနာဝီလျံဟာလည်း ပြီးခဲ့တဲ့နှစ်က ဂရင်းစလင်းဖလား သုံးကြိမ်ဆွတ်ခူးရရှိခဲ့ပေမယ့် ဒီနှစ်မှာတော့ မကြာခဏ ဒဏ်ရာတွေရရှိနေပြီး ဂရင်းစလင်းပြိုင်ပွဲလေးရပ်မှာ ဝင်ဘယ်လ်ဒန်အိုးပင်း တစ်ခုမှာပဲ ချန်ပီယံဖြစ်ခဲ့ကာ ကျန်တဲ့ပြိုင်ပွဲတွေမှာ ချန်ပီယံဆုရယူနိုင်ခဲ့ခြင်းမရှိပါဘူး။ ဒါတောင် သူချန်ပီယံဖြစ်ခဲ့တဲ့ ဝင်ဘယ်လ်ဒန်အိုးပင်းကို ဒဏ်ရာပြဿနာ အကင်းမသေဘဲယှဉ်ပြိုင်ခဲ့ရတယ်လို့ ဆိုပါတယ်။ နောက်ဆက်တွဲအနေနဲ့ (၁၈၆)ပတ် ဆက်တိုက် ထိန်းသိမ်းလာနိုင်တဲ့ ကမ္ဘာ့အဆင့်(၁)နေရာကို ဂျာမန်တင်းနစ်မယ် အိန်ဂျလိခ်ကာဘာကို လွှဲပြောင်းပေးခဲ့တဲ့အထိဖြစ်ခဲ့ပြီး ပခုံးဒဏ်ရာကြောင့် ဝူဟန်အိုးပင်းနဲ့ တရုတ်အိုးပင်းပြိုင်ပွဲ ယှဉ်ပြိုင်မယ့် လူစာရင်းကနေ ထပ်မံနုတ်ထွက်ခဲ့ရတာကြောင့် ၂၀၁၆ ခုနှစ်အတွင်း ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူဖို့ဆိုတာ မဖြစ်နိုင်တော့ပါဘူး။

ဆိုရရင် ဒီနှစ်တင်းနစ်လောကဟာ အရင်နှစ်တွေကလောက် ပြိုင်ဆိုင်မှုမပြင်းထန်တဲ့ အနေထားတွေ မြင်တွေ့နေရပြီး မာရီယာရှာရာပိုဗာရဲ့ တားမြစ်ဆေးပြဿနာ ပြီးတဲ့နောက် ဒဏ်ရာပြဿနာတွေကလည်း တင်းနစ်လောကကို ထပ်မံရိုက်ခတ်စေခဲ့တာကြောင့် အနည်းငယ်ပေါ့ပျက်တဲ့ အရသာပေးစွမ်းခဲ့တယ်လို့ ယူဆရပါမယ်။ ကမ္ဘာ့အဆင့်(၁)ကနေ (၈)နေရာကြားရရှိတဲ့ အမျိုးသား ထိပ်တန်းတင်းနစ်ကစားသမားတွေ ရာသီသိမ်းဖလားလုပွဲအဖြစ် ယှဉ်ပြိုင်တဲ့ ဘာကလေအေတီပီဖလားပြိုင်ပွဲကို ဖက်ဒရာ၊ နာဒဲလ်နဲ့ ဂျိုကိုဗစ်ချ်တို့ လွဲချော်မလားဆိုတာ အားကစားမီဒီယာတွေက အကြိုအဖြေထုတ်နေကြပြီဖြစ်ပါတယ်။ ဒါပေမယ့် ဒီပြိုင်ပွဲဟာ နိုဝင်ဘာ ၁၃ ရက်ရောက်မှ စတင်ယှဉ်ပြိုင်မှာဆိုတော့ တစ်လကျော်လောက်လိုအပ်သေးတာကြောင့် နာဒဲလ်နဲ့ ဂျိုကိုဗစ်ချ်တို့ ပါဝင်ယှဉ်ပြိုင်နိုင်ဖို့ အလားအလာကောင်းနေပြီး တကယ်လို့ ဒီလိုကစားသမားတွေသာ မယှဉ်ပြိုင်နိုင်ဘူးဆိုရင် လက်မှတ်ရောင်းအား သိသိသာသာ ကျဆင်းသွားနိုင်ပါတယ်။

မကြာသေးမီကပဲ ဆရီနာဝီလျံက ၂၀၁၇ ခုနှစ်မှာ ကမ္ဘာ့အဆင့်(၁)နေရာကို ပြန်လည်ရယူဖို့ ကြိုးပမ်းသွားမယ်လို့ ဆိုခဲ့သလို ကာလကြာရှည်အနားယူနေရတဲ့ ဖက်ဒရာက ဩစတြေးလျအိုးပင်းအကြို ဟော့မန်းဖလားမှာ ပြန်လည်ဝင်ရောက်ယှဉ်ပြိုင်မယ်လို့ အတည်ပြုခဲ့တာကြောင့် ၂၀၁၆ ခုနှစ်အတွင်း ဒဏ်ရာပြဿနာတွေနဲ့ အရသာပျက်ခဲ့တဲ့ တင်းနစ်လောကဟာ ၂၀၁၇ ခုနှစ်မှာ ပြန်လည်ရှင်သန်နိုးထနိုင်မယ်လို့ ယေဘုယျအဖြေထုတ်လို့ ရပါတယ်။ ■

## ဘွန်ဒက်လီဂါမှာ ပရီမီယာလိဂ်ထက်ပိုပြီး စိတ်လှုပ်ရှားစရာကောင်းနေ




ဂျာမန်ဘွန်ဒက်လီဂါပြိုင်ပွဲသည် အင်္ဂလန်ပရီမီယာလိဂ်ပြိုင်ပွဲထက် ပရိသတ်ကို ဖျော်ဖြေမှုအပြည့်အဝ ပေးစွမ်းနိုင်သည့်အပြင် စိတ်လှုပ်ရှားစရာကောင်းသည့် လိဂ်ပြိုင်ပွဲတစ်ခုအဖြစ် ယုံကြည်ထားကြောင်း ပရီမီယာလိဂ်ကလပ် ချယ်လ်ဆီးအသင်းမှ ဘွန်ဒက်လီဂါကလပ် မိုချန်ဂလာဘတ်အသင်းသို့ အငှားချထားခြင်းခံရသည့် ဗဟိုနောက်တန်းကစားသမား ခရစ္စတန်ဆန်က ပြောကြားခဲ့သည်။

ဒိန်းမတ်ကြယ်ပွင့် ခရစ္စတန်ဆန်သည် မိုချန်ဂလာဘတ်အသင်းတွင် နှစ်ရာသီကြာ အငှားချထားခြင်းခံထားရသူဖြစ်ပြီး ဘွန်ဒက်လီဂါတွင် ပျော်ရွှင်မှုရရှိနေပြီဖြစ်သည်။ “ကျွန်တော်ဟာ ပရီမီယာလိဂ်ပြိုင်ပွဲမှာ တစ်ပွဲပဲ ကစားခဲ့ဖူးတာပါ။ ချယ်လ်ဆီးကစားဖော်တွေနဲ့တော့ နေ့စဉ်ဆိုသလို ပြင်းထန်တဲ့လေ့ကျင့်မှုတွေ ပြုလုပ်ခဲ့ရပါတယ်။ အဲဒါဟာ ဘွန်ဒက်လီဂါနဲ့ မတူညီတဲ့ နှိုင်းယှဉ်ချက်တစ်ခုအဖြစ်ရှိနေဆဲဆိုတာပါပဲ”ဟု ဗဟိုနောက်တန်းကစားသမား ခရစ္စတန်ဆန်က ဘွန်ဒက်လီဂါ၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ပြောကြားခဲ့သည်။

“ဘွန်ဒက်လီဂါပြိုင်ပွဲဟာ ပရိသတ်ကို ပိုပြီးအာရုံစူးစိုက်ရစေတဲ့ လိဂ်ပြိုင်ပွဲတစ်ခုပါ။ ပြိုင်ပွဲ၏ ပွဲစဉ်တိုင်းနီးပါးမှာလည်း ခေါက်တုန့်ခေါက်ပြန် အတက်အဆင်းလုပ်ရတာတွေ၊ တိုက်စစ်နဲ့ တန်ပြန်တိုက်စစ်တို့ဟာ အသက်ရှူမှားလောက်အောင် အရှိန်အဟုန်က မြန်ဆန်လွန်းပါတယ်။ နောက်ထပ်မတူညီတာ တစ်ခုကတော့ လေ့ကျင့်ရေးပိုင်းပါပဲ။ ဘာလို့လဲဆိုရင် ဘွန်ဒက်လီဂါက ပရီမီယာလိဂ်ထက်ပိုပြီး ခက်ခဲတာဆိုတော့ အမှန်တကယ်လည်း ကြိုးစားရပါတယ်”ဟုလည်း ခရစ္စတန်ဆန်က ဆိုသည်။

အသက်(၂၀)အရွယ်ရှိဗဟိုနောက်တန်းကစားသမား ခရစ္စတန်ဆန်သည် ယခုနှစ်ဘောလုံးရာသီတွင် မိုချန်ဂလာဘတ်အသင်းအတွက် အဓိကအားထားသည့် ကစားသမားတစ်ဦးဖြစ်လာခဲ့ပြီး ပြိုင်ပွဲအရပ်ရပ်တွင် ပွဲပေါင်း ၁၀ ပွဲ ပါဝင်ကစားပေးထားသူ ဖြစ်သည်။

(ငွေကြယ်)



## မိုးသည်းထန်စွာရွာသွန်းမှုကြောင့် မြေနိမ့်ပိုင်းရှိလူနေအိမ်ပြိုကျ၊ ယိုင်နဲ့

**တောင်သာ အောက်တိုဘာ ၆**
မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်တွင် အောက်တိုဘာ ၃ ရက် ညပိုင်းက မိုးရေချိန်လက်မ ၁ ဒသမ ၀၂ ထိ မိုးသည်းထန်စွာ ရွာသွန်းခဲ့ရာ ဇဂျမ်းကျေးရွာမှ စီးဆင်းလာသော ရိုးရေများကြောင့် နန်းတည်ကျေးရွာအနောက်ဘက် မြေနိမ့်ပိုင်းရှိ လူနေအိမ်နှစ်လုံး ပြိုကျ ယိုင်နဲ့ သွားခဲ့သည်။

ဇဂျမ်းကျေးရွာမှ စီးဆင်းလာသော ရိုးရေများကြောင့် နန်းတည်ကျေးရွာရှိ ဒေါ်ခင်စန်းရွှေ (၃ × ၃) ပင် သွပ်မိုး ထရံကာနေအိမ်တစ်လုံးပြိုကျပြီး ဦးဖိုးကျော် (၃ × ၃)ပင် ထန်းရွက်မိုး၊ ထန်းရွက်ကာနေအိမ်တစ်လုံး ယိုင်နဲ့သွားခဲ့သည်။

ပြိုကျသွားခဲ့သည့် အိမ်ထောင်စုဝင်မိသားစုများအား ဆွေမျိုးသားချင်းနေအိမ်၌ ခေတ္တယာယီ တည်းခိုနေထိုင်လျက်ရှိသည်။ အဆိုပါ ပြိုကျသွားသည့် နေအိမ်အား အမြန်ပြန်လည်ဆောက်လုပ်နိုင်ရေး ကျေးရွာအုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖများ၊ ဆွေမျိုးသားချင်းများက စီမံဆောင်ရွက်ထားရှိကြောင်း သိရသည်။

**(မြို့နယ်ပြန်/ဆက်)**

## ကသာမြို့နယ်စည်ပင်သာယာရေးကော်မတီစီစဉ်မှုဖြင့် ကမ္ဘောဇဘဏ်မှ သောက်သုံးရေကန်သုံးလုံး ဆောက်လုပ်လှူဒါန်း

**ကသာ အောက်တိုဘာ ၆**
ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီ၏ စီစဉ်မှုဖြင့် ကမ္ဘောဇဘဏ်မှ သောက်သုံးရေကန် သုံးလုံးဆောက်လုပ် လှူဒါန်းခြင်းအခမ်းအနားကို အောက်တိုဘာ ၃ ရက် ညနေ ၃ နာရီက ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီရုံးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးလှဝေက အမှာစကားပြောကြားပြီးနောက် အမှုဆောင်အရာရှိ ဦးတင့်လွင်က ကျေးဇူးတင်စကားပြောကြားသည်။ ဆက်လက်၍ ကမ္ဘောဇဘဏ်မှ မန်နေဂျာကိုယ်စား တာဝန်ရှိသူတစ်ဦးကလည်း သောက်သုံးရေကန်လှူဒါန်းရခြင်းနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားခဲ့သည်။

ကသာမြို့နယ် စည်ပင်သာယာရေးကော်မတီ၌ ရေကန်တစ်လုံး၊ အထက်တန်းကျောင်းခွဲ (ပတ္တမြား) ကျောင်း၌ ရေကန်တစ်လုံး၊ အလယ်တန်းကျောင်းခွဲ (မြို့မကျောင်း)၌ ရေကန်တစ်လုံးဆောက်လုပ်ပေးအပ်ခဲ့ပြီး ကမ္ဘောဇဘဏ်အား ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

၎င်း ကမ္ဘောဇဘဏ်မှာ သောက်သုံးရေကန် သုံးလုံး၏ ဆောက်လုပ်ခြင်းအတွက် ကုန်ငွေစုစုပေါင်းမှာ ကျပ် သိန်း ၂၀ ရှိကြောင်း သိရသည်။

**မြင့်ကေနိုင်(ပြန်/ဆက်)**

## မြစ်သားနယ်မှ တင်သွင်းသော ဇော်မွှားနှင့် ရွှေဖလားကြက်သွန်မျိုးများ အရောင်းအဝယ်ကောင်း

**မန္တလေး အောက်တိုဘာ ၆**
မန္တလေးမြို့ ကမ်းနားလမ်းတွင် ရာသီအလိုက် ကြက်သွန်မျိုးများကို ရောင်းချလျက်ရှိသည်။ ကြက်သွန်မျိုး ရောင်းဝယ်မှုတွင် ပထမပိုင်းတွင် ဥမျိုးများကိုရောင်းချပြီး နောက်ပိုင်းကာလတွင် အပင်မျိုးများကို တွင်ကျယ်စွာရောင်းချကြသည်။ ကြက်သွန်မျိုးများကို ဝါဆို ဝါခေါင်မှစကာ ပြာသိုလအထိ ရောင်းချကြသည်။ လက်ရှိကာလ မန္တလေးကမ်းနားလမ်းရှိ ကြက်သွန်မျိုးဆိုင်များမှ ကြက်သွန်မျိုးများကို ရှမ်းပြည်နယ်ဘက်မှ အဝယ်များသကဲ့သို့ပင် ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ အင်းတော်ဘက်နှင့် အခြားနယ်များမှလည်း ဝယ်ယူကြကြောင်း သိရသည်။ လက်ရှိကာလတွင် ကြက်သွန်ဥမျိုးများကိုသာ အားထားရောင်းချလျက်ရှိသည်။ ဥမျိုးကို အသေးအကြီးဆန်ခါချကာ ရောင်းချကြသည်။ အသေးတစ်ပြည်လျှင် ငွေကျပ် ၁၆၀၀၊ အလတ်မျိုးဥတစ်ပြည်လျှင် ကျပ် ၁၅၀၀၊ မျိုးဥအကြီးတစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ရောင်းချလျက်ရှိသည်။ တစ်ပတ်လျှင် ကြက်သွန်ဥမျိုးတင်း ၂၀၀ ခန့် အထိ ရောင်းရပြီး နေ့စဉ်အရောင်း တွင်ကျယ်လျက်ရှိသည်။

ကမ်းနားလမ်းရှိ ကြက်သွန်မျိုးဥများကို မြစ်သားနယ်မှ အဓိကတင်သွင်းလေ့ရှိသည်။ ဇော်မွှားနှင့်ရွှေဖလားကြက်သွန်မျိုးများကိုသာ အားထားရောင်းချကြသည်။ ကြက်သွန်မျိုးကို နှစ်စဉ်ရောင်းချသည့်အတွက် ဝယ်ယူသူဖောက်သည်များ ပုံမှန်ရှိနေပြီး ဝါဆို၊ ဝါခေါင်လများမှစကာ အရောင်းတွင်ကျယ်လေ့ရှိသည်။

ကြက်သွန်စိုက်တောင်သူတစ်ဦးလျှင် ကြက်သွန်မျိုး ငါးတင်း၊ ခြောက်တင်းမှ တင်း ၃၀ အထိ ဝယ်ယူကြသည်။ ကြက်သွန်စိုက်ပျိုးရာတွင် တစ်ဧကလျှင် ကြက်သွန်ဥမျိုးလေးတင်းမှ ငါးတင်းအထိ စိုက်ပျိုးကြောင်းသိရသည်။

**တိမ်တမန်**




## ထန်တလန်မြို့တွင် ယာဉ်ထိန်းရဲများ ပထမဆုံးအကြိမ် စတင်ထားရှိ

**ထန်တလန် အောက်တိုဘာ ၆**
ထန်တလန်မြို့တွင် အောက်တိုဘာ ၄ ရက်မှစ၍ ယာဉ်ထိန်းရဲများစတင်ထားရှိလျက်ရှိရာ ထန်တလန်မြို့၌ ယာဉ်ထိန်းရဲများ ပထမဆုံးအကြိမ် စတင်ထားရှိခြင်းဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့က ဒီမြို့မှာလာပြီး တာဝန်ထမ်းဆောင်တာဟာ ထန်တလန်မြို့နယ်ရှိ လွှတ်တော်ကိုယ်စားလှယ်များရဲ့ တောင်းဆိုမှုကြောင့် ဖြစ်ပါတယ်။ ဒီနေ့ကနေစပြီး အောက်တိုဘာ ၁၄ ရက်အထိကို ပညာပေးကာလအဖြစ်သတ်မှတ်မယ်။ အောက်တိုဘာ ၁၅ ရက်ကနေပြီးတော့ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း မလိုက်နာသူကို အရေးယူမှု စတင်မယ်" ဟု ထန်တလန်မြို့ လမ်းဆုံ၌ မော်တော်ဆိုင်ကယ် ဦးထုပ်မဆောင်းသူများအား ခေတ္တရပ်နားခိုင်းပြီး တာဝန်ကျ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ကျော်မျိုးလွင်က ပြောကြားသည်။

ထန်တလန်မြို့နယ်တွင် ၂၀၁၃ ခုနှစ်အတွင်း ယာဉ်မတော်တဆမှုငါးမှု ဖြစ်ပွားပြီး လူသေမှု တစ်မှု၊ ၂၀၁၄ ခုနှစ်တွင် ယာဉ်မတော်တဆမှု လေးမှုဖြစ်ပွားပြီး လူသေမှု တစ်မှု၊ ၂၀၁၅ ခုနှစ်တွင် ယာဉ်မတော်တဆမှု လေးမှုဖြစ်ပွားပြီး လူသေမှု သုံးမှုနှင့် ၂၀၁၆ ခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာ ၄ ရက်အထိ ယာဉ်မတော်တဆမှု လေးမှုဖြစ်ပွားပြီး လူသေဆုံးမှုမရှိကြောင်း ထန်တလန်မြို့ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

**(မြို့နယ်ပြန်/ဆက်)**



## မုံရွာမြို့တွင် ရွှေစည်းခုံစေတီ သီတင်းကျွတ်ဘုရားကြီးပွဲတော်အား စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရေး ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်

**မုံရွာ အောက်တိုဘာ ၆**
နှစ်စဉ်ကျင်းပမြဲဖြစ်သော စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၏ သမိုင်းဝင် ရွှေစည်းခုံစေတီ သီတင်းကျွတ်ဘုရားကြီးပွဲတော်အား အောက်တိုဘာ ၂၀ ရက် (သီတင်းကျွတ်လပြည့်ကျော် ၅ ရက်)မှ စတင်ပြီး စည်ကားသိုက်မြိုက်စွာ စတင်ကျင်းပပြုလုပ်သွားနိုင်ရေး ဈေးဆိုင်ခန်းများ စတင်ဆောက်လုပ်လျက်ရှိကြောင်း မုံရွာမြို့ ရွှေစည်းခုံစေတီတော် ဂေါပကအဖွဲ့ထံမှ သိရသည်။

အဆိုပါ သီတင်းကျွတ် ဘုရားကြီးပွဲတော်ကျင်းပမည့် အခြေအနေနှင့် ပတ်သက်၍ မုံရွာမြို့ ရွှေစည်းခုံစေတီမှ ဂေါပကအဖွဲ့ဝင်တစ်ဦးက "ဟိုးယခင်ကတည်းက နှစ်စဉ်မပျက် စည်ကားသိုက်မြိုက်စွာ ကျင်းပလာခဲ့သည့် မုံရွာမြို့၏ အထင်ကရ သီတင်းကျွတ်ပွဲတော်ကြီးကို ဒီနှစ်မှာ သီတင်းကျွတ်လပြည့်ကျော် ၅ ရက်မှ ၁၄ ရက် အထိ ၁၀ ရက်တိုင်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်သွားမှာ ဖြစ်ပါတယ်။

'ဒီပွဲတော်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက် ဈေးရောင်းချမည့်သူများနှင့် ဘုရားဖူးလာရောက်သူ မိဘပြည်သူများ စိတ်အေးချမ်းမြေ့စွာ လာရောက်ဖူးမြော်နိုင်ရေးအတွက် ဆိုင်ခန်း၊ ရေ၊ မီး၊ သန့်စင်ခန်းတွေ၊ လုံခြုံရေး၊ ကျန်းမာရေး၊ သန့်ရှင်းရေး၊ မီးဘေးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများအတွက် စီမံချက်များရေးဆွဲပြီး ကြိုတင်ဆောင်ရွက်လျက်ရှိပါတယ်။

'လက်ရှိမှာ သီတင်းကျွတ် လဆန်း ၃ ရက်မှ စတင်ပြီး သံဖရိမ်ဖြင့် ဆိုင်ခန်းများ စတင်ဆောက်လုပ်နေပါပြီ။ သီတင်းကျွတ်လပြည့်ကျော် ၈ ရက်မှာ မုံရွာမြို့ ပေါ်မှာရှိတဲ့ သံဃာတော်များကို ဆွမ်းလောင်းလှူမည်ဖြစ်ပြီး ဒီပွဲတော်၏ နှစ်စဉ်မပျက်တဲ့ ချစ်စရာ မြန်မာ့ဓလေ့အဖြစ် သီတင်းကျွတ် လပြည့်ကျော် ၇ ရက်မှစတင်ပြီး အနယ်နယ်အရပ်ရပ်က ဘုရားပွဲတော်လာ ပရိသတ်အပေါင်းအား အယုတ်၊ အလတ်၊ အမြတ် လူမျိုး၊ ဘာသာ မရွေး နံနက် ၆ နာရီမှ စ၍ စေတီတော် ရင်ပြင်ပေါ်တွင် အာဟာရ စတုဒိသာကို ၉ ရက်ဆက်တိုက် စေတနာရှင် ကုသိုလ်ရှင်များက ကျွေးမွေးလှူဒါန်းမှာ ဖြစ်ပါတယ်။

'ဒ့ါအပြင် ပွဲတော်လာ ဘုရားဖူးပြည်သူများ ရွှေစည်းခုံစေတီတော်မြတ်ကြီးအား ရွှေဆိုင်းများ ကပ်လှူနိုင်ရေးအတွက် ရင်ပြင်တော်ပေါ်မှာ နတ်မြင်းပျံနှင့် ဆိုင်းအဖွဲ့ကိုလည်း စီစဉ်ထားရှိပြီးဖြစ်ပါတယ်။ အခြား ပျော်ပွဲ ရွှင်ပွဲတွေကိုလည်း သက်ဆိုင်ရာနှင့် ညှိနှိုင်းပြီး အဆင်ပြေသလို ထည့်သွင်းသွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်။ ပွဲတော်နယ်မြေအတွင်းမှာ လောင်းကစားနှင့် ဆက်နွှယ်သည့် လုပ်ငန်းများကို လုံးဝခွင့်မပြုပါဘူး။

'ပွဲတော် လုံခြုံရေးအတွက် ရဲတပ်ဖွဲ့၊ မီးသတ်၊ ရပ်ကွက်တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ ပူးပေါင်းပြီး ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ပွဲတော်လာ မိဘပြည်သူတွေကို ပွဲတော်ကာလမှာ အရေးပေါ် ကျန်းမာရေးနှင့် ပတ်သက်ပြီး စောင့်ရှောက်မှုများ ပေးနိုင်ရေးအတွက်လည်း စီစဉ်ဆောင်ရွက်လျက်ရှိပါတယ်" ဟု ပြောကြားခဲ့သည်။

အဆိုပါ ပွဲတော်တွင် ဆိုင်ခန်းပေါင်း ၂၆၅ ခန်းနှင့် မြေနေရာကိုသာ သတ်မှတ်ရောင်းချသော ဆိုင်ခန်း ၉၆ ခန်း ပါရှိမည်ဖြစ်ကာ ဒေသထွက်ကုန်များ၊ မြန်မာပြည်အရပ်ရပ်မှ မြန်မာ့ရိုးရာမုန့်မျိုးစုံ၊ အဝတ်အထည်များ၊ ကြွေထည်ပစ္စည်းမျိုးစုံ၊ စတီးနှင့် လူသုံးကုန်ပစ္စည်းမျိုးစုံ၊ လျှပ်စစ်ပစ္စည်းမျိုးစုံတို့ကို ဖလှယ်ရောင်းချကြပြီး အနယ်နယ်အရပ်ရပ်က ဘုရားဖူးများဖြင့် နှစ်စဉ်စည်ကားသည့် ပွဲတော်ကြီးတစ်ခုဖြစ်ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

# မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် ငါ့သရောက်မြို့အဝင်အနီး ဥယျာဉ်ချောင်းရေကျော်လမ်းအား ယာယီသွားလာနိုင်ရေးအတွက် စုပေါင်းပြုပြင်

**ငါ့သရောက် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ငါ့သရောက်မြို့နယ်တွင် စက်တင်ဘာ ၂၀ ရက်မှစ၍မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းနေမှုကြောင့် ငါ့သရောက်-ညောင်ဦး ကျောက်ချောလမ်းများရှိ ရေကျော်အချို့နှင့် မြို့နယ်အတွင်းရှိ ကျေးရွာချင်းဆက် ကျောက်ချောလမ်းရှိ ရေကျော်များ မိုးရေတိုက်စားမှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ကာ ဒေသခံပြည်သူများအတွက် ကူးလူးဖြတ်သန်းသွားလာရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

ယင်းသို့ မိုးရေတိုက်စားမှုကြောင့် ပျက်စီးခဲ့သည့် ကျောက်ချောလမ်းရှိ ရေကျော်များအနက် ငါ့သရောက် မြို့အဝင်အနီး၊ ငါ့သရောက်-ညောင်ဦး ကျောက်ချောလမ်းပေါ်ရှိ ဥယျာဉ်ချောင်းရေကျော်မှာ အရှည်ပေ ၁၅၀ ခန့် ပျက်စီးဆုံးရှုံးခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်များမှ ဒေသခံပြည်သူများ ညောင်ဦးမြို့သို့ သွားလာရာတွင် အခက်အခဲများဖြစ်နေ၍ အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက ငါ့သရောက်မြို့အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့အုပ်ချုပ်ရေးမှူးဦးစလွှမ်းထက်မောင် ဦးဆောင်၍ ဒေသခံပြည်သူများက ယာယီဖြတ်သန်းသွားလာနိုင်ရေးအတွက် စုပေါင်း ပြုပြင်ဆောင်ရွက်ပေးလျက်ရှိသည်။

"မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားတဲ့ ဥယျာဉ်ချောင်းရေကျော် အရှည်ပေ ၁၅၀ ခန့်ကို ကနဦး မြေညှိတာတွေလုပ်ပြီး ကားတွေနဲ့ ဂျင်းမြေသား ဖြည့်တင်းဆောင်ရွက်မှုတွေ ဆောင်ရွက်နေတာ ဖြစ်ပါတယ်။ နောက်ပြီး သက်ဆိုင်ရာအဖွဲ့အစည်းတွေက တာဝန်ရှိတဲ့သူတွေကလည်း ဥယျာဉ်ချောင်းရေကျော်ရဲ့ ပျက်စီးမှုအခြေအနေတွေကို လာရောက်ပြီး စစ်ဆေးမှုတွေ ပြုလုပ်သွားပါတယ်။

'ဒါကြောင့် နောက်ထပ်လည်း မိုးရေတိုက်စားခြင်းကြောင့် ပျက်စီးမှုမရှိအောင် ဥယျာဉ်ချောင်းရေကျော်ကို မိုးရေတိုက်စားမှုဒဏ် ခံနိုင်အောင် အခိုင်အမာ ပြုပြင်ဆောင်ရွက်သွားဖို့ရှိပါတယ်။ အခုကတော့ ဒေသခံပြည်သူတွေ လက်တလော သွားလာရေး အဆင်ပြေဖို့ ယာယီပြုပြင်ဆောင်ရွက်ခြင်းဖြစ်ပါတယ်" ဟု ငါ့သရောက်မြို့မှ ဒေသခံတစ်ဦးက ပြောပြသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



# ၂၀၁၆ – ၂၀၁၇ ဘဏ္ဍာရေးနှစ် တင်ဒါရကုမ္ပဏီများနှင့် လုပ်ငန်းညှိနှိုင်းဆွေးနွေး



**မကွေး အောက်တိုဘာ ၆**

၂၀၁၆-၂၀၁၇ ခု ဘဏ္ဍာရေးနှစ်တွင် မကွေးခရိုင်အတွင်း တင်ဒါအောင်မြင်အောင် ဆောင်ရွက်ကြမည့် ကုမ္ပဏီများနှင့် ခရိုင်၊ မြို့နယ်ဦးစီးမှူးများ တွေ့ဆုံသော လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁ နာရီက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သည်။

အစည်းအဝေးတွင် ခရိုင်ဦးစီးမှူး ဦးကျော်ဇောဟိန်း၊ မြို့နယ်ဦးစီးမှူးများနှင့် ခရိုင်နှင့်မြို့နယ် တာဝန်ရှိသူများက လုပ်ငန်းများနှင့်ပတ်သက်သည့် စံချိန်စံညွှန်းများ စစ်ဆေးသွားမည့် အစီအစဉ်များကို ရှင်းလင်းပြောကြားခဲ့သည်။

မကွေးခရိုင်အတွင်း လမ်း၊ တံတားနှင့် ရေပေးရေး လုပ်ငန်းများအား ငွေကျပ် ၂၄၆၈ ဒသမ ၃၅၇ သန်း ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပြီး အဆိုပါလုပ်ငန်းများပြီးဆုံးပါက ကျေးရွာ ၂၄၄ ရွာ၊ အိမ်ခြေ ၄၆၃၆ အိမ်နှင့် လူဦးရေ ၂၁၈၁၀၉ ဦးအား အကျိုးပြုနိုင်မည် ဖြစ်ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

# ဖရဲ၊ သခွားစိုက်ခင်းများတွင် ဖုံးအုပ်အသုံးပြုထားသော ပလတ်စတစ်များ စနစ်တကျဖယ်ရှားစွန့်ပစ်ရေးနှင့် ပတ်သက်၍ပညာပေးဆွေးနွေး

**ချောင်းဦး အောက်တိုဘာ ၆**

စစ်ကိုင်းဒေသကြီး ချောင်းဦးမြို့နယ် သုံးပန်လှကျေးရွာတွင် ဖရဲ၊ သခွားစိုက်ခင်းများ၌ ဖုံးအုပ်အသုံးပြုထားသော ပလတ်စတစ်များ စနစ်တကျ ဖယ်ရှား စွန့်ပစ်ရေးနှင့်ပတ်သက်၍ပညာပေး ဆွေးနွေးပွဲကို သုံးပန်လှကျေးရွာ ဆုတောင်းပြည့်ဓမ္မာရုံတွင် အောက်တိုဘာ ၄ ရက် မွန်းတည့် ၁၂ နာရီက ပြုလုပ်ခဲ့ကြောင်း သိရသည်။

ယင်းဆွေးနွေးပွဲတွင် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးနမှ တာဝန်ရှိသူများက ပလတ်စတစ်များကြောင့် မြေဆီလွှာအတွင်း ဖြစ်ပေါ်လာနိုင်သည့် ဆိုးကျိုးများနှင့် သဘာဝပတ်ဝန်းကျင် ထိခိုက်ပျက်စီးမှုများ၊ ပလတ်စတစ်များ စနစ်တကျ ဖယ်ရှားစွန့်ပစ်ရေးနှင့် ပလတ်စတစ်အစား အခြားသော မြေဖုံးပစ္စည်းများ အစားထိုး အသုံးပြုရန် အစရှိသည်တို့ကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

ပိုးသတ်ဆေးများ စနစ်တကျ သုံးစွဲရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ စိုက်ခင်းအတွင်း အသုံးပြုထားသော ပလတ်စတစ်များသာမက လူသုံး၊ အိမ်သုံး ပလတ်စတစ် အမှိုက်များကိုလည်း စနစ်တကျ စွန့်ပစ်ရေးနှင့် မိမိအိမ်ပတ်ဝန်းကျင်၊ ရွာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးတို့နှင့်ပတ်သက်၍ သက်ဆိုင်ရာတာဝန်ရှိသူများက တောင်သူများအား ရှင်းလင်းပြောကြားခဲ့ပြီးနောက် ၎င်းတို့က သိရှိလိုသည်များအား ဖြေကြားပေးခဲ့သည်။

အဆိုပါပညာပေး ဆွေးနွေးပွဲသို့ ဒေသခံတောင်သူ စုစုပေါင်း ၇၆ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မိမိ (ချောင်းဦး)**

# ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးဟောပြော

**ဟားခါး အောက်တိုဘာ ၆**

ချင်းပြည်နယ် ဟားခါးမြို့ အမှတ်(၁၀၂) ယာဉ်ထိန်းတပ်ဖွဲ့စုနှင့် အမှတ် (၁၃) လူကုန်တားတပ်ဖွဲ့စုတို့ပူးပေါင်း၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် လူကုန်ကူးမှု အသိပညာပေးဟောပြောပွဲကို အောက်တိုဘာ ၄ ရက် နံနက် ၁၁ နာရီက ဟားခါးမြို့အမျိုးသမီးအိမ်တွင်းမှုလုပ်ငန်းပညာသင်တန်းကျောင်း၌ ကျင်းပခဲ့သည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် အမှတ်(၁၀၂)ယာဉ်ထိန်းတပ်ဖွဲ့စုမှ ဒုရဲမှူးကျော်ဦးက မော်တော်ဆိုင်ကယ်စီးနင်းသူများလိုက်နာရန် စည်းကမ်းများကိုလည်းကောင်း၊အမှတ်(၁၃) ဟားခါးလူကုန်တားတပ်ဖွဲ့မှ ရဲအုပ်မင်း ဇော်က လူကုန်ကူးနှင့်လူမှောင်ခိုကွဲပြားခြားနားချက်၊ ရွှေ့ပြောင်းသွားလာရာမှ လူကုန်ကူးခြင်းဖြစ်စဉ်များ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဖမ်းဆီးဖော်ထုတ်အရေးယူခဲ့သည့် ဖြစ်စဉ်များကိုလည်းကောင်း ရှင်းလင်းဟောပြောခဲ့ပြီး ယင်းဟောပြောပွဲသို့ တက်ရောက်သည့် အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်းသင်တန်းကျောင်းမှ သင်တန်းသူများအား ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်းသိရသည်။

**ဟားခါး(ခရိုင်ပြန်/ဆက်)**

# ၂၂ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်ရန် စခန်းသွင်းလေ့ကျင့်

**ပုသိမ် အောက်တိုဘာ ၆**

၂၀၁၆ ခုနှစ် ၂၂ ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို နေပြည်တော်၌ မကြာမီ ခြိမ့်ခြိမ့်သဲ ကျင်းပတော့မည်ဖြစ်၍ အဆိုပါပြိုင်ပွဲသို့ ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဝင်များသည် အောက်တိုဘာ ၂ ရက်မှ စ၍ စခန်းသွင်း လေ့ကျင့်လျက်ရှိကြောင်းသိရသည်။

ယင်းပြိုင်ပွဲဝင်အဖွဲ့ကို တိုင်းဒေသကြီး ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက် ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီတာဝင်းက ဦးဆောင်၍ အုပ်ချုပ်၊ ကြီးကြပ်သူ ၁၃ ဦး၊ အဆိုခုနစ်ဦး၊ အက ၇၅ ဦး၊ အရေး နှစ်ဦး၊ အတီး ၅၉ ဦး စုစုပေါင်း ၁၅၆ ဦးဖြင့် ပါဝင်ယှဉ်ပြိုင်သွားမည် ဖြစ်သည်။

အဆိုပါ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို တစ်မျိုးသားလုံး အမျိုးသားရေးစိတ်ဓာတ် ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရေး၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝရ ရှင်သန်ရေး၊ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေးနှင့် ဒီမိုကရေစီ နိုင်ငံတော်တည်ဆောက်ရာတွင် အနုသုခုမပညာဖြင့် တာဝန်ယူဆောင်ရွက်ရေးစသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပမည်ဖြစ်သည်။

**မောင်မောင်မြင့်(ပြန်/ ဆက်)**



# အင်္ဂပူမြို့နယ်တွင် ကျန်းမာရေးသိကောင်းစရာများ ဟောပြောပြီး တိုင်းရင်းဆေးဖြင့်(အခမဲ့)ဆေးကုသပေး

**အင်္ဂပူ အောက်တိုဘာ ၆**

အင်္ဂပူမြို့နယ် လိပ်ပေါင်ဆွဲကျေးရွာအုပ်စု လိပ်ပေါင်ဆွဲကျေးရွာ မဟာစည်ကျောင်းတိုက် ဓမ္မာရုံ၌ အောက်တိုဘာ ၄ ရက်က စားသုံးသူရေးရာဦးစီးဌာန တိုင်းရင်းဆေးကုဌာနနှင့် ပြန်ဆက်ဦးစီးဌာနတို့ပူးပေါင်းပြီး ကျန်းမာရေးနှင့်ပတ်သက်သည့် သိကောင်းစရာများအား နယ်လှည့် ဟောပြောပွဲနှင့် တိုင်းရင်းဆေးဖြင့်(အခမဲ့)ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့သည်။

အခမ်းအနားတွင် အင်္ဂပူမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်သီသီရှိန်က စာဖတ်ခြင်းအကျိုးကျေးဇူးများအား ရှင်းလင်းပြောကြားခဲ့ပြီး မြို့နယ်တိုင်းရင်းဆေးကုဌာနမှ တိုင်းရင်းဆေးမှူး ဦးခိုင်ထွန်းဇော်က သွေးတိုးရောဂါအကြောင်းသိကောင်းစရာများနှင့် ပတ်သက်၍ ပြောကြားခဲ့သည်။

ဆက်လက်၍စားသုံးရန်မသင့်သောရက်လွန်အစားအစာများ အကြောင်းကို မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမြင့်ကြိုင်က ရှင်းပြပေးခဲ့ပြီးအခမ်းအနားသို့ တက်ရောက်လာသူများအား တိုင်းရင်းဆေးဖြင့် (အခမဲ့) ကုသပေးခဲ့ကာ မြို့နယ်ပြန်ဆက်ဦးစီးဌာနမှ နံရံကပ်ဓာတ်ပုံများ၊ စာစောင်များ ပြသပေးခဲ့သည်။

အဆိုပါအခမ်းအနားသို့ လိပ်ပေါင်ဆွဲကျေးရွာအုပ်စုမှ ရပ်မိရပ်ဖများ၊ ဆရာ၊ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအပါအဝင် ဒေသခံပြည်သူ စုစုပေါင်း ၄၂၀ ဦးခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**မန်းကျော်(ပြန်/ဆက်)**

# သတင်းသမားများဘဝ လုံခြုံစိတ်ချနိုင်ရေး အသက်အာမခံ ထားရှိပေးရန် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) က စီစဉ်ဆောင်ရွက်လျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၆**

မြန်မာနိုင်ငံရှိ သတင်းသမားများဘဝ လုံခြုံစိတ်ချနိုင်ရေးအတွက် အသက်အာမခံထားရှိပေးရေးကို မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) က စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။

"ဘင်္ဂလားဒေ့ရှ်နိုင်ငံမှာဆိုရင် သတင်းသမားတွေအများစုက အသက်အာမခံတွေ လုပ်ထားကြတယ်။ Dhaka သတင်းထောက်အသင်းကဆိုရင် အုပ်စုလိုက် အသက်အာမခံထားကြတယ်။ မြန်မာနိုင်ငံမှာလည်း ဒီလို အသက်အာမခံတွေထားရှိဖို့ လိုအပ်လာပြီ"ဟု မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA) ဥက္ကဋ္ဌ ဦးသီဟစောက ပြောကြားသည်။

အသင်းဒုတိယဥက္ကဋ္ဌ ဦးမြတ်ခိုင်က "မြန်မာနိုင်ငံမှာ သတင်းသမားတွေရဲ့ ဘဝလုံခြုံရေးဟာ အာမခံချက်မရှိဘူး။ ဒါကြောင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်း (MJA)က မြန်မာနိုင်ငံနိုင်ငံမှာရှိတဲ့ သတင်းသမားများဘဝ လုံခြုံစိတ်ချနိုင်ရေးအတွက် အသက်အာမခံထားဖို့ စီစဉ်နေတာဖြစ်တယ်။ မကြာမီကမ္ဘောဇဘဏ်နဲ့ချိတ်ဆက်ပြီး လိုအပ်တာတွေကို ဆက်လက်ဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

ကနဦးအနေဖြင့် မြန်မာနိုင်ငံသတင်းစာဆရာအသင်းမှ အသင်းဝင်များအား အသက်အာမခံထားရှိနိုင်ရေးကို စတင်လုပ်ဆောင်ပေးသွားမည်ဖြစ်ပြီး ယင်းကဲ့သို့သတင်းသမားများအတွက် အသက်အာမခံထားရှိရေးလုပ်ဆောင်ပေးခြင်းသည် မြန်မာနိုင်ငံတွင် ပထမဦးဆုံးဖြစ်ကြောင်း သိရသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်းသည် သတင်းမီဒီယာသမားများ ရရှိခံစားအပ်သော အသက်မွေးဝမ်းကျောင်းဆိုင်ရာ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ရန်၊ သတင်းမီဒီယာသမားများ၏ လူမှုရေးကိစ္စများ၊ သက်သာချောင်ချိရေးကိစ္စများတွင် ကူညီဆောင်ရွက်နိုင်ရန် ရည်ရွယ်ချက်များဖြင့် သတင်းမီဒီယာသမားများ၏ အကျိုးစီးပွားကို ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံသတင်းစာဆရာအသင်းသည် သတင်းမီဒီယာသမားများအား အမျိုးသားသတင်းဆု ချီးမြှင့်ပေးအပ်ခြင်း၊ ဂုဏ်ပြုမှတ်တမ်းတင်ခြင်း၊ သက်ကြီးသတင်းစာပညာရှင်ကြီးများအား ပူဇော်ကန်တော့ပွဲကိုလည်း နှစ်စဉ် ကျင်းပပေးလျက်ရှိသည်။

ယခုအခါ မြန်မာနိုင်ငံသတင်းစာဆရာအသင်းတွင် အသင်းဝင်အင်အား ၁၆၀၀ ခန့်ရှိပြီး အသင်းဝင်များ နာမကျန်းဖြစ်၍ ဆေးရုံများတွင် ဆေးကုသမှုခံယူပါက ထောက်ပံ့ငွေ ကျပ် ၅၀၀၀၀၊ ကွယ်လွန်ပါက ကျပ် ၁၀၀၀၀၀၊ သဘာဝဘေးအန္တရာယ်အမျိုးမျိုးကြောင့် ထိခိုက်နစ်နာမှုရှိပါက ကူညီထောက်ပံ့ ပေးလျက်ရှိသည်။ အလားတူအသင်းဝင်မဟုတ်သော်လည်း သတင်းကိစ္စအမျိုးမျိုးကြောင့် အကျဉ်းကျခြင်း၊ ထိခိုက်မှုရှိခြင်း၊ ကွယ်လွန်ခြင်းများ ဖြစ်ပွားပါကလည်း ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**အောင်သူရ**



## ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တို (ဆင့်ပွား) သင်တန်းဖွင့်

**သန်လျင် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့အစီအစဉ်ဖြင့် တောင်ပိုင်းခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီး၍ ဘဏ္ဍာရေးဆိုင်ရာ လုပ်ငန်းခွင်ရက်တို(ဆင့်ပွား)သင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၅ ရက် နံနက် ၈ နာရီက သန်လျင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် ဒုခရိုင်ရဲတပ်ဖွဲ့မှူးက အဖွင့်အမှာစကားပြောကြားသည်။ သင်တန်းဖွင့်ပွဲသို့ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဦးစီးအရာရှိများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ သင်တန်းနည်းပြများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရုံးကိုးခုမှ သင်တန်းသား ၁၇ ဦး၊ မြို့မရဲစခန်းကိုးခုမှ သင်တန်းသား ၁၈ ဦး၊ နယ်မြေရဲစခန်းကိုးခုမှ သင်တန်းသား ၁၅ ဦး၊ ရဲကင်း၊ ရဲစခန်း ၁၁ ခုမှ သင်တန်းသား ၁၁ ဦး စုစုပေါင်း သင်တန်းသား ၆၁ ဦး တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**အောင်ဆွေ (ရွှေတံတား)**

# အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ၊ အမှိုက်လျှော့ချမှု နည်းလမ်းကောင်းများ အသိပညာပေး ဟောပြော



**ရန်ကုန် အောက်တိုဘာ ၆**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှူး၏လမ်းညွှန်မှုဖြင့် ခေတ္တဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်၊ လ/ထဌာနမှူး ဒေါက်တာခင်နှင်းအေး၊ မြောက်ပိုင်းခရိုင်မှူး ဦးသန်းထိုက်အောင်တို့ ဦးဆောင်သောအဖွဲ့သည် အောက်တိုဘာ ၄ ရက် မွန်းလွဲပိုင်းက အင်းစိန်မြို့နယ် နံ့သာကုန်းရပ်ကွက် အ-ထ-က(၁)သို့လာရောက်၍ သဘာဝပတ်ဝန်းကျင် သန့်ရှင်းသပ်ရပ်လှပစေရေး အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများ ရရှိစေရေးနှင့် အမှိုက်လျှော့ချမှု နည်းလမ်းကောင်းများအား အသိပညာပေးဟောပြောကြသည်။

"ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန တာဝန်ရှိသူတွေက အခြေခံပညာကျောင်းတွေကို အမှိုက်နှင့်ပတ်သက်တဲ့ အသိပညာဗဟုသုတတွေ လာရောက်ဟောပြောပေးတာ အင်မတန် ကောင်းကျိုးရရှိစေမှာပါ။ အိမ်တိုင်းအိမ်တိုင်းမှာ ကျောင်းသားတွေရှိကြမှာပါ။ ဒီကျောင်းသား၊ ကျောင်းသူလေးတွေကတစ်ဆင့် အမှိုက်စွန့်ပစ်မှုအမူအကျင့်ကောင်းလေးတွေ မိဘပြည်သူတွေထံကို ရောက်ရှိပြီး ကောင်းမွန်တဲ့ သဘာဝပတ်ဝန်းကျင်ကို ဖော်ဆောင်နိုင်လိမ့်မယ်လို့ ယုံကြည်ပါတယ်" ဟု ကျောင်းအုပ်ဆရာမကြီး ဒေါ်နွယ်နွယ် တင်က ပြောသည်။

ခေတ္တ ဒုတိယဌာနမှူး ဦးဇော်ဝင်းနိုင်က အမှာစကားပြောကြားပြီး လ/ထဌာနမှူး ဒေါက်တာခင်နှင်းအေးက ပရိုဂျက်တာဖြင့် သဘာဝပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေး အမှိုက်စွန့်ပစ်မှု အမူအကျင့်ကောင်းများနှင့် Reduce (အမှိုက်လျှော့ချခြင်း)၊ Reuse (ပြန်လည်သုံးစွဲခြင်း)၊ Recycle (ပြန်လည်တီထွင် အသုံးချခြင်း) စသည်တို့အား ရှင်းလင်းပြောကြားသည်။

ထို့နောက် ကျောင်းသား၊ ကျောင်းသူများပါဝင်သည့် မှန်ကန်သည့် အမှိုက်အစိုနှင့် အမှိုက်ခြောက် ခွဲခြားစွန့်ပစ်ခြင်း သရုပ်ပြ ဂိမ်းကစားကာ အနိုင်ရရှိသူများအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်ပေးသည်။

ဆက်လက်၍ ကျောင်း၌အသုံးပြုရန် အမှိုက်ပုံးကြီး နှစ်ပုံးနှင့် အမှိုက်အိတ် ၁၅၀၀ အား ခရိုင်မှူး ဦးသန်းထိုက်အောင်နှင့် မြို့နယ်သန့်ရှင်းရေးတာဝန်ခံဦးကျော်မင်းတို့က ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးမှ လက်ခံရယူပေးခဲ့ကြသည်။ ထို့နောက် အင်းစိန်မြို့နယ်ပညာရေးမှူး ဒေါက်တာ အေးအေးစမ်းက ကျေးဇူးတင်စကားပြောကြားသည်။

အခမ်းအနားသို့ အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး (လက်ထောက်ညွှန်ကြားရေးမှူး) ဦးအေးမင်း၊ မြို့နယ်ပညာရေးမှူး ဒေါက်တာ အေးအေးစမ်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဌာနခွဲမှူး ဦးမောင်မောင်ဇော်၊ ဌာနစုမှူး ဒေါ်ခင်မာဝေ၊ ဌာနစုမှူး ဒေါက်တာ မိုးမိုးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၅၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်**

# ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပရန်ပြင်ဆင် အငြိမ့်၊ တေးသရုပ်ဖော်၊ နိုင်ငံကျော်အဆိုတော်များ ဖျော်ဖြေတင်ဆက်မည်

**ပုဇွန်တောင် အောက်တိုဘာ ၆**

ရန်ကုန်တိုင်းဒေသကြီး ပုဇွန်တောင်မြို့နယ်တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်ကို အောက်တိုဘာ ၁၃ ရက်မှ အောက်တိုဘာ ၁၇ ရက်ထိ စည်ကားသိုက်မြိုက်စွာကျင်းပရန် ပြင်ဆင်လျက်ရှိသည်။

ရေကျော်သီတင်းကျွတ်မီးထွန်းပွဲတော်သည် ထူးခြားစည်ကားလှသည့် ပွင့်လင်းရာသီအစ မီးထွန်းပွဲတော်ဖြစ်ရာ ရေကျော်လမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီးတစ်လျှောက်တွင် ရောင်စုံမီးများ လှပစွာထွန်းညှိခြင်း၊ ကြည့်ချင်ပွဲများ၊ ကလေးများ၊ လူငယ်လူရွယ်များအတွက် ပျော်ရွှင်ပွဲများ၊ ချားရဟတ်များ၊ မြန်မာ့ရိုးရာအကြော်ဆိုင်များ၊ ကစားစရာအရုပ်မျိုးစုံဆိုင်များဖြင့် စည်ကားစွာကျင်းပလေ့ရှိသော ပွဲတော်ဖြစ်သည်။

ယခုအခါ ရေကျော်လမ်းမကြီးနှင့် ဗိုလ်ချုပ်အောင်ဆန်းလမ်းတစ်လျှောက်တွင် ဈေးဆိုင်ခန်းများ အကွက်ဖော်နေရာရေးဆွဲလျက်ရှိသည်။ မီးထွန်းပွဲတော် ဖျော်ဖြေတင်ဆက်မှုအနေဖြင့် အမှတ် (၉) ရပ်ကွက် ရေကျော်မီးရထားသံလမ်းစင်မြင့်၌ အောက်တိုဘာ ၁၃ ရက်နှင့် ၁၄ ရက်တွင် မာယာဒေဝီ တေးသရုပ်ဖော်တင်ဆက်မှု၊ အောက်တိုဘာ ၁၅ ရက်တွင် ဟားတစ်သိုက်အငြိမ့်အဖွဲ့၊ အောက်တိုဘာ ၁၆ တွင် Ugly Band (အိပ်မက်ဆုံရာ) နှင့် အောက်တိုဘာ ၁၇ တွင် 5 Stars အငြိမ့်အဖွဲ့တို့ ညစဉ် ၇ နာရီမှ စတင်ဖျော်ဖြေတင်ဆက်မည်ဖြစ်သည်။

အမှတ် (၇) ရပ်ကွက် YMBA ရှေ့၌ အောက်တိုဘာ ၁၃ ရက်တွင် အိပ်မက်ဆုံရာ (Melody World) မှ အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှု၊ အောက်တိုဘာ ၁၄ ရက်တွင် ဂီတကြယ်ပွင့်လေးများ၊ အောက်တိုဘာ ၁၅ ရက်တွင် အနုလက်ာတေးဂီတအဖွဲ့နှင့် အဆိုတော်များ၏ ဖျော်ဖြေတင်ဆက်မှု၊ အောက်တိုဘာ ၁၆ ရက်တွင် မေတ္တာရွှေစင်အငြိမ့်အဖွဲ့မှ မင်းသမီး ဝမ်းကေဇင်၊ လူရွှင်တော်မေတ္တာ၊ ချစ်ချော၊ ပွမ်ပွမ်၊ ပြည့်စုံ၊ ရှူးရှဲ၊ ဒိုမီနို၊ အောက်တိုဘာ ၁၇တွင် Hibird Music Band နှင့် နိုင်ငံကျော်အဆိုတော်များက ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်ကြောင်း သိရသည်။

**(ဝ၆၇)**



အမှတ် ၁၂ တပ်ခွဲ သဃ်န်းကျွန်းရထားရဲစခန်းမှ စခန်းမှူးရဲအုပ်ခင်မောင်သိန်း ဦးစီးသောရထားတပ်ဖွဲ့ဝင်များသည် အောက်တိုဘာ ၄ ရက် နံနက် ၁၁ နာရီက ရွာသာကြီးဘူတာမှ ရန်ကုန်ဘူတာသို့ ထွက်ခွာသည့် ဟသ်ာ ၄ လူစီးလော်ကယ်ရထားပေါ်တွင် ရထားစီးခရီးသည်များ လူကုန်ကူးမှုမခံရစေရေး၊ မူးခင်းကျဆင်းရေးတို့အတွက် ပညာပေးဆွေးနွေး၍ ရထားပို့ဆောင်ရေးလုပ်ငန်းဥပဒေ လက်ကမ်းစာစောင်များအား လိုက်လံဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။
သတင်းနှင့်ဓာတ်ပုံ- ကျော်စိုးမိုး

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*
*(စာတည်းအဖွဲ့)*

# တရားသူကြီးနှင့် တရားစီရင်ရေးမဏ္ဍိုင်

**à**မောင်စာဂ

နိုင်ငံတော်၏ တရားစီရင်ရေးအာဏာကို ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်များ၊ ပြည်နယ်တရားလွှတ်တော်များနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစီရင်စု တရားရုံးများအပါအဝင် အဆင့်ဆင့်သော တရားရုံးများအား ခွဲဝေအပ်နှင်းထားသည်။ တရားရုံးများကလည်း ယင်းတို့အား အပ်နှင်းထားသော တရားစီရင်ရေးအာဏာကို ကျင့်သုံးရာတွင် အမှန်တရားကို ရှာဖွေဖော်ထုတ်၍ ဥပဒေနှင့်အညီ မှန်ကန်သော အဆုံးအဖြတ်များ ပြုပေးနိုင်ကြမည်ဆိုလျှင် တရားစီရင်ရေးမဏ္ဍိုင်သည် မယိမ်းမယိုင်၊ အစဉ်သာ မြဲမြဲကြံ့ခိုင်နေမည်ဖြစ်ပေသည်။

**ဥပဒေနှင့်အညီ မှန်ကန်သော အဆုံးအဖြတ်ပြုရန် တာဝန်**

"တရားရုံးသို့ ရောက်ရှိလာသော တရားစီရင်ရေးမှုခင်းတစ်ရပ်အပေါ် ဥပဒေနှင့်အညီမှန်ကန်သော အဆုံးအဖြတ်ပြုရန် တရားသူကြီးအပေါ်တွင်သာ တာဝန်ရှိသည်" ဟုပြောဆိုလာသည်များရှိသည်။ ထိုသို့ပြောဆိုချက်သည် "မှန်သော်လည်း မပြည့်စုံ"ဟူ၍ ကျွန်ုပ်က ပြန်လည်အဖြေပေးမိသည်။ အဘယ်ကြောင့်နည်း။

တရားရုံးသို့ ရောက်ရှိလာသော တရားစီရင်ရေးမှုခင်း တစ်ရပ်အပေါ် အဆုံးအဖြတ်ပြုရန် တာဝန်သည် တရားသူကြီး၏ တာဝန်ဆိုခြင်းမှာ မှန်သည်။ ထိုသို့ ဆုံးဖြတ်ရာတွင် တရားသူကြီးသည် ဥပဒေနှင့်အညီ ဆုံးဖြတ်ရသည်။ ထို့ကြောင့် ဥပဒေနှင့်အညီ အဆုံးအဖြတ်ပြုရန် တာဝန်သည် တရားသူကြီးတွင်သာ တာဝန်ရှိသည် ဆိုခြင်းမှာ မှန်ကန်ပေလိမ့်မည်။

သို့ရာတွင် "မှန်ကန်သော"အဆုံးအဖြတ်ပြုဖို့ဆိုလျှင်ကား တရားသူကြီးတစ်ဦးတည်းအပေါ်တွင် တာဝန်ရှိလိမ့်မည်မဟုတ်ပေ။ တရားသူကြီးသည် အမှုတွင် ပေါ်ပေါက်သော သက်သေခံချက်အထောက်အထားများအပေါ်တွင်သာ သုံးသပ်၍ ဆုံးဖြတ်ရသည်။ အမှုတွင် မပေါ်ပေါက်သော အမှုတွဲတွင် မပါရှိသော ပြင်ပမှ သက်သေခံချက် အထောက်အထားများကို ထည့်သွင်းသုံးသပ်၍ မရပေ။

**မှန်ကန်သော သက်သေခံချက်များ လိုအပ်ခြင်း**

တရားရုံးက "မှန်ကန်သော ဆုံးဖြတ်ချက်"ချနိုင်ဖို့ဆိုလျှင် မှန်ကန်သော သက်သေခံချက်များ၊ အထောက်အထားများရရှိအောင် နှစ်ဖက်အမှုသည်များက ဆောင်ရွက် ကြရသည်။ အမှုနှင့် ပတ်သက်၍ မှန်မှန်ကန်ကန် ထွက်ဆိုပေးနိုင်မည့် သက်သေများကို တင်ပြကြရသည်။ အမှုနှင့် သက်ဆိုင်သည့် သို့မဟုတ် အမှုကို မှန်ကန် သော အဆုံးအဖြတ်ပေးနိုင်မည် စာရွက်စာတမ်း၊ သက်သေခံပစ္စည်း၊ အထောက်အထားတို့ကို သက်သေခံအဖြစ် တင်သွင်းပေးကြရသည်။ တရားရုံးသို့ မှန်မှန်ကန်ကန် တင်ပြလျှောက်လဲချက်ပေးကြရသည်။ မှန်ကန်သော ဆုံးဖြတ်ချက်ချမှတ်နိုင်ရေးအတွက် တရားသူကြီးသာမက နှစ်ဖက်အမှုသည်များတွင် တာဝန်ရှိနေသည်။ နှစ်ဖက်အမှုသည်များဟုဆိုရာတွင် ယင်းတို့၏ ကိုယ်စားလိုက်ပါ ဆောင်ရွက်ပေးကြရသော အစိုးရရှေ့နေဥပဒေအရာရှိများနှင့် ရှေ့နေကြီးများလည်း ပါဝင်ပေလိမ့်မည်။ ရာဇဝတ်မှုဆိုလျှင် စွဲဆိုသူ သို့မဟုတ် တရားစွဲအဖွဲ့အစည်းများက အမှုကို ပြည့်ပြည့်စုံစုံခိုင်မာစွာ တည်ဆောက်၍ တရားစွဲဆိုတင်ပို့ရန် လိုပေလိမ့်မည်။

**တရားသူကြီးဆိုတာ ဒိုင်လူကြီးပမာ**

တရားသူကြီးသည် ဒိုင်လူကြီးဖြစ်သည်ဟူသော ပြောစကား၊ ဆိုစကားများကို မကြာခဏကြားနေရသည်။ အဘယ်ကြောင့်နည်း။ ဒိုင်လူကြီးဟူသည် ဘက်လိုက်ခြင်းမရှိရ။ မျက်နှာသာပေးခြင်းမရှိရ။ ခွဲခြားခြင်းမရှိရ။ အမှန်ကိုအမှန်အတိုင်း အဆုံးအဖြတ်ပေးရသည်။ အမှန်အတိုင်း ဆုံးဖြတ်နိုင်အောင် မိမိ၏လုပ်ငန်းခွင်အတတ်ပညာများကို ကျွမ်းကျင်စွာ သိရှိတတ်မြောက်ဖို့လိုအပ်သည်။ တရားသူကြီးဟူသည်မှာလည်း ထိုနည်းအတိုင်းပင်။ ဘက်လိုက်ခြင်းမရှိရ။ မျက်နှာသာပေးခြင်းမရှိရ။ ခွဲခြားခြင်းမရှိရ။ အမှန်ကိုအမှန်အတိုင်း ဆုံးဖြတ်ပေးရသည်။ အမှန်အတိုင်းဆုံးဖြတ်နိုင်ရန် မိမိ၏ လုပ်ငန်းခွင်အတတ်ပညာဖြစ်သည့် ဥပဒေပညာရပ်များကို ကျွမ်းကျင်စွာ သိရှိတတ်မြောက်ဖို့ လိုအပ်သည်။ တရားသူကြီးနှင့် ဒိုင်လူကြီးတို့ ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များ မတူညီကွဲပြားမှုရှိသော်လည်း ထားရှိရမည့် စိတ်နေစိတ်ထား၊ သဘောထားခံယူချက်၊ ယုံကြည်ချက်များမှာ အတူတူပင်ဖြစ်ပေသည်။ ထို့ကြောင့် တရားသူကြီးဆိုတာ ဒိုင်လူကြီးပမာဟု ပြောသံဆိုသံများ ကြားနေရခြင်းဖြစ်သည်။ တကယ်တော့ အနှစ်သာရပိုင်း အနေဖြင့် တရားသူကြီးသည် ဒိုင်လူကြီးကဲ့သို့ မဟုတ်ပေ။

**ကစားပွဲသုံးမျိုးသုံးစား**

တရားသူကြီးကို ဒိုင်လူကြီးပမာ ပုံပြသုံးနှုန်းပြောဆိုကြတော့ တရားစီရင်ရမှုကိုလည်း အားကစားသဖွယ် ပုံပြသုံးနှုန်းပြောဆိုပါရစေ။ နှစ်လိုမှုမရှိခဲ့လျှင်ဘဝင်မကျခဲ့လျှင် ခွင့်ပြုပေးနိုင်ဖို့ ကြိုတင်တောင်းပန်ထားပါရစေ။

ဘောလုံးအားကစားပြိုင်ပွဲများတွင် အသင်းနှစ်သင်းစလုံးက ကောင်းမွန်စွာ ခြေစွမ်းပြပြီး ကစားနိုင်သော ကစားပွဲ၊ အသင်းနှစ်သင်းစလုံးက ခြေစွမ်းပြပြီး မကစားနိုင်သော ကစားပွဲ၊ အသင်းနှစ်သင်းအနက် တစ်သင်းက ခြေစွမ်းပြပြီး ကစားနိုင်သော်လည်း ကျန်တစ်သင်းက ခြေစွမ်းပြပြီး မကစားနိုင်သော ကစားပွဲဟူ၍ ကစားပွဲ သုံးမျိုးသုံးစားကို ကြည့်ဖူးသည်။

ကစားပွဲနည်းတူ တရားစီရင်သည့်အမှုတွင် နှစ်ဘက်သော ရှေ့နေကြီးများက ဥပဒေအချက်အလက်၊ ကြောင်းခြင်းရာ အချက်အလက်တွေကို ပြည့်ပြည့်စုံစုံ၊ နိုက်နိုက်ချွတ်ချွတ်၊ အားသွန်ခွန်စိုက် တင်ပြနိုင်သည့်အမှု၊ နှစ်ဖက်ရှေ့နေကြီးများက ဥပဒေအချက်အလက်၊ ကြောင်းခြင်းရာ အချက်အလက်များကို အားသွန်ခွန်စိုက် မတင်ပြနိုင်သည့် အမှု၊ နှစ်ဖက်သော ရှေ့နေကြီးများ အနက်တစ်ဖက်သော ရှေ့နေကြီးကသာ ဥပဒေအချက် အလက်၊ ကြောင်းခြင်းရာ အချက်အလက်များကို ပြည့်ပြည့်စုံစုံ အားသွန်ခွန်စိုက် တင်ပြနိုင်သော်လည်း တစ်ဖက်သော ရှေ့နေကြီးက ထိုသို့ တင်ပြခြင်း မပြုနိုင်သည့်အမှုဟူ၍ စစ်ဆေးကြားနာရမှု သုံးမျိုးသုံးစားတွေ့ရတတ်သည်။ အကျဉ်းချုပ်၍ ရှင်းလင်းပါရစေ။

**ပထမအမျိုးအစား**

တရားစီရင်ခြင်း၏ စစ်ဆေးကြားနာမှုတွင်လည်း နှစ်ဖက်ရှေ့နေကြီးများ ညဏ်စွမ်းပြစစ်ဆေးကြားနာခြင်း မျိုးကြုံတွေ့ရတတ်သည်။ စွပ်စွဲသူဘက် ရှေ့နေကြီးက သူ၏ သက်သေကို စစ်မေးလိုက်သည့်အခါ ဥပဒေအချက်အလက်ရော အကြောင်းခြင်းရာ အချက်အလက်ကိုပါ ပြည့်ပြည့်စုံစုံနှင့် တင်ပြစွပ်စွဲသည်။ ယင်းစွပ်စွဲချက်များအပေါ် တစ်ဖက်ရှေ့နေက ပြန်လှန်မေးခွန်းများမေးမြန်းလိုက်သည့်အခါ ခိုင်မာစွာခုခံချေပနိုင်သည်ကို တွေ့ရပြန်သည်။ နှစ်ဘက်အားပြိုင်လျက်ရှိသည်။ တရားသူကြီးသတိထားရတော့သည်။ အမှန်တရားဆုံးဖြတ်နိုင်ရန် အာရုံစူးစိုက်ရတော့သည်။

**ဒုတိယအမျိုးအစား**

တရားစီရင်ခြင်း စစ်ဆေးကြားနာမှုတွင် နှစ်ဖက်သော ရှေ့နေကြီးများ၏ စစ်ဆေးမေးမြန်းမှုများအားနည်းသည်ကို တွေ့ရတတ်သည်။ တစ်ဖက်သော ရှေ့နေက ခိုင်ခိုင်မာမာစွပ်စွဲတင်ပြခြင်းများမရှိသလို ကျန်တစ်ဘက်ရှေ့နေကလည်း ခိုင်ခိုင်မာမာ ပြန်လည်ခုခံချေပခြင်း မပြုနိုင်။ အမှု၏ အမှန်တရားကို ဖော်ထုတ်၍ မတင်ပြနိုင်ကြ။ တရားသူကြီးက နှစ်ဖက်စလုံးသို့ ကူညီပြီး မေးခွန်းများမေးပေးသည်။ မေးမြန်းသည်မှာ ဘက်လိုက်သည်ဟု ထင်သည်လည်းရှိသည်။ သဘောပေါက်မှုမရှိကြ။ အမှုတွင်မှားသည် မှန်သည် အချက်အလက်များ ပြည့်စုံခြင်းမရှိသော်လည်း၊ နောက်ဆုံးအမှုတွင် ပေါ်ပေါက်နေသည့်အတိုင်း တရားသူကြီးကတော့ ဥပဒေနှင့်အညီ အဆုံးအဖြစ်ပြုရပေတော့သည်။

**တတိယအမျိုးအစား**

တရားစီရင်ခြင်း စစ်ဆေးကြားနာမှုတွင် နှစ်ဖက်ရှေ့နေကြီးများအနက် တစ်ဖက်ရှေ့နေက ဥပဒေအချက်အလက်၊ ကြောင်းခြင်းရာ အချက်အလက်များ ခိုင်မာစွာ တင်ပြနိုင်သော်လည်း၊ တစ်ဖက်က မည်သို့မျှ ပြန်လှန်၍ ခုခံချေပနိုင်ခြင်း မရှိသည့်အခါမျိုး ဖြစ်သည်။ ခိုင်ခိုင်မာမာ တင်ပြနိုင်သည့်ဘက်က အမှုတွင် အသာစီးရနေသည်။ ဘယ်လိုမှ တစ်ဖက်အမှုသည် အနိုင်ရနိုင်စွမ်းမရှိ။ ဤအခါမျိုးတွင် တရားသူကြီးက ရှုံးမည့်သူဘက်သို့ ဖေးကူမကာ မေးမြန်းပေးရသည်။ ဘက်လိုက်ခြင်းမဟုတ်။ မည်သို့တင်ပြစေကာမူ အနိုင်ရနိုင်မည် မဟုတ်သဖြင့် သူ မေးမြန်းတင်ပြလာသည်ကို တားဆီးခြင်းမရှိ ခွင့်ပြုပေး လိုက်သည်။ နောက်ဆုံးအမိန့် ချမှတ်သည့်အခါ အမှုရှုံး သွားသော်လည်း ကျေနပ်မှုရသွားတတ်သည်။

**သရေပွဲအဖြစ် အဆုံးအဖြတ်ပေး၍မရ**

တရားစီရင်ခြင်း စစ်ဆေးကြားနာရမှု သုံးမျိုးသုံးစား တွေ့ကြုံတတ်ကြရာ တရားသူကြီးအနေဖြင့် မည်သို့ပင် တွေ့ကြုံလာစေကာမူ သည်းခံ၊ စိတ်ရှည်၊ စစ်ဆေးမေးမြန်း ပေးရသည်။ တစ်ခါတစ်ခါ အချို့သော ရှေ့နေကြီးများသည် မေးသင့်သည်ကိုမမေး၊ မမေးသင့်သည်ကို မေးသည်။ သက်သေဖြေဆိုရခက်အောင် မေးခွန်းနှစ်ဆင့်သုံးဆင့်ကို တစ်ခါတည်း ရောနှောပြီး မေးမြန်းသည်။ သက်သေထွက်ဆိုရာတွင် မိမိအလိုမရှိသည့် အဖြေမျိုးဖြစ်လျှင် မှတ်တမ်းမတင်၊ ကျော်၍မေးတတ်သည်။ သက်သေကို ဒေါသထွက်စေသည့် မေးခွန်းများ၊ ခြိမ်းခြောက်ရာရောက်သည့်မေးခွန်းများ၊ မဆီလျော်သည့် မေးခွန်းများ၊ မလျော်ကန်သည့် မေးခွန်းများ၊ ဂုဏ်သိက္ခာထိပါးရာရောက်စေသည့် မေးခွန်းများ မေးတတ်သည်။ ရှေ့နေအချင်းချင်း ကန့်ကွက်ခြင်းများ၊ အငြင်းပွားမှုများ ဖြစ်ပေါ်တတ်သည်။ စသည် စသည်များပြားလှပေသည်။မျှော်လင့်မထား၊ လျှပ်တစ်ပြက် ပေါ်ပေါက်လာတတ်သည့် ကိစ္စရပ်များနှင့် ကြုံလျှင် တရားသူကြီးက တားဆီးရတာတွေ၊ ဟန့်တား ရတာတွေ၊ သတိပေးရတာတွေ ပြုလုပ်ပေးရသည်။ အမှုကို ဥပဒေနှင့်အညီ မှန်မှန်ကန်ကန် အဆုံးအဖြတ်ပြုနိုင်ရေး အမြဲဦးတည်ချက်ထားနေရသည်။ အမှန်တရား ဖော်ထုတ်၍ မှန်ကန်သော အဆုံးအဖြတ် ချမှတ်နိုင်ရန် အာရုံစိုက်နေရသည်။

အားကစားဒိုင်လူကြီးဆိုသည် နှစ်ဖက်အားကစားသမားများအတွက် တစ်ခါတစ်ခါ အနိုင်အရှုံး အဆုံးအဖြတ်မပေးရဘဲ၊ သရေပွဲ၊ ပူးတွဲချန်ပီယံ စသည်ဖြင့် အဆုံးအဖြတ်ပေးနိုင်သည်။ တရားသူကြီးသည်ကား ထိုသို့ သရေပွဲပေး၍မရ၊ ပူးတွဲချန်ပီယံပေး၍မရ။ အနိုင်အရှုံးကို တိတိကျကျ ဆုံးဖြတ်ပေးရသည်။ ထို့ကြောင့် တရားသူကြီးသည် ဒိုင်လူကြီးသဖွယ် ဖြစ်သော်လည်း ဒိုင်လူကြီးထက်ပို၍ အဓိကကျသည်။ အရေးပါသည်။ တရားသူကြီးနှင့် ဒိုင်လူကြီး အနှစ်သာရချင်း မတူညီကြပေ။

**တရားခွင်တရားသူကြီး၏တာဝန်**

တရားခွင်ရုံးထိုင်တရားသူကြီးတစ်ဦး၏ မှုခင်းတစ်ရပ်အတွက် တရားစီရင်ရေး ဆောင်ရွက်ချက်လုပ်ငန်းစဉ်သည် အစမှအဆုံးအထိ ကြီးလေးသည်၊ များမြောင်လှသည်ဖြစ်ရာ သည်းခံရသည်။ စိတ်ရှည်ရသည်။ ဇွဲရှိရသည်။ အမြော်အမြင်ရှိရသည်။ ဘက်လိုက်မှုမရှိရ။ ခွဲခြားမှုမရှိရ။ မျက်နှာသာပေးမှုမရှိရ။ ဒါနှင့်မပြီးသေး။ ထိုသို့မရှိကြောင်းကို နှစ်ဖက်အမှုသည်များအား မြင်စေရသည်။ ကောင်းစွာသိရှိစေရသည်။

မှုခင်းတစ်ရပ် စစ်ဆေးနေစဉ် စွပ်စွဲသူဘက်က ဘာတွေတင်ပြရန် လိုနေသေးသည်ကို တရားသူကြီးက သိသည်။ စွပ်စွဲခံရသူဘက်က ခုခံချေပရာတွင်လည်း ဘာတွေလိုနေသေးသည်ကို တရားသူကြီးက သိသည်။ နှစ်ဖက်အမှုသည်များ၏ တင်ပြချက် ဘာတွေလွဲချော်နေသည်၊ ဘာတွေမညီမညွတ် ဖြစ်နေသည်ကို တရားသူကြီးက သိသည်။ သိလျက်နှင့် ပြောချင်တိုင်း ဝင်ပြော၍မရ။ မေးချင်တိုင်း ဝင်မေး၍မရ။ ချင့်ချိန်ရသည်။ ဝင်၍ ပြောလျှင်၊ ဝင်၍မေးလျှင် တရား သူကြီးက ဘက်လိုက်နေသည်ဟု တစ်ဖက်အမှုသည်၏ စွပ်စွဲမှုခံရတတ်သည်။ အထင်မှားအမြင်မှားခံရနိုင်သည်။ ဆင်ခြင်ရသည်။ တစ်ဖက်ဖက်ကို ဘက်လိုက်စေရာ ရောက်သွားနိုင်သည့် အပြောအဆို၊ အမေးအမြန်းများ မပြုမိစေဖို့ ရှောင်ကျဉ်ရသည်။ သတိထားရသည်။

မည်သို့ဖြစ်စေ အမှုသည်နှစ်ဦးနှစ်ဖက်အတွက် မျှတစေမည့် မေးခွန်းမျိုး၊ အမှန်တရားကို ဆုံးဖြတ်နိုင်ဖို့ အထောက်အကူပြုစေမည့် မေးခွန်းမျိုးကို တရားသူကြီးက ပါဝင်၍ မေးပေးရသည်။ ပြောပေးရသည်။ နှစ်ဦးနှစ်ဖက်မျှတစေမည့် အမှန်တရားကို ဆုံးဖြတ်နိုင်ဖို့ အထောက်အကူပြုစေမည့်အကြောင်းအချက်တွေ့ရလျှင် တရားသူကြီးသည် မည်သူတစ်ဦးတစ်ယောက်ကိုမဆို ရုံးခေါ်သက်သေအဖြစ် စစ်ဆေးမေးမြန်းပေးရသည်။ လိုအပ်သည့် စာချုပ်၊ စာရွက်စာတမ်း၊ သက်သေခံပစ္စည်း တစ်စုံတစ်ရာကို သိမ်းဆည်း၍ ရုံးတော်သို့ သက်သေခံအဖြစ် တင်ပြနိုင်ရေးဆောင်ရွက်ပေးရသည်။ ဤသို့ ဆောင်ရွက်ရာတွင် တရားသူကြီးသည် အမှန်ကိုမြင်စေမည်ဟူသော စေတနာကိုရှေ့ထား၍ ရိုးသားဖို့တော့ လိုပါလိမ့်မည်။

တရားသူကြီးက ဝင်ရောက်၍ မေးပေးရသည်ဆိုသည်မှာ နှစ်ဖက် မျှတစေမည့်၊ နှစ်ဖက်အကျိုးရှိစေမည့် အမှန်တရားဖြစ်ပေါ်စေမည့် အကြောင်းအချက်များကိုသာ ဝင်ရောက်မေးမြန်းပေးရသည်။ မည်သို့သော အချိန်အခါမျိုးတွင် တရားသူကြီးက ဝင်ရောက်မေးရမည်ဟူ၍ ပုံသေကားကျသတ်မှတ်ထား၍မရ။ ပေါ်လာသည့် အခြေအနေ၊ တွေ့ကြုံလာရသည့် အဖြစ်အပျက်ပေါ်မူတည်၍ တရားသူကြီးကဝင်ရောက် မေးပေးရသည်။ တရားသူကြီး တစ်ဦး၏ ဆောက်ရွက်ရသည့် တရားစီရင်ရေးလုပ်ငန်းစဉ်သည် လွယ်ကူလှသည်မဟုတ်။

**စီရင်ထုံးပါလမ်းညွှန်ချက်များ**

တရားစီရင်ရာတွင် အမှန်တရားကို ဖော်ထုတ်၍ မှန်ကန်သော ဆုံးဖြတ်ချက်များချမှတ်ရခြင်း ကိစ္စနှင့် စပ်လျဉ်း၍ စံအဖြစ် လိုက်နာသင့်သော တရားရုံးချုပ်၏ လမ်းညွှန်ဆုံးဖြတ်ထားချက်များကို ပြောလိုပါသေးသည်။

မစ္စတာ အာ(ရ်)၊ အက်(စ်)၊ ဘွန်းပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၊ စီရင်ထုံးများ၊ စာ-၃၃) စီရင်ထုံးတွင် "တရားလိုဘက်မှ စွပ်စွဲချက်နှင့် တရားခံမှ ငြင်းကွယ်ထုချေချက်တို့ အားပြိုင်နေသောအခါမျိုး၌ အမှန်တရားသည် ဘယ်ဘက်၌ရှိသည်ကို အထူးချိန်ဆ၍ ဆုံးဖြတ်ရသည်။ တရားစီရင်ရာတွင် အမှန်တရားသည် အဓိကဖြစ်သည်။ ထိုအမှန်တရားကို တရားသူကြီးများ၊ ရှေ့နေများ၊ အမှုသည်များ၊ သက်သေများက ဝိုင်းဝန်း၍ ဖော်ထုတ်ကြရသည်။ အမှန်တရားပေါ်တွင် အခြေပြုမှသာလျှင် တရားစီရင်ရေးသည် ပြည်သူအကျိုးကို ပြုပြင်ပေးလိမ့်မည်။ မျှတခြင်းကို ဆောင်ပေလိမ့်မည်"ဟူ၍ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့က လမ်းညွှန်ဆုံးဖြတ်ခဲ့သည်ကို သတိမူကြရပေလိမ့်မည်။

မောင်စာဖေပါ ၃ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၅ ခုနှစ်၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့ စီရင်ထုံးများ၊ စာ-၅၃) ထုံးဖွဲ့မှုတွင် "အမှုကို စစ်ဆေးစီရင်ရသော တရားရုံးများအနေနှင့် အမှန်တရားကို အစွမ်းကုန်ထုတ်ဖော်၍ ထိုအမှန်တရားပေါ်တွင် အခြေပြုကာ ဆုံးဖြတ်စီရင်ရန် အရေးကြီးသည်။ ထိုကဲ့သို့ အမှန်တရားကို ထုတ်ဖော်ရာတွင် တရားသူကြီးများကလည်း နှစ်ဖက်အမှုသည်များတင်ပြသော အချက်အလက်တို့ကိုသာ လက်ခံ၍ စာတွေ့သဘောနှင့်သာ ချင့်ချိန်ဆုံးဖြတ်ရန် မဟုတ်ပေ။ လက်တွေ့သဘောဖြင့် အမှန်ကိုဖြစ်စေမည်ဟူသော စေတနာကို ရှေ့ထား၍ သက်သေများက မပြည့်မစုံထွက်ဆိုနေကြလျှင် တရားသူကြီးများက ဥပဒေအရ ဆောင်ရွက်ရမည့်တာဝန်အတိုင်း ဖြည့်စွက်မေးမြန်းသင့်သည်။ သက်သေများကို လိုနေသေးလျှင် တရားရုံးက ခေါ်ယူစစ်ဆေးသင့်သည်။

**စာမျက်နှာ ၁၉ သို့**

စာမျက်နှာ ၁၈ မှ

အချက်အလက် အပြည့်အစုံမျက်မှောက်သို့ရောက်သော အခါ၌ တိကျပြတ်သားစွာ ဆုံးဖြတ်ကြရန်ဖြစ်သည်။ အမှုမှန်ဖြစ်လျှင် မှန်သလို တရားခံအား သင့်တော်သော ပြစ်ဒဏ်ကိုပေး၍ အမှုမှားဖြစ်သည်ဟုတွေ့ရှိ လျှင် တရားခံအား ရှင်းရှင်းလင်းလင်း လွှတ်ရန်ဖြစ်သည်”ဟူ၍ အထူးရာဇဝတ်ရုံးအယူခံအဖွဲ့က လမ်းညွှန်ထုံးဖွဲ့သည်ကို လေးလေးစားစား လိုက်နာကြရ ပေလိမ့်မည်။

ဦးလှညွှန့်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ (၁၉၆၆ ခုနှစ်၊ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့စီရင်ထုံးများ၊ စာ ၈၉) အမှုတွင် ထုံးပြုထားသည်မှာ“တရားရုံးများတွင် တရားမျှတခြင်း ထွန်းကားစေရန်အတွက် အဘက်ဘက်၌ သန့်ရှင်းစင်ကြယ်ခြင်း၊ ခံယူချက်မှန်ခြင်း၊ စေတနာပြည့်ဝ၍ တက်ကြွသော ဝီရိယရှိခြင်းတို့လိုသည်။ အမှုပွဲစား၊ အငှားအာမခံသူ၊ သက်သေလိုက်သူစသော မလိုလား အပ်သူများကို ဖယ်ရှားရှင်းလင်း၍ တရားရုံးများကို သန့်ရှင်းစေရမည်။ ထိုနည်းတူစွာပင် တရားစီရင်ရသော တရားသူကြီးများ အမှန်တရားကို ဖော်ထုတ်ရာတွင် ကူညီဆောင်ရွက်ရသော ရှေ့နေအကျိုးဆောင်များကလည်း ကျင့်ဝတ်သိက္ခာနှင့်အညီ တာဝန်ထမ်းဆောင်ကြရသည်။ တရားရုံးစာရေးစသော အမှုထမ်းများကလည်း မှုခင်းများတွင် ကြန့်ကြာခက်ခဲခြင်းများ မရှိရလေအောင် ဆောင်ရွက်ကြရသည်”ဟူ၍ အထူးရာဇဝတ်ရုံး အယူခံအဖွဲ့၏ ဆုံးဖြတ်ချက်ကို လုပ်ငန်းလမ်းညွှန်သဖွယ် အမြဲထာဝစဉ် ခံယူထားကြရ ပေလိမ့်မည်။

**မှတ်ချက်** — **မှူဝေခြင်း**

ဤသည်မှာ ကျွန်ုပ်အနေဖြင့် ရွေးကောက်ပွဲကာလပြီးနောက်ပိုင်း ရွေးကောက်ပွဲကန့်ကွက်လွှာအမှု ၃၀ ကျော် ၄၀ခန့်ကို တရားသူကြီးသဖွယ် ဆောင်ရွက်ခဲ့ရာမှ ရရှိ သည့်အချက်အလက်များအပေါ် အခြေခံ၍ သိရှိခဲ့ရသည့် ဥပဒေအသိပညာ မျှဝေလိုက်ရခြင်းဖြစ်သည်။

ချုပ်၍ဆိုရလျှင် တရားရုံးများက ဥပဒေနှင့်အညီ မှန်ကန်သော အဆုံးအဖြတ်ပြုနိုင်စေဖို့ဆိုလျှင် တရားသူကြီးများတွင်သာမက ရှေ့နေကြီးများ၊ အစိုးရရှေ့နေဥပဒေအရာရှိများ၊ တရားစွဲအဖွဲ့အစည်းများ၊ သက်သေများ၊ တရားရုံးဝန်ထမ်းများနှင့် အမှုနှင့် ပတ်သက်ဆက်နွှယ်သူများတွင် တာဝန်ရှိသဖြင့် အားလုံးက ဝိုင်းဝန်း၍ အမှန်တရားကို ဖော်ထုတ်ပေးနိုင်ကြမှသာလျှင် ဥပဒေနှင့်အညီ မှန်ကန်သော အဆုံးအဖြတ်ကို ရရှိကြပြီး တရားစီရင်ရေးမဏ္ဍိုင် မယိမ်းမယိုင် မြဲခိုင်တည့်မတ်နေပေမည်။ တရားစီရင်ရေးမဏ္ဍိုင် မယိမ်းမယိုင် မြဲခိုင်တည့်မတ်နေစေရေး အားလုံး ဝိုင်းဝန်းပါဝင်ဆောင်ရွက်နိုင်ကြပါစေ။ ။

## မြစိမ်းရောင်ရန်ပုံငွေ လွှဲပြောင်းပေးအပ်

**အိမ်မဲ အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုစီးပွားဘဝမြှင့်တင်နိုင်ရန် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ၂၀၁၆- ၂၀၁၇ ခုနှစ်အတွက် မြစိမ်းရောင်ကျေးရွာ ၁၉ ရွာရှိခဲ့ပြီး ရွာဇူရိုးကျေးရွာအုပ်စုရှိ ကျေးရွာငါးရွာအတွက် ရန်ပုံငွေကျပ်သိန်း ၃၀၀ လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ရာဇူရိုးကျေးရွာ ပဏ္ဍိတဝိဟာရဘုန်းတော်ကြီးကျောင်း၌ အောက်တိုဘာ ၄ ရက် ညနေ ၄ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်စုစုသိန်းက မြစိမ်းရောင်ရန်ပုံငွေနှင့်ပတ်သက်၍ စီမံကိန်း၏ရည်ရွယ်ချက်၊ ဆောင်ရွက်ရမည့်နည်းလမ်းများ ရှင်းလင်းပြောကြားရာတွင် ကျေးရွာအတွင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်၍ မိသားစုဝင်ငွေတိုးပြီး ကျေးလက်ဒေသဆင်းရဲမှုနှုန်းလျှော့ချရန်၊ ကျေးလက်ထုတ်ကုန်လုပ်ငန်းများ ဖွံ့ဖြိုးလာစေရန်အတွက် စီမံကိန်းဆောင်ရွက်မည့်ကျေးရွာရှိ ပြည်သူများကို အရင်းမပျောက် လည်ပတ်ရန်ပုံငွေအဖြစ် နိုင်ငံတော်ဘတ်ဂျက် သိန်း ၃၀၀ မတည်ပေးထားခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် မြစိမ်းရောင်ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အိမ်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကောင်အထည်ဖော်ရေး လုပ်ငန်းကော်မတီဝင်များက အသင်းသားများလက်ဝယ်အရောက် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို လွှဲပြောင်းပေးအပ်ခဲ့ပြီး ကျေးရွာအုပ်ချုပ်ရေးမှူး ဦးလှထွေးက မြစိမ်းရောင်ရန်ပုံငွေရရှိသော ရာဇူရိုးကျေးရွာအုပ်စု ကျေးရွာငါးရွာမှ အသင်းသား ၁၅၁ ဦးတို့က ကျေးရွာအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် နိုင်ငံတော်မှ မတည်ထုတ်ပေးသည့် ရန်ပုံငွေကျပ်သိန်း ၃၀၀ ကို အရင်းမပျောက်စေဘဲ ရေရှည်တည်တံ့စေရန် ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**မြို့နယ်(ပြန်/ဆက်)**

## ပညာရေးဌာန၊ စားသုံးသူရေးရာဌာနတို့ပေါင်း၍ နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် ပညာပေးဟောပြောပွဲလုပ်

**ဆိပ်ဖြူ အောက်တိုဘာ ၆**

မကွေးတိုင်းဒေသကြီး ဆိပ်ဖြူမြို့နယ် ငွေးပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ အောက်တိုဘာ ၄ ရက် မွန်းလွဲ ၁၂ နာရီခွဲက မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ပညာရေးဌာနနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနတို့ ပူးပေါင်းပြီး နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်၊ ဓာတ်ပုံပြပွဲနှင့် အသိပညာပေးဟောပြောပွဲ ပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ငွေးပင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်ညိုဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်အောင်က စာဖတ်ခြင်းအကျိုးကျေးဇူးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းအကြောင်းသိကောင်းစရာများဟောပြောသည်။

ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ ဦးစီးမှူး ဦးသန်းမြင့်ထွန်းက စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာဥပဒေနှင့် ဖြစ်ပေါ်လာပုံအကြောင်းနှင့် ဒုတိယဦးစီးမှူး ဦးဇော်နေလင်းက စားသုံးရန်မသင့်သည့် အစားအစာများအကြောင်း အသိပညာပေး အသီးသီး ဟောပြောကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်/ဆက် ဦးစီးဌာနမှ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ မူးယစ်ဆေးဝါးအကြောင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ၊ စားသုံးရန်မသင့်သည့်အစားအစာများနှင့် သုံးစွဲရန်မသင့်သည့် အလှကုန်ပစ္စည်းများအကြောင်း အသိပညာပေး နံရံကပ်၊ ဓာတ်ပုံများပြသပေးခြင်း၊ နယ်လှည့်စာကြည့်တိုက်ဖွင့်လှစ်ပေးခြင်းနှင့် ခရိုင်စားသုံးသူရေးရာဦးစီးဌာနမှ တက်ရောက်လာကြသည့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာပြည်သူများအား အသိပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

**ကိုမျိုး(ယောရော)**

## စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်း ရည်မှန်းချက်များ အောင်မြင်ရေး လုပ်ငန်းညှိနှိုင်းစည်းဝေး

**မုံရွာ အောက်တိုဘာ ၆**

စစ်ကိုင်းတိုင်းဒေသကြီး စီမံကိန်းရေးဆွဲအကောင်အထည်ဖော်ရေးကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၂/၂၀၁၆) ကို အောက်တိုဘာ ၄ ရက် နံနက် ၉ နာရီက စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ တိုင်းဒေသကြီး စီမံကိန်းဦးစီးရုံး၌ ပြုလုပ်သည်။

လုပ်ငန်းညှိနှိုင်းအစည်းအဝေး၌ တိုင်းဒေသကြီး စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစီမံကိန်းဦးစီးရုံး ညွှန်ကြားရေးမှူး ဦးစိုးလှမြင့်က ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းရည်မှန်းချက်အပေါ် ပထမ(၆)လပတ်ကုန်အထိ အကောင်အထည်ဖော်နိုင်မှုအခြေအနေနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းရန် အဆိုပြုချက်များကို ဆွေးနွေးတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဌာနအလိုက် ကော်မတီဝင်များနှင့် ဖိတ်ကြားထားသည့်ဌာနများမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် နှစ်စဉ်စီမံကိန်း ရည်မှန်းချက်အပေါ် အကောင်အထည်ဖော်နိုင်မှုနှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်း ရည်မှန်းချက် အဆိုပြုချက်များ၊ တိုင်းဒေသကြီး လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာများကို အသီးသီးဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီး ဦးစိုးဦးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**

## (100 School Project) မှ (RC) တစ်ထပ် ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်

**ကျောက်ဆည် အောက်တိုဘာ ၆**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ရှားပင်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း၌ အောက်တိုဘာ ၄ ရက် နံနက် ၇ နာရီခွဲက (100 School Project) မှ ဆောက်လုပ်လှူဒါန်းထားသော အလျား ပေ ၁၃၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေရှိ (RC) တစ်ထပ်ကျောင်းဆောင်သစ်အား ပညာရေးဌာနသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါကျောင်းဆောင်သစ်အား မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင်၊ မန္တလေးတိုင်းဒေသကြီး တိုင်းပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူး ဦးမျိုးဝင်းအောင် (စီမံဘဏ္ဍာ) နှင့် အလှူရှင် (100 School Project) တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် (100 School Project)မှ မစ္စတာဂျွန်နှင့် PACE-GROUP မှ အော်စကာတို့က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်းနှင့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ကျောင်းဆောင်သစ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းများကို လွှဲပြောင်းပေးအပ်ရာ ခေတ္တမြို့နယ်ပညာရေးမှူး ဦးညွန့်ဝင်းက လက်ခံရယူသည်။

ဆက်လက်၍ အလှူရှင်များက အဆိုပါမူလတန်းကျောင်းရှိကျောင်းသား၊ ကျောင်းသူ ၁၃၀ တို့အတွက် ကျောင်းဝတ်စုံများနှင့် သင်ထောက်ကူပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ပြီး ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဝင်းကိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

အဆိုပါ မူလတန်းကျောင်းသို့ (100 School Project) နှင့် (PACE GROUP) တို့ပူးပေါင်းပြီး ကျောင်းဆောင်အဆောက်အအုံသစ်အပြင် လေးလုံးတွဲ ရေလောင်းအိမ်သာတစ်ခု၊ ကိုးပေအမြင့် ဂါလန် ၂၀၀ ဆံ့ ရေစင်တစ်ခုနှင့် အဝီစိတွင်းတစ်တွင်း၊ လေးယောက်တွဲထိုင်ခုံနှင့် စာရေးခုံအတွဲ ၂၄ တွဲ၊ စာသင်ကျောက်သင်ပုန်းလေးချပ်နှင့် သင်ထောက်ကူပစ္စည်းများ လှူဒါန်းခဲ့ရာ ငွေကျပ် ၅၂၃ သိန်း တန်ဖိုးရှိကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များလေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/ ၂၀၁၆)ဖွင့်လှစ်

**သာပေါင်း အောက်တိုဘာ ၆**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် သာပေါင်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာနမှကြီးမှူး ဖွင့်လှစ်သော အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၆) သင်တန်းဖွင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃ ရက် နံနက် ၈ နာရီခွဲက ပြည်အေးခန်းမ၌ ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်က အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသားများအား အဖွင့်အမှာစကားပြောကြားခဲ့ပြီးနောက် မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်က အရန်မီးသတ်လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ်(၁/၂၀၁၆) ဖွင့်လှစ်သင်ကြားပို့ချပေးရခြင်း ရည်ရွယ်ချက်များ၊ သင်တန်းတွင် သင်ကြားပို့ချပေးမည့် ဘာသာရပ်များနှင့် စည်းမျဉ်းစည်းကမ်းများအား ရှင်းလင်းပြောကြားသည်။

အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း အမှတ်စဉ် (၁/၂၀၁၆) ဖွင့်ပွဲအခမ်းသို့ သာပေါင်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးမင်းထွဋ်၊ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကိုနိုင်နှင့် တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အရန်မီးသတ်တပ်ဖွဲ့ဝင် သင်တန်းသား ၁၀၀ တတ်ရောက်ခဲ့ပြီး သင်တန်းကာလ လေးပတ်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

**ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် ကုတ္တိုင်းကျေးရွာ၌ အောက်တိုဘာ ၃ ရက်က မြို့နယ်စိုက်ပျိုးရေး ဦးစီးမှူးဦးသောင်းကြိုင်နှင့် ဒု-ဦးစီးမှူး ဒေါ်ရီရီဝင်းတို့ မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနည်းစနစ်များနှင့် မျိုးကွဲနုတ်ပယ်နည်းစနစ်များကို ရှင်းလင်းပြောကြားပြီး ဝန်ထမ်းများက လက်တွေ့လုပ်ဆောင်သည့် အခမ်းအနားကို ကုတ္တိုင်းကျေးရွာအုပ်စုရှိ တောင်သူ ဦးထွန်းတင်၏ ကွင်းအမှတ်-OSS၊ ဦးပိုင်အမှတ် ၁၃၂၀ တွင် စိုက်ပျိုးထားသော ဆင်းသုခ (RS-CS)မျိုးစေ့ထုတ် စိုက်ဧက ၂၀ အား ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ တောင်သူလယ်သမားများ လာရောက်လေ့လာကြစဉ်။**

ကျော်ကျော် (IPRD)

■



# လယ်ဧက ၆၀ အား အကျိုးပြုနေသည့် အိုင်မရိုး တစ်ဖက်ဆည်ကန် ထူးပေါက်



**မလှိုင် အောက်တိုဘာ ၆**
မလှိုင်မြို့နယ်တွင် စက်တင်ဘာနောက်ဆုံးအပတ်မှ အောက်တိုဘာ ၃ ရက်အထိ ညပိုင်း မိုးများအဆက်မပြတ်ရွာသွန်းခဲ့မှုကြောင့် အိုင်မရိုးကျေးရွာအုပ်စု ကွင်းအမှတ် (၁၂၈) ရှိ အိုင်မရိုး တစ်ဖက်ဆည်ကန်သည် အောက်တိုဘာ ၅ ရက် နံနက် ၆ နာရီခန့်တွင် ထူးပေါက်ပြီးရေများ လျှံထွက်နေကြောင်းသိရသည်။

အိုင်မရိုးတစ်ဖက်ဆည်ကန်ပေါင်၏ပေ တိုင် ၁၁၀၀ အကွာ ကန်ပေါင်အောက်ခြေတွင် အကျယ်လေးပေခန့်ရှိ ထူးပေါက်တစ်ခုဖြစ်ပေါ်ခဲ့ပြီး အဆိုပါထူးပေါက်မှ ရေများအဆက်မပြတ်လျှံထွက်နေပြီး တာပေါင်အောက်ဘက်ရှိ ရေလမ်းကြောင်းအတိုင်း စီးဆင်းသွားကြောင်း သိရသည်။

ယင်းကန်ထူးပေါက်ရာနေရာသို့ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်လွင်၊ ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနတို့မှ တာဝန်ရှိသူများ၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့ဝင်များ သွားရောက်ခဲ့ပြီး ရေလျှံထွက်နေသည့်ထူးပေါက်ကို အမြန်ဆုံးပိတ်ဆို့နိုင်ရန် ဒေသခံရွာသားများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့သည်။

အဆိုပါကန်ကို ၂၀၁၄ ခုနှစ်တွင် ဆည်မြောင်းဦးစီးဌာနမှ ပြန်လည်ပြုပြင်တည်ဆောက်ပေးခဲ့ပြီး ကျေးရွာကန်ကော်မတီက ထိန်းသိမ်းထားသောကန်ဖြစ်သည်။ စိုက်ပျိုးမြေလယ်ဧက ၆၀ ကို ရေပေးဝေနိုင်သည့်အပြင် ကျွဲ၊ နွားတိရစ္ဆာန်များ သောက်သုံးနေသည့်ကန်ဖြစ်သည်။ ကန်တာပေါင်အလျားမှာ ပေ ၁၂၀၀၊ အမြင့် ၁၃ ပေ၊ ထိပ်ပြင်အကျယ် ၁၄ ပေ ရှိကြောင်း သိရသည်။

**အောင်ဌေး(မလှိုင်)**

## ဒါနသွေး သွေးလှူရှင်အဖွဲ့ (၂၈) ကြိမ်မြောက် သွေးလှူဒါန်းပွဲကျင်းပ

**စဉ့်ကိုင် အောက်တိုဘာ ၆**
မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် သစ်ခေါက်အုပ်စုမှ ကြီးမှူး၍ ဒါနသွေး သွေးလှူရှင်အသင်း၏ (၂၈) ကြိမ်မြောက် သွေးလှူဒါန်းပွဲကို မန္တလေးမြို့ ဗဟိုအမျိုးသမီးဆေးရုံ၌ အောက်တိုဘာ ၅ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့အသင်းကြီးရဲ့ (၂၈) ကြိမ်မြောက်သွေးလှူဒါန်းပွဲအနေနဲ့ မန္တလေးဆေးရုံကြီး၊ သွေးလှူဘဏ်၊ ဗဟိုအမျိုးသမီးဆေးရုံ၊ မန္တလေးမြို့ ကလေးဆေးရုံ ခုတင် (၅၅၀)၊ ကျောက်ဆည်ဆေးရုံ၊ စဉ့်ကိုင်ဆေးရုံတွေကို လူမျိုးဘာသာမရွေး လှူဒါန်းပေးမှာဖြစ်ပါတယ်" ဟု ဒါနသွေး သွေးလှူအသင်းဥက္ကဋ္ဌ ဦးတင်ဦးက ပြောသည်။ အဆိုပါ ဒါနသွေး သွေးလှူရှင်အသင်းကို ၂၀၁၂ ခုနှစ်ကစတင်တည်ထောင်ပြီး အသင်းသူ၊ အသင်းသား ၁၀၀ ကျော်ဖြင့် ဖွဲ့စည်းခဲ့ပြီး ယခုအခါ သက်တမ်းလေးနှစ်ရှိပြီဖြစ်သည်။

**ဖိုးအောင်(စဉ့်ကိုင်)**

## ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကိုယ်ဝန်ဆောင်မိခင်များကို ပေါင်ချိန်ပေးခြင်းနှင့် ကလေးသူငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေးထိုးခြင်းဆောင်ရွက်ပေး

**ဖန်းမောက် အောက်တိုဘာ ၆**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့်ကလေးကျန်းမာရေးဌာန၌ အောက်တိုဘာလ ၄ ရက် နံနက် ၁၀ နာရီက ကလေးငယ်များအား ငါးမျိုးစပ်ကာကွယ်ဆေးထိုးခြင်း လုပ်ငန်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထို့နောက် အသက်နှစ်လမှ တစ်နှစ်ခွဲအရွယ်ထိ ကလေးငယ်များအား ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးပြီး ဗီတာမင်အာဟာရပြည့်ဝမှုရှိစေရန်အတွက် ဗန်းမောက်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန မိခင်နှင့် ကလေးကျန်းမာရေးဌာနမှ သူနာပြုဆရာမ ဒေါ်သန်းသန်းဌေးနှင့် အဖွဲ့ဝင်များက ကလေးငယ်များအား ပေါင်ချိန်ပေးပြီး အသက်နှစ်လမှ ရှစ်လအထိ အသည်းရောင်အသားဝါ(ဘီ)၊ ဦးနှောက်အမြှေးရောင်၊ အဆုတ်ရောင်(ငါးမျိုးစပ်ကာကွယ်ဆေး) ပိုလီယိုအစက်ချဆေးအသက်ကိုးလမှတစ်နှစ်ခွဲထိ ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးတို့ကိုထိုးပေး၍ မြို့ပေါ်သုံးရပ်ကွက်နှင့် ကျေးရွာအုပ်စုများမှကိုယ်ဝန်ဆောင်မိခင်များကိုလည်း ပေါင်ချိန်ပေးခြင်းကာကွယ်ဆေးများ ထိုးပေးခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**

## အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် နော်ဝေးအခြေစိုက် လူမှုကူညီရေးအဖွဲ့တို့ ပူးပေါင်း၍ နိုင်ငံသားစိစစ်ရေးကတ်ပြားများပြုလုပ်ပေး

**ရေး အောက်တိုဘာ ၆**
မွန်ပြည်နယ် ရေးမြို့နယ်အတွင်းရှိ အခြေခံပညာစာသင်ကျောင်း ၁၀ ကျောင်းမှ ကျောင်းသား/သူ ၁၃၀၀ ခန့်ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် နော်ဝေအခြေစိုက်လူမှုကူညီရေးအဖွဲ့(NRC)မွန်ပြည်နယ်တို့ ပူးပေါင်းကာအခမဲ့ နေ့ချင်းပြီးဆောင်ရွက်ပေးနေကြောင်း သိရသည်။

အဆိုပါ (NRC) နော်ဝေအခြေစိုက်လူမှုကူညီရေးအဖွဲ့မှ ရေးမြို့နယ် ကွင်းဆင်းတာဝန်ခံ ဒေါ်သန္တာစိုးက "ကွင်းဆင်းလုပ်ဆောင် ပေးနေတဲ့ အချိန်မှာ ကျောင်းကတာဝန်ရှိသူတွေအပြင် ကျေးရွာအဆင့်ထိ ကျေးလက်နေ ပြည်သူတွေအနေနဲ့ နိုင်ငံသားစိစစ်ရေး ကတ်ပြားနဲ့ဆိုင်တဲ့သတင်းအချက်လက်တွေကို ကိုယ်တိုင်ကိုယ်ကျ စုံစမ်းမေးမြန်းပြီး တာဝန်ရှိသူတွေနဲ့ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်မှ ပိုမိုပြီးစီးအောင်မြင်လာမှာဖြစ်ပါတယ်"ဟု ပြောသည်။

**ထွန်းထွန်း(ရေး)**

## ဆေး ကျောင်းသား၊ ကျောင်းသူများ ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ (အခမဲ့)ကွင်းဆင်းဆောင်ရွက်

**ရပ်စောက် အောက်တိုဘာ ၆**
ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် ဆေးတက္ကသိုလ်(၂) နောက်ဆုံးနှစ်အပိုင်း(က)မှ ဆေးကျောင်းသား၊ ကျောင်းသူများသည် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများ (အခမဲ့) ကွင်းဆင်းဆောင်ရွက်ခြင်းလုပ်ငန်းကို မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ကျန်းမာရေးဌာနတွင် အောက်တိုဘာ ၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရပ်စောက်မြို့မရှိ အသက် ၆၀ နှစ်နှင့်အထက် သက်ကြီးရွယ်အို အဖိုး၊ အဖွားများ၏ ကျန်းမာရေးအခြေအနေများ စမ်းသပ်စစ်ဆေးပေးခြင်း၊ လိုအပ်သောဆေးဝါးကုသမှုများအားအခမဲ့ကွင်းဆင်းဆောင်ရွက်ခဲ့ရာ အဖိုး၊ အဖွား ၅၀ ဦးခန့်လာရောက်ကုသခံခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## ကမ္ဘာ့ဘဏ်မှ ကွန်ကရစ်လူသွားလမ်းတံတားတည်ဆောက်နေမှု အခြေအနေများအား လာရောက်စစ်ဆေး

**ကျွန်းစု အောက်တိုဘာ ၆**
ကျွန်းစုမြို့နယ် တောပြားကြီးကျေးရွာအုပ်စု ပန်းဇင်ကျေးရွာတွင် ကမ္ဘာ့ဘဏ်၏အကူအညီဖြင့် ကျွန်းစုမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးရေးဦးစီးဌာနမှ တာဝန်ယူအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်း၏ တတိယနှစ်စက်ဝန်းတွင် ပန်းဇင်ကျေးရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော စီမံကိန်းလုပ်ငန်းခွဲဖြစ်သည့် အလျား ပေ ၉၁၀၊ အကျယ် ရှစ်ပေရှိ ကွန်ကရစ်ခင်းလူသွားလမ်းတံတားကို ကမ္ဘာ့ဘဏ်မှ ထောက်ပံ့ငွေကျပ်သိန်း ၈၀၊ ပန်းဇင်ကျေးရွာနေပြည်သူများထည့်ဝင်ငွေကျပ်သိန်း ၄၀၀ စုစုပေါင်း သိန်း ၅၀၀ ခန့်တန်ဖိုးရှိ အဆိုပါလုပ်ငန်းကို ကမ္ဘာ့ဘဏ်မှ တာဝန်ရှိသူများက အောက်တိုဘာ ၄ ရက်က လာရောက်ကြည့်ရှုခဲ့ကြောင်း သိရသည်။

အဆိုပါလုပ်ငန်းကို မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကမ္ဘာ့ဘဏ်မှ ဩစတြေးလျနိုင်ငံသား MR.WIGDER NOFER နှင့် အမေရိကန်နိုင်ငံသူ MRS. SUSANELIZ-ABET WONG၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန (ရုံးချုပ်)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းမင်းထွန်း၊ မြို့နယ်ကျေးလက်ဦးစီးဌာန ဦးစီးမှူး ဦးသန်းထွန်းဦးနှင့် ဝန်ထမ်းများအဖွဲ့မှ ၎င်းတို့၏ လုပ်ငန်းဆောင်ရွက်ထားရှိမှုအခြေအနေများအား ကြည့်ရှုစစ်ဆေး၍ ရွာသူ၊ ရွာသား ၃၀ ခန့်ဖြင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွင် တွေ့ဆုံခဲ့ကြပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆွေးနွေးခဲ့ကြသည်။

**ကျွန်းစု(ပြန်/ဆက်)**

## အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေး(မွမ်းမံ)သင်တန်း (၁/၂၀၁၆) မြင်းမူမြို့နယ်တွင် ဖွင့်လှစ်

**မြင်းမူ အောက်တိုဘာ ၆**
မီးဘေးအန္တရာယ်ဖြစ်ပွားမှုများကို အချိန်မီကယ်ဆယ်ငြိမ်းသတ်ရေးနှင့် သဘာဝဘေးများကျရောက်လာပါက ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများကို ကျွမ်းကျင်စွာ ပြုလုပ်ဆောင်ရွက်နိုင်ရေး ရည်ရွယ်လျက် အရန်မီးသတ်တပ်ဖွဲ့ဝင်များ လေ့ကျင့်ရေးမွမ်းမံသင်တန်းဖွင့်ပွဲကို အောက်တိုဘာ ၄ ရက်က စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ထီးဆောင်းကျေးရွာ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်ပြီး အဖွင့်အမှာစကားပြောကြားသည်။ ယင်းနောက် မြင်းမူမြို့နယ် မီးသတ်ဦးစီးဌာနစခန်းမြို့နယ်ဦးစီးမှူး ဦးဝေမင်းထွန်းက သင်တန်းတွင် သင်ကြားမည့်ဘာသာရပ်များ၊ မြေပြင်လက်တွေ့မီးငြိမ်းသတ်ခြင်းဆောင်ရွက်မှုများအား သင်ကြားပေးမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းသင်တန်းနှင့်ပတ်သက်၍ ထီးဆောင်းကျေးရွာမှ သင်တန်းသားတစ်ဦးက "သဘာဝဘေးဆိုတာကတော့ အများကြီးပေါ့၊ မီးလောင်မှုကတော့ အဆိုးဆုံးပဲထင်ပါတယ်။ ရွာမှာလည်း လူငယ်တွေ နွေရာသီမှာ မီးကင်းစောင့်ပါတယ်။ ရွာထဲလှည့်ပြီး သတိပေးဆော်ဩတာပေါ့၊ ရွာမှာလည်း မကြာခင်ကပဲ မီးသတ်ကားတစ်စီး ရထားပြီးပါပြီ။ လက်တွေ့ကိုင်တွယ်အသုံးချနိုင်အောင် သင်ကြားပေးတာဆိုတော့ ကျွန်တော်တို့ရွာအတွက် တန်ဖိုးအလွန်ရှိပါတယ်။ တတ်အောင်လဲသင်မှာပါ" လို့ ပြောပြခဲ့သည်။

ယခုဖွင့်လှစ်မည့်သင်တန်းသို့ ထီးဆောင်းကျေးရွာ၊ ကန်တော်၊ ကန်ဖျားကျေးရွာနှင့် အမှတ် ၁ ရပ်ကွက်တို့မှ သင်တန်းသား ၅၀ တက်ရောက်သင်ကြားမည်ဖြစ်သည်။

သင်တန်းကာလမှာ စုစုပေါင်း ရက် ၂၀ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဖေ(ပြန်/ဆက်)**

## ကွမ်းဈေးနှုန်းများကျဆင်းနေခြင်းကြောင့် ကွမ်းစိုက်တောင်သူများ အရှုံးပေါ်



**မြင်းခြံ အောက်တိုဘာ ၆**
မြင်းခြံမြို့နယ်အတွင်းရှိ မြင်းခြံ-ညောင်ဦးသွားလမ်းဘေး (ဝဲ၊ ယာ) များတွင် တစ်နိုင်တစ်ပိုင်ကွမ်းစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသည့် တောင်သူများ ယခုနှစ် မိုးသည်းထန်စွာရွာသွန်းမှုများကြောင့် ကွမ်းခြံလုပ်ငန်းလုပ်ကိုင်ရာတွင် အခက်အခဲများနှင့် ကြုံတွေ့နေရပြီး ကွမ်းရွက်ဈေးနှုန်းမှာလည်း လွန်စွာကျဆင်းနေမှုများကြောင့် ကွမ်းစိုက်ပျိုးသည့်တောင်သူများ အရှုံးပေါ်နေကြောင်း သိရသည်။

"အခုလို မိုးတွင်းကာလမှာ ကွမ်းခြံလုပ်ငန်းက သိပ်ပြီးတွက်ခြေမကိုက်ပါဘူး၊ ဘာဖြစ်လို့လဲဆိုတော့ မိုးတွင်းကာလဖြစ်တဲ့အတွက် အခုလိုမျိုး မိုးရွာသွန်းမှုတွေများနေမယ်ဆိုရင် လုပ်ငန်းလုပ်ကိုင်ရတာ အခက်အခဲဖြစ်ရတယ်၊ နောက်ပြီး အခုအချိန်ရောင်းရတဲ့ ကွမ်းရွက်ဈေးနှုန်းကလည်း အရင်ကထက် အဆမတန်ဈေးနှုန်းကျဆင်းနေတဲ့အတွက်ကြောင့် ကွမ်းစိုက်တောင်သူတွေ အရှုံးပေါ်နေကြပါတယ်။ ကျွန်တော့်ရဲ့ကွမ်းခြံဆိုရင် ကွမ်းခူးမရောင်းဘဲ ကွမ်းပင်တွေကို ခွေပြီးတော့ကိုထားတာပါ" ဟု မြင်းခြံ-ညောင်ဦးလမ်းဘေး၊ မြင်းခြံမြို့ အဝင်အနီး ကွမ်းစိုက်တောင်သူတစ်ဦးက ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ပြောက်အိုးဖောက် မီးရှူးမီးပန်းပစ်လွှတ်ခြင်းတွေ မတားဆီးတော့ဘူးလား

ဆူးငှက်

အခုမှ သီတင်းကျွတ်လဆန်းပဲရှိသေး၏။ မန္တလေးမှာ ပြောက်အိုးသံတွေက လေးပြင်လေးရပ်မှာဆူညံနေသည်။အစစအရာရာ အပြောင်းအလဲကာလတွင် စိုးရိမ်ထိတ်လန့်မှုများမဖြစ်စေရေး သတိဝီရိယနှင့် စောင့်ကြည့်နေရသောကာလတွင် ပြောက်အိုးသံများက စိတ်အနှောင့်အယှက် ဖြစ်ကြရသည်။ တရုတ်ပြည်ဖြစ် ပြောက်အိုး မီးရှူးမီးပန်းတွေကလည်း ဈေးကွက်ကြီးဖြစ်ရုံမက မြေပြင်ကို တုန်ဟည်းသွားစေသည့် အင်အားပြင်း ပြောက်အိုး မီးရှူး မီးပန်းတွေလည်း လွှတ်လွှတ်လပ်လပ် ဖောဖောသီသီ ရောင်းဝယ် ပစ်လွှတ်နေကြသည်။

မန္တလေးမှာက သီတင်းကျွတ်ကို အကြောင်းပြု၍ ပြောက်အိုးများ ဖောက်ကြတာက အစဉ်အလာဟုပင် အမှတ်မှားနေကြ၏။ ထိုမျှမက အရပ်ဆိုး အကျည်းတန်စေသည်က လပြည့်ကဲ့သို့ နေ့ထူးနေ့မြတ်၌ ဆိုင်ကယ်များ အုပ်စုဖွဲ့၍ လီဘာပေးကာ မောင်းနှင်အော်ဟစ်မှုများ၊ လမ်းသွားလမ်းလာနှင့် လမ်းနံဘေးအိမ်များအတွင်းရှိ မိန်းမပျိုများထံ အားပြင်းပြောက်အိုးနှင့် မီးရှူးမီးပန်းတို့ ပစ်သွင်းနောက်ပြောင်မှုများ၊ များပြားလာခြင်းဖြစ်သည်။ “လွန်ခဲ့တဲ့ လေးနှစ်လောက်ကစပြီး သီတင်းမကျွတ်ခင်ကတည်းက ပြောက်တွေ သောင်းကျန်းတယ်။ အလုပ်သွား အလုပ်ပြန်မှာကိုပဲ ပြောက်တွေနဲ့ အကြိမ်ကြိမ်ပစ်တာခံရတယ်။ ဆိုင်ကယ်တွေနဲ့ အုပ်စုဖွဲ့ပြီး သောင်းကျန်းကြတာပါ။ သက်ဆိုင်ရာက စည်းကမ်းထုတ်ပေမယ့် မလိုက်နာကြဘူး။ အချို့ပြောက်အိုးတွေက အင်အားပြင်းတော့ သက်ကြီးရွယ်အိုနဲ့ ဝေဒနာရှင်တွေမှာ အသက်ပျောက်သည်အထိ လန့်ဖျပ်တာမျိုးကြုံရတယ်။ သီတင်းကျွတ်လဆန်း ၁၄ ရက်ညနဲ့ လပြည့်ညတွေမှာ အဆိုးဆုံးပါ။ ဗုဒ္ဓဘာသာရဲ့ အထွတ်အမြတ် နေ့ထူးနေ့မြတ်မျိုးမှာ ဒီလိုရိုင်းပျ မဖွယ်ရာတွေ လုပ်ဆောင် အကြမ်းဖက်မှုမျိုးတွေဟာ ယဉ်ကျေးတဲ့လူ့ဘောင်နဲ့ မဆီလျော်တော့ပါဘူး”ဟုလည်း ရုံးဝန်ထမ်း မန္တလေးသူတစ်ဦးက ရင်ဖွင့်စကားဆို၏။ ပြောက်အိုးဆိုတာ သူတို့တိုင်းပြည်မှာ နှစ်သစ်ကူးချိန် မကောင်းဆိုးဝါး နှင်ထုတ်ဖို့ဖောက်တာ မဟုတ်လား။ အခု ဒီမှာက မြတ်စွာဘုရားတာဝတိံသာက ဆင်းလာတာ ပြောက်အိုးဖောက်တော့ ကြိုဆိုပူဇော်ရမယ့်အစား နှင်ထုတ်နေတာနဲ့မတူဘူလားဟုလည်း တော်သလင်းလမကုန်မီကတည်းက ပြောက်အိုးသံ နားမခံနိုင်သော အငြိမ်းစားကျောင်းဆရာကြီးတစ်ဦးက ညည်းတွား၏။

တကယ်တော့ မန္တလေးဝန်းကျင်က သီတင်းကျွတ်ပွဲတော်ကို ပိုမိုအားပြု ဆင်နွှဲကြသည့် အစဉ်အလာက ရတနာပုံခေတ်ကတည်းက ဖြစ်သည်။ ဘုရားရှင်၏ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတ နတ်သားအား အဘိဓမ္မာတရားရေအေး တိုက်ကျွေးပြီးနောက် တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာသောအခါ သင်္ကဿနဂိုရ်မှ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ကြိုဆို ကန်တော့ကြသည့် အစဉ်အလာအတိုင်း ကျင်းပကြခြင်းဖြစ်သည်။

မန္တလေးတွင် သီတင်းကျွတ်ပွဲတော်နှင့် တစ်ဆက်တည်း ဘုရားပွဲတော်များ စတင်သည်နှင့် အငြိမ့်တွေ ဇာတ်တွေကလည်း ကပြကြရမည့် သေတ္တာဖွင့်ပွဲအတွက် ကြိုတင်ပြင်ဆင်ကြသည်။ မန္တလေးတွင် မြို့မတည်မီကတည်းက တည်ရှိခဲ့သော ဘုရား၊ စေတီကြီးများ၊ ဥပမာ မဟာမုနိ၊ ဘုရားသုံးဆူ၊ အိမ်တော်ရာ၊ ရွှေကျီးမြင်၊ အရိပ်မထွက်၊ ဘုရားနီ၊ ချမ်းသာရ . . . စသည့်အပြင် မန္တလေးမြို့နှင့်အတူ တည်သောဘုရားစေတီတော်ကြီးများ၊ ဥပမာ ကျောက်တော်ကြီး၊ စန္ဒာမုနိ၊ မဟာလောကမာရဇိန်ကုသိုလ်တော်၊ သကျသီဟ . . . စသည်တို့၏ ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးများကို သတ်မှတ်ထားသည့်ရက်များတွင် ကျင်းပသည့်ပွဲတော်ကြီးများမို့ ‘ဂေဇက်ရ ဘုရားပွဲတော်များ’ ဟုခေါ်ဆိုကြ၏။ ထို့ပြင် ရပ်ကွက် ဓမ္မာရုံအသီးသီး၏ ဘုရားပွဲတော်များမှာလည်း သီတင်းကျွတ် လဆန်းသည်နှင့် ကျင်းပကြရာ မလွန်ကြက်သွန်တန်း ဓမ္မာရုံဘုရားပွဲ၊ တရုတ်တန်းရှေ့တော်ပြေးဝင်း ဓမ္မာရုံဘုရားပွဲများပြီးနောက် သီတင်းကျွတ်လဆန်း ၁၀ ရက် ၁၁ ရက်နေ့များတွင် မြို့လယ် ၈၂လမ်း ၂၉ လမ်းနှင့် လမ်း၃၀ ကြားရှိ ဘုရားသုံးဆူ ဘုရားပွဲတော်ကို စတင်ကျင်းပသည်။

ထိုသို့ မလွန်ကြက်သွန်တန်း ဓမ္မာရုံပွဲ၊ ရှေ့တော်ပြေးဝင်းဓမ္မာရုံပွဲနှင့် ဘုရားသုံးဆူပွဲတော်များမှစ၍ သီတင်းကျွတ်အကြိုအဖြစ် ဘုရားပွဲတော်ဂေါစရဂမ်ရပ်ကွက်ရှိ အိမ်အသီးသီးက မီးရောင်စုံများထွန်းညှိကြ၏။ အဆိုပါ ဘုရားပွဲတော်များတွင် မန္တလေးမှ ဇာတ်၊ အငြိမ့်၊ တီးဝိုင်းများသာမက စည်တော်ကြီးအဖွဲ့များပါ စတင်ကပြတီးမှုတ်ဖျော်ဖြေကြသည်။ ထို့နောက် သီတင်းကျွတ်လဆန်း ၁၁ ရက် ၁၂ ရက်နေ့တို့တွင် ဈေးချိုတော်အနောက်ဘက်ရှိ မဟာလောကရံသီအိမ်တော်ရာဘုရားပွဲ၊ သီတင်းကျွတ်လဆန်း ၁၃ ရက် ၁၄ ရက်တို့တွင် အောင်နန်းရိပ်သာရပ်ရှိ မဟာသကျသီဟဘုရားပွဲ၊ အဆိုပါ သီတင်းကျွတ်လဆန်း ၁၃၊ ၁၄ ရက်တို့တွင် မင်းတဲအီကင်းရပ်ရှိ ရတနာမဥ္ဇူဘုရားပွဲ၊ သီတင်းကျွတ်လဆန်း ၇ရက်နေ့မှ သီတင်းကျွတ်လပြည့်ကျော် ၂ ရက်အထိကျင်းပသော ကျောက်တော်ကြီး၊ မဟာလောကမာရဇိန် ကုသိုလ်တော်နှင့် စန္ဒာမုနိဘုရားပွဲတော်ကြီးများ ဆက်တိုက်ကျင်းပကြသည်။

မန္တလေးတွင် သီတင်းကျွတ်လဆန်း ၁၄ ရက်မှစ၍ လပြည့်နေ့နှင့် လပြည့်ကျော် ၁ ရက်နေ့အထိ မီးပူဇော်ကြသည်။ တာဝတိံသာမှ ဆင်းသက်ကြွရောက်လာသည့် ဘုရားရှင်ကိုရည်မှန်းပြီး ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သဖွယ်လည်း မီးစောင်းတန်းများ ထွန်းညှိကြသည်။ ဘုရားပွဲတော်



ကြီးများလည်း သီတင်းကျွတ်အခါသမယနှင့် တိုက်ဆိုင်ကျင်းပကြ၍ ဘုရားပွဲနှင့် စပ်ဆိုင်သော ရပ်ကွက်များကလည်း မီးရောင်စုံထွန်းညှိကာ ဆင်နွှဲကြသည်။ “ရှေးကတော့ သီတင်းကျွတ်ဘုရားပွဲတော်အမီ မီးပုံးချိုးကြတယ်။ မီးပုံးတွေကို အိမ်မှာ ကိုယ့်ဘာသာ ချိုးကြတာပါ။ ‘ဘီလူးမျက်ကွင်း’ လို့ခေါ်တဲ့ ခြောက်မြောင့်မီးပုံးတွေအများဆုံး ချိုးကြတယ်။ ပြီးတော့ မီးကြာခွက်တွေလည်း ကြိုပြီးပြုလုပ်ကြတယ်။ မီးကြာခွက်ဆိုတာက ဆီစိမ်စက္ကူကို ကြာဖူးကြာဖက်လို ကိုက်ညှပ်ပြီး အညာဖျင်ကြမ်း လက်သုတ်ပဝါကြားညှပ်၊ လက်ဖနောင့်နဲ့ ဖိတွန်းပြီး ကြာဖတ်လေးလိုခုံးပြီးတွန့်အောင် ပြုလုပ်ရတယ်။ ဆီမီးခွက်နှုတ်ခမ်းမှာ အဲဒီကြာဖက်လေးတွေ အထပ်ထပ်ကပ်ပြီး ဆီမီးပူဇော်ကြတာပါ။ အများစုက အဲလို ဆီမီးကြာခွက်တွေ၊ ဖယောင်းတိုင်နဲ့ထည့် ထွန်းတဲ့ စက္ကူမီးပုံးတွေ ချိုးပြီးထွန်းညှိကြတာပါ။ ဈေးချိုစီရုံထဲက မှန်ရောင်စက္ကူ ဆီစိမ်စက္ကူတွေဝယ်ပြီး ပြုလုပ်ကြတာပါ။ ပြီးတော့ ဖယောင်းတိုင် ထည့်ထွန်းတဲ့ ‘မီးလည်’တွေ လည်းပြုလုပ်ကြတယ်။ ‘မီးလည်ဆိုတာ အပေါ်က ဒလက်လို၊ ပန်ကာရွက်လို ဂျပ်နဲ့အဝိုင်းပြုလုပ်ပြီး ‘ဆလင်ဒါပြောင်းရှည်’ ပုံပါ။ ဆလင်ဒါပတ်ပတ်လည်မှာ အရုပ်တွေရေးဆွဲကြတယ်။ အဲဒီဆလင်ဒါထဲမီးထည့်ထွန်းပြီးလည်တယ်။ သမင်လေးတွေ လိုက်တမ်းပြေးတမ်း ကစားတဲ့ပုံတို့၊ အချို့ စိတ်ကူးစိတ်သန်းကောင်းသူတွေက အင်္ဂလိမာလချွတ်ခန်းတို့၊ မာရ်နတ်ဖျက်ဆီးခန်းတို့၊ သုဝဏ္ဏသာမလေးပစ်ခန်းတို့လို ဇာတ်တော်တွေလည်း ရေးဖွဲ့ကြတယ်။ ရပ်ကွက်ထဲတိုက်ကြီးတာကြီး ၁ လုံး ၂ လုံးလောက်ပဲ လျှပ်စစ်မီးလုံးနဲ့ မီးပူဇော်ကြတာပါ” ဟု မီးပုံးတွေကို ကိုယ်တိုင်လုပ်ခဲ့ဖူးသော အသက် ၈၀ အရွယ် မန္တလေးသားကြီးတစ်ဦးက ပြန်ပြောင်းပြောပြသည်။

သီတင်းကျွတ်ပွဲတော် အခါသမယသည် မန္တလေး၏ အထင်ကရဘုရားပွဲတော်ကြီးများ ကျင်းပသည့်အချိန်မို့ တစ်မြို့လုံး မီးရောင်စုံထိန်ထိန်ညီးဖြင့် စည်ကားသော်လည်း ယခင်က ပြောက်ဖောက်၍ ကာယိန္ဒြေပျက်စေမှုမျိုး အလျဉ်းမရှိခဲ့ပေ။ ဘုရားပွဲတော်ကြီးများနှင့် အပြိုင် ဈေးချိုဝါးတန်းရပ်၊ မြို့လယ်ရသာတန်းရပ်၊ မြောက်ပြင် ထားဝယ်ရပ်၊ အရှေ့ပြင် အောင်တော်မူရပ် စသည်ဖြင့် မီးထွန်းပွဲတော်ကြီးများ စည်ကားစွာ ကျင်းပ၍တစ်မြို့လုံးက ‘မီးလမ်းလျှောက်’ ဟူသော ခေါ်ဝေါ်မှုဖြင့် ခြေကျင်တစ်မျိုး၊ စက်ဘီးများဖြင့် တစ်သွယ်မိသားစုနှင့် ပျော်ရွှင်စွာသွားလာကြ၏။

သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် ဘုရားပွဲတော်များတွင် သက်ဆိုင်ရာ ရပ်ကွက်ခံများက လာသမျှ အယုတ်အလတ် အမြတ်မရွေး ဧည့်ခံကျွေးမွေးကြသည့် အစဉ်အလာရှိပုံကိုလည်း ‘မန္တလေးကဘုရားပွဲတော်တွေမှာ ကြာဆံဟင်း ကျွေးမွေးတာမျိုးရှိတယ်။ မန္တလေးဒေသထွက် နနွင်းမကင်း၊ ထိုးမုန့်၊ မာစကပ်၊ ခနဲ့ထုပ်၊ မုန့်လုံးကြီးဆီစိမ်စတာတွေလည်း ကျွေးတယ်။ ဘာပဲကျွေးကျွေးမပါမဖြစ်က ဆီးဖြူသီး၊ စောင်းလျားသီး ဆားရည်စိမ်နဲ့ ငါးပိကြော်နဲ့လက်ဖက်အကြော်စုံပါပဲ၊ အိမ်ပေါက်စေ့ဝင်စားလို့ရပါတယ်” ဟု ဈေးချိုသူတစ်ဦးက ပြောပြသည်။

မန္တလေးဘုရားပွဲအစဉ်အလာကား ဘုရားပွဲအဝင်ပထမနေ့ ယခုထက်တိုင် အစဉ်အလာမပျက် ရှိနေဆဲဖြစ်သော နန်းတော်ရှေ့စည်တော်ကြီးအဖွဲ့ ပါဝင်တတ်သည်။ ဇာတ်ပွဲထည့်သွင်းပါက ထိုနေ့မှာပင် ဇာတ်ပွဲစဝင်သည်။ ဇာတ်ပွဲကား နှစ်ညဆက်တိုက်ကသောကြောင့်ဖြစ်၏။ ဇာတ်ပွဲမပါဘဲ အငြိမ့်ပွဲဖြစ်ပါက တတ်နိုင်သော ဂေါပကနှင့် ဂေါစရဂဏ်ရှိ ဘုရားများတွင် ပထမနေ့မှာပင် အငြိမ့်တစ်ဖွဲ့ပါဝင်တတ်သည်။

ဘုရားပွဲကျင်းပရာလမ်းများ၊ ပြများတွင်ကား ဘုရားပွဲမတိုင်ခင် တစ်ပတ်ခန့်ကတည်းက ဘုရားပွဲဈေးသည်များ မုန့်သည်များရောက်ရှိကာ ယာယီဆိုင်ခန်းဆောက်လုပ်ပြီး နေရာယူနေကြပြီ။ ဘုရားပွဲဈေးသည်ဆိုသည်မှာ ကလေးကစားစရာ အရုပ်များ၊ ကြိမ်ကွင်းပစ်၊ သေနတ်ပစ်စသည့် ကစားပွဲဆိုင်များက အများစုဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်၏ ရှေ့ကာလများတွင် မန္တလေးဘုရားပွဲများ၊ ကလေးများအသည်းစွဲ ဈေးသည် တစ်မျိုးလည်း မပါမဖြစ်ပါဝင်ခဲ့၏။ ကျွန်းသားဖြင့် ကျကျနနစပ်ထားသော ပုံးကြီးနှစ်ပုံးကို ဆိုင်းထမ်းဖြင့်ထမ်းလာသည်။ ထိုပုံးကြီးမှာ တချို့တွင် ကနုတ်များ ကြိုးပေါင်များဖြင့်ပင် လက်သမားပညာစွမ်းကိုပြထားကြသည်။ ထိုပုံကြီးဘေးမှာ လေးလက်မခန့်အချင်းရှိသော မှန်ဘီလူးပေါက် သုံးပေါက်ပါရှိသည်။ ထိုမှန်ဘီလူးပေါက်များကို သံဖြူအပိတ်ဖြင့် ကျနစွာပိတ်ထားသည်။ ဘုရားပွဲဝင်းအတွင်း ထိုပုံးကြီးကို ဆင့်ထားသောအခါ မှန်ဘီလူးပေါက်က ကလေးတစ်ယောက် ဒူးထောက် ထိုင်ချလိုက်လျှင် မျက်စိနေရာနှင့် အံကျဖြစ်၏။ ပုံးပေါ်တွင် ဖယောင်းတိုင် သုံးတိုင်ခန့် ထွန်းညှိလိုက်သည်။

ထိုသို့သော ‘ခာတ်ပုံး’ (ခာတ်ပုံမဟုတ်ပါ)သည် များနေရာယူလိုက်သည်နှင့် ဆယ်ပြားစေ့လေးတွေ ကိုယ်စီကိုင်ထားသော ကလေးတစ်သိုက်ပုံးတွေ ရှေ့အလုအယက် နေရာယူလိုက်ကြ၏။ ဈေးသည်က မှန်ဘီလူးအဖုံးတွေ ဖွင့်ပေးလိုက်သည်နှင့် အငမ်းမရ မှန်ဘီလူးတွေဆီ မျက်လုံးကပ်လိုက်ကြရသည်။ မှန်ဘီလူးမှတစ်ဆင့် ပုံးအတွင်းမြင်ကွင်းကား အံ့သြဖွယ်ဖြစ်၏။ မန္တလေးကျုံးမြို့ရှိမြင်ကွင်းက ကနဦးပေါ်လာသည်။ ‘ခာတ်ပုံးသည်’က စည်းကလေးဖြင့်ပုံးကိုခတ်ရင်း “ဟောဒါက. . အောင်ကျော်ချမ်းအေး မန္တလေးတဲ့ ခင်ဗျ၊ အင်ကြင်းကြာအုံ ရတနာပုံလို့လည်း အမည်တွင်တဲ့ မန္တလေး. . .” ညာဘက်လက်က စည်းကိုကိုင်ရင်း ဘယ်ဘက်လက်က ပုံးနံဘေးရှိ ကြိုးစလေးကို ဆွဲလိုက်တော့ ရွှေတိဂုံရောင်စုံကားချပ် ပေါ်လာသည်။

ဤသို့ဖြင့် ခာတ်ပုံကားချပ် အမျိုးမျိုးကို မရိုးနိုင်အောင် ကြည့်ရှုကြရ၏။ ယခုလို ဂြိုဟ်တုစလောင်းခေတ်၊ အင်တာနက်ခေတ်မှာ ထိုကဲ့သို့သော ‘ခာတ်ပုံးသည်’ များကား အတိတ်ကားချက်များမို့ ပုံရိပ်တောင်အတော် စဉ်းစားဖမ်းယူနေရ၏။

သို့သော် မန္တလေးဘုရားပွဲဈေးမြင်ကွင်းကား လွန်ခဲ့သော နှစ် ၄၀ကျော် နှစ် ၃၀ ကျော်ကာလများနှင့် ‘ခာတ်ပုံးသည်’ များ မရှိတော့တာကလွဲလို့ သိပ်ပြီးကွဲပြား ထူးခြားသွားတာမျိုးတော့ဖြင့်မရှိ။ ဟိုးရှေးယခင်ကလိုပဲ ဝါးလုံးတွေထိုး၊ စင်ဆောက် ရောင်စုံကားလိပ်ဟောင်းနှင့် ကခုန်နေကြဆဲဖြစ်သည်။ အရင်ကတော့ ပြဇာတ်တွေ နှစ်ပါးသွားတွေ နောက်ပိုင်း ဇာတ်တွေပေ့။ အခုတော့ စတိတ်ရှိုးက နေရာယူလာသည်။ ဟိုးရှေးယခင်ကလိုပဲ အသင့်တပ်ဆင် သစ်သားအငြိမ့်စင်ကြီးတွေနှင့်ပဲ အငြိမ့်ကကြသည်။ ယခင်ကတော့ အော်ပရာနှင့် ယိမ်းနှင့် အငြိမ့်ခန်းနှင့် ပြဇာတ်နှင့်ပေ့။ အခု စတိတ်ရှိုးက နေရာယူလာသည်။

ဟိုးရှေးယခင်ကလိုပဲ ခဲလန်ချောင်းသည်၊ မုန့်သိုင်းခြုံသည်၊ မုန့်ဆီကြော်သည်၊ မုန့်လင်မယားသည်၊ ချွတာရေးမုန့်သည်၊ အမဲအူပြုတ်သည်၊ ဆိတ်ပုဆိုးကြမ်းဟင်းသည်၊ ကရေကရာသည်များ ပွဲဈေးတန်း တစ်လျှောက်ရှိနေဆဲဖြစ်သည်။ အသစ်တိုးလာတာက ရှမ်းခေါက်ဆွဲသည်၊ ဝက်သားဒုတ်ထိုးသည်၊ ထိုင်ဝမ်ပုလဲရေခဲမုန့်သည်တွေပဲဖြစ်သည်။ ပိုပြီး မထူးခြားတာက နဂိုရှိရင်းစွဲ မြန်မာ့မုန့်သည်များကား ရှေးကလည်း သူတို့ဘိုးဘွား၊ သူတို့မိဘများ၏ လက်ငုတ်ကိုပဲ မီးဖိုလေးအိုးကင်းလေးအသစ် အပြောင်းလဲကာ အစဉ်အလာမပျက် ဆက်လက်လုပ်ကိုင်နေခြင်းပ်ဖြစ်ပါသည်။

အခုတော့ ထိုကဲ့သို့သော အစဉ်အလာကောင်းတွေ ပျောက်ကွယ်ကုန်ပါပြီ။ မန္တလေး၏ သီတင်းကျွတ်ပွဲတော် အခင်းအကျင်းတွေက ပြောင်းလဲသွားပါ၏။ သို့သော် ဘယ်သူက စလိုက်သည့် အစဉ်အလာဆိုးမှန်းမသိ။ သီတင်းကျွတ်လမှ စကာရှိသေး ပြောက်အိုးသံတွေက အစဉ်အလာမပျက် ဆူညံလာကြပြီ။ ဘုရားရှင်၏ မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သားအား အဘိဓမ္မာတရားရေအေး တိုက်ကျွေးပြီးနောက် တာဝတိံသာနတ်ပြည်မှ ဆင်းသက်လာသောအခါ သင်္ကဿနဂိုရ်မှ ဆီမီးရောင်စုံများ ထွန်းညှိပူဇော်ကြိုဆိုကန်တော့ကြသည့် အစဉ်အလာအစား ပြောက်အိုးသံ မီးရှူး မီးပန်းသံတွေနှင့် အလန့်တကြားဖြစ်စေကာ ဘုရားရှင်အား နှင်ထုတ်သကဲ့သို့ တလွဲအစဉ်အလာဖြစ်နေတာ မတားဆီးကြတော့ဘူးလား။ နှစ်တိုင်းလိုပဲ မသိကြိုးကျွံပြုကာ ရိုးရာဟုပင် အသိအမှတ်ပြုနေကြဦးမှာလား။

ပြည်သူက ရွေးကောက်တင်မြှောက်လိုက်သော အစိုးရအနေနှင့် အများပြည်သူလူထုကို ထိတ်လန့်တုန်လှုပ် အနှောင့်အယှက်ပေးသည့် ပြောက်အိုး မီးရှူးမီးပန်းရောင်းဝယ်ဖောက်ကား ပစ်လွှတ်ခြင်းများကို ထိရောက်စွာအရေးယူရန် အရေးတကြီး လိုအပ်နေပါပြီ။

UNIQUE **UNIQUE STAR** TRAVELS & TOURS

| | | | | | | |
|---|---|---|---|---|---|---|
| Bangkok (6D / 5N) | Oct: 15, 22 | (400 $) | Europe | (15D / 14N) | Nov: 14 | (3900 $) |
| Phuket / Chiangmai | Oct: 15, 22 | (300$/400$) | America | (20D / 19N) | Nov: 22 | (5900 $) |
| Vietnam (6D / 5N) | Oct: 15, 22 | (320$ / 400$) | Australia | (10D / 9N) | Nov: 22 | (2900 $) |
| Vietnam-Cambodia (7D/6N) | Oct: 15 | (600 $) | Japan | (9D / 8N) | Nov: 22 | (2900 $) |
| S'pore-Malay (7D/ 6N) | Oct: 22 | (700 $) | Korea | (9D / 8N) | Nov: 14 | (1900 $) |
| Singapore / Bali | Oct: 15, 22 | (400$ / 500$) | Beijing | (9D/8N) | Oct: 22 | (1600 $) |
| Dubai (6D / 5N) | Oct: 22 / Nov: 25 | (1900 $) | Hongkong | (8D/ 7N) | Oct: 16 | (1400/1600 $) |

70/A,Kabaaye Pagoda Rd,Bahan Tsp. 09 540 1568,09 540 1569,09 514 8079,09 7310 9133,09 7310 9144.

GOLDEN STAR
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209200, 544383, 430480



FORWARD YGN
Travel & Tour
(ကျိုက်ထီးရိုးနေ့ ချင်းပြန်သီးသန့် ခရီးစဉ်)
(၆)ဦးလျှင်(၁)ဦးအခမဲ့
သီတင်းကျွတ်လပြည့်နေ့အထူး (15.10.2016)(16.10.2016)
နံနက်စာ၊ နေ့လယ်စာ၊ ညစာ၊ တောင်တက်ကား၊ Service Guide၊
အဆင့်မြင့် Air-Con Bus၊ အဆင့်မြင့် Restaurant၊
'စင်းလုံးငှားသီးသန့် တောင်တက်ကား' 35000
09-5089800, 09-33345545, 09-977890990

MYANMAR BUILD & DECOR
Building Materials, Interior, Furniture & Decor

6-8 OCT 2016 Myanmar Event Park, Yangon

Trade Day - (ကုန်သွယ်မှုနေ့) 6 - 7 October : 09.00 - 17.00 hrs.
Public Day - (အများပြည်သူနေ့) 8 October : 09.00 - 16.00 hrs.

- မြန်မာ့ဈေးကွက်တွင်း ပထမဆုံးအကြိမ် ဝင်ရောက်လာသည့် ထုတ်ကုန်များနှင့် ကုမ္ပဏီများအား တွေ့ဆုံလိုက်ပါ။
- သင်၏အာရုံကို SCG ၏ ထူးခြားသည့်အရည်သွေးမြင့်ထုတ်ကုန်များဖြင့် ဖြည့်စွက်လိုက်ပါ။
- သစ်လွင်သောမြန်မာပြည်အတွက် အနာဂတ်အဆောက်အဦနှင့် ဆောက်လုပ်ရေးပုံဖော်ခြင်း ဟောပြောပွဲ
- အဆောက်အဦဒီဇိုင်းနှင့် အတွင်းပိုင်းအလှဆင်ခြင်း ၂၀၁၆ ဟောပြောပွဲ

Organized by ICVeX Index Creative Village
Local organizer

myanmarbuilddecor www.myanmarbuilddecor.com

Tel : 09 788 239 635
09 795 398 020

Officially Supported by:
Ministry of Transport and Communications (MOTC)

Proudly Organized by:
Myanmar Computer Federation
MCF

eGOVERNMENT CONFERENCE & ICT EXHIBITION 2016

e-GOVERNMENT CONFERENCE & ICT EXHIBITION 2016

မြန်မာနိုင်ငံ ကွန်ပျူတာပညာဖွံ့ဖြိုးရေးကောင်စီ၏ ဦးဆောင်မှု နှင့် ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုဖြင့်

မြန်မာနိုင်ငံကွန်ပျူတာအသင်းချုပ် နှင့် ကွန်ပျူတာအသင်းများမှ ကျင်းပပြုလုပ်သော

e-Government Conference & ICT Exhibition 2016 (Nay Pyi Taw) ကို လာရောက်လေ့လာရန် ဖိတ်ခေါ်အပ်ပါသည်။

7 - 8 October 2016 [ Friday , Saturday ]

9:00 AM to 5:00 PM MICC - II , Nay Pyi Taw

Platinum Sponsor : HUAWEI, OMIDYAR NETWORK A WORLD OF POSITIVE RETURNS
Gold Sponsor : TDOC, MIT, ZTE
Silver Sponsor : MCC GROUP, ever plus

သက် ရှိ လော က တည် မြဲ ဖို့ သ ဘာ ဝ တော တွေ ထိန်း သိမ်း စို့

ကြော်ငြာ

GNC LIVE WELL
ဝါကျွတ်မှ
ကျန်းမာခြင်းလက်ဆောင်
GNC နှင့် ဝါရသြဖြိုးအောင်

Package 1
Mega Men 100's
Women Ultra 90's
7% OFF

Package 2
Mega Men 100's
Women Ultra 90's
Triflex 30's
10% OFF

Package 3
Taut Radiance (120 capsules)
Taut white 30's
Collagen Mask (5pcs)
10% OFF

Promotion Date : 7.10.16 to 16.10.16

www.facebook.com/GNCMyanmar
www.gnc-wynnland.com

PCC PARKWAY CANCER CENTRE
ကင်ဆာရောဂါဝေဒနာရှင်များအတွက်
ယခု အောက်တိုဘာလတွင် Dr Patricia Kho လာရောက်မည်ဖြစ်ပါသည်။

Chemotherapy Centre
အောက်တိုဘာလ (၁၂) ရက်
Tel 09 439 66666, 09 430 66666

iCare MEDICAL GROUP
အောက်တိုဘာလ (၁၃) ရက်
Tel 09 5136 584, 09 4311 9729

• လူနာသစ် လူနာဟောင်းများ ဆက်သွယ် စာရင်းပေးသွင်းနိုင်ပါပြီ။

Certificate in Financial Management — October 9th စမည်။
ဒေါ်ငွေငွေမြင့် B.Com (Hons)., M.Com., Cert in Government Financial Management
Sunday (4:30 pm to 7:30 pm)

Certificate in Project Management — October 20th စမည်။
ဦးသုရိန် (Mr. Surendra Verma) (MBA & IT, Staffardshire University,UK),Area Manager, ABE (UK)
Thurday & Friday (6:00 pm to 8:00 pm)

Certificate in Customer Service Management — October 22nd စမည်။
